မြန်မာ့အလင်း

၁၂၇၆ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၈ ခုနှစ်၊ နှောင်းတန်ခူးလဆန်း ၁၄ ရက်၊ ၂၀၀၇ ခုနှစ်၊ မတ် ၃၁ ရက်၊ စနေနေ့၊ အတွဲ(၄၆)၊ အမှတ် (၁၈၂)

စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

* ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည် ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ်ထားရှိ မွေးမြူသွားကြရန် အလွန်အရေးကြီးသည်။
* ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ် ထိန်းသိမ်း စောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည်။

မိုးလေဝသ အခြေအနေ ၃၁-၃-၂၀၀၇

နေပြည်တော်

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် တိမ်အနည်းငယ်ဖြစ်ထွန်းမည်။

ရန်ကုန်

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် အများအားဖြင့် သာယာမည်။

မန္တလေး

မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် တိမ်အနည်း ငယ်ဖြစ်ထွန်းမည်။

မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်ခင်ဇော် မြင်းခြံ-သာပေါင်း ကတ္တရာလမ်းသစ်နှင့် သာပေါင်းတံတားဖွင့်ပွဲတက်ရောက်အားပေး

နေပြည်တော် မတ် ၃၀

(၆၂)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် မြင်းခြံခရိုင် မြင်းခြံမြို့နယ် ခေါင်းကွဲကျေးရွာအနီးတွင် မြင်းခြံမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ရန်ပုံငွေဖြင့် ဖောက်လုပ်ခဲ့သည့် မြင်းခြံ-သာပေါင်း ကတ္တရာလမ်းသစ်ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့မွန်းလွဲ ၁နာရီ၂၅မိနစ်က အဆိုပါ လမ်းသစ်၌ကျင်းပရာ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော် တက်ရောက်ပြီး လမ်းသစ်အား ကြည့်ရှုစစ်ဆေးသည်။

တက်ရောက်

ဖွင့်ပွဲအခမ်းအနားသို့ တိုင်းအဆင့်ဌာနဆိုင်ရာ အကြီးအကဲများ၊ မြင်းခြံခရိုင် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးလှမိုးနှင့် ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ကြက်ခြေနီနှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ ရပ်မိရပ်ဖများ၊ ဒေသခံ ပြည်သူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အစီအစဉ်အရ မြင်းခြံမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ လက်ထောက်ညွှန်ကြားရေးမှူး ဦးသိန်းအောင်က လမ်းနှင့်ပတ်သက်သည်များကို ရှင်းလင်းတင်ပြသည်။

ဖွင့်လှစ်ပေး

ဆက်လက်၍ ဒေသခံပြည်သူလူထုကိုယ်စား မြင်းခြံမြို့နယ် ခေါင်းကွဲကျေးရွာမှ ဦးဌေးဝင်းက ကျေးဇူးတင်စကား ပြောကြားသည်။ ထို့နောက် မြင်းခြံခရိုင် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးလှမိုး၊ ခရိုင်ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းအတွင်းရေးမှူး ဦးအောင်ဇံနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ လက်ထောက်ညွှန်ကြားရေးမှူး ဦးသိန်းအောင်တို့က ကတ္တရာလမ်းသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

စာမျက်နှာ ၃ ကော်လံ ၁ ■

မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော် သာပေါင်းတံတားအား ဖြတ်သန်းကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ်တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြား စီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ပဲခူးမြို့တော်ခန်းမ အဆောက်အအုံသစ်ဖွင့်ပွဲ ကျင်းပ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကိုကို တက်ရောက်ဖွင့်လှစ်

နေပြည်တော် မတ် ၃၀

(၆၂)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် ပဲခူးတိုင်း ပဲခူးမြို့တော်ခန်းမ အဆောက်အအုံသစ်ဖွင့်ပွဲကို မတ် ၂၃ရက် နံနက် ၇နာရီခွဲက ပဲခူးမြို့ ဟံသာဝတီရပ်ကွက်ရှိ ပဲခူးမြို့တော်ခန်းမ အဆောက်အအုံသစ်၌ ကျင်းပသည်။ အခမ်းအနားသို့ ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်ကိုကို၊ တိုင်းအတွင်းရေးမှူး ဦးဖေသိန်းနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဖိတ်ကြားထားသူများတက်ရောက်ကြသည်။

ဖွင့်လှစ်

အစီအစဉ်အရ ရှေးဦးစွာ တိုင်းအတွင်းရေးမှူး ဦးဖေသိန်းနှင့် တိုင်းစည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူးဦးဆန်းမော်ခင်တို့က မြို့တော်ခန်းမ အဆောက်အအုံသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး တိုင်းမှူးဗိုလ်ချုပ်ကိုကိုက မြို့တော်ခန်းမ ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

လွှဲပြောင်း

ယင်းနောက် အခမ်းအနားကို မြို့တော်ခန်းမ အဆောက်အအုံသစ် အတွင်း ဆက်လက်ကျင်းပရာ မြို့တော်ခန်းမ ဆောက်လုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ကျော်က အဆောက်အအုံနှင့် ပတ်သက်သည့် စာရွက်စာတမ်းများကို တိုင်းအတွင်းရေးမှူး ဦးဖေသိန်းထံ လွှဲပြောင်းပေးအပ်သည်။

မှာကြား

ထို့နောက် ဦးဖေသိန်းက မြို့တော်ခန်းမဖွင့်ပွဲ အထိမ်းအမှတ်အလံများကို တိုင်းမှူးနှင့် တာဝန်ရှိသူများအားပေးအပ်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်ပြီးနောက် တိုင်းမှူးနှင့်တာဝန်ရှိသူများသည် မြို့တော်ခန်းမ အဆောက်အအုံသစ်ကို လှည့်လည်ကြည့်ရှုကြပြီး တိုင်းမှူးက တာဝန်ရှိသူများအား မြို့တော်ခန်းမပတ်ဝန်းကျင် သန့်ရှင်းသပ်ရပ်

စာမျက်နှာ ၃ ကော်လံ ၁ ❐

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၇ ခုနှစ်၊ မတ် ၃၁ ရက်)

မူးယစ်ဆေးဝါး ကင်းစင်ပပျောက်ရေး အမျိုးသားရေးတာဝန်အဖြစ် တိုက်ဖျက်ချေမှုန်း

ကုလသမဂ္ဂ မူးယစ်ဆေးဝါးနှင့် ပြစ်မှုဆိုင်ရာရုံး (UNODC)က ၂၀၀၇ခုနှစ် နှစ်ပတ်လည် အစီရင်ခံစာတွင် မြန်မာနိုင်ငံ၌ မူးယစ်ဆေးဝါးပပျောက်ရေးနှင့် HIV/AIDS ရောဂါ ကြိုတင်ကာကွယ်ကုသရေးလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်နိုင်သဖြင့် အောင်မြင်မှုများ ရှိခဲ့ကြောင်း ဖော်ပြထားသည်။

UNODC ၏ အစီရင်ခံစာတွင် ၂၀၀၆ ခုနှစ် ရွှေတြိဂံဒေသ ဘိန်းစစ်တမ်းအရ မြန်မာ၊ လာအိုနှင့် ထိုင်းနိုင်ငံတို့၏ ဘိန်းစိုက်ပျိုးထုတ်လုပ်မှုသည် ၂၀၀၅ ခုနှစ်ကထက် ၂၉ ရာခိုင်နှုန်း ကျဆင်းခဲ့ကြောင်း၊ မြန်မာနိုင်ငံတွင် ၁၉၈၈ ခုနှစ်က ဘိန်းစိုက်ပျိုးမှု ဟက်တာ တစ်သိန်းကျော်ရှိခဲ့ရာမှ ၂၀၀၆ခုနှစ်တွင် ဟက်တာနှစ်သောင်းကျော်သာ ကျန်ရှိတော့ကြောင်း ဖော်ပြထားသည်။

ရှမ်းပြည်နယ်(မြောက်ပိုင်း) အထူးဒေသ(၂) 'ဝ'ဒေသတွင် ဘိန်းကင်းမဲ့ဇုန်အဖြစ် ကမ္ဘာသိကြေညာနိုင်ခဲ့သည်။

UNODC နှင့် မြန်မာနိုင်ငံ မူးယစ်ဆေးဝါးထိန်းချုပ်ရေးအေဂျင်စီတို့ပူးပေါင်းမှုဖြင့် ကိုးကန့် ဒေသနှင့် 'ဝ'ဒေသရှိ ဘိန်းစိုက်ပျိုးမှု စွန့်လွှတ်ခဲ့သူ ဒေသခံပြည်သူများ၏ လယ်ယာမြေ ဖွံ့ဖြိုးရေးအတွက် ထောက်ပံ့ကူညီပေးခဲ့သည်။ ထို့အပြင် မူးယစ်ဆေးဝါးတိုက်ဖျက်ရေးဆိုင်ရာ ကုသခြင်း၊ ဆေးဖြတ်ခြင်းနှင့် ပညာပေးဆွေးနွေးခြင်းလုပ်ငန်းများကိုလည်း ပံ့ပိုးကူညီခဲ့သည်။

မြန်မာနိုင်ငံတွင် မူးယစ်ဆေးဝါးပပျောက်ရေး ၁၅နှစ် စီမံကိန်းကို ၁၉၉၉ ခုနှစ်မှ ၂၀၁၄ ခုနှစ်အထိ ငါးနှစ်စီမံကိန်းများ ချမှတ်ပြီး ထုတ်လုပ်မှုပပျောက်ရေး၊ သုံးစွဲမှုပပျောက်ရေးနှင့် တားဆီးနှိမ်နင်းရေးတို့ကို မဟာဗျူဟာ၊ နည်းဗျူဟာများဖြင့် ဖော်ဆောင်လျက်ရှိသည်။ ၂၀၀၂ ခုနှစ်မှစ၍ ဘိန်းအစားထိုး သီးနှံစိုက်ပျိုးရေး ပန်းတိုင်သစ်စီမံကိန်း ဆောင်ရွက်ခဲ့သည့်အပြင် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကိုပါ ဟန်ချက်ညီညီ ဆောင်ရွက်ခဲ့သည်။

မူးယစ်ဆေးဝါးထုတ်လုပ်မှု ပပျောက်ရေးအတွက် အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများ၏ မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးအဖွဲ့နှင့် သတင်းဖလှယ် ဆက်သွယ်ရေး၊ တရားခံလွဲလှယ်ရေးတို့ကို တိုးမြှင့်လုပ်ဆောင်လျက်ရှိသည်။

သို့ဖြစ်ရာ မြန်မာနိုင်ငံသည် အနာဂတ်၌ မူးယစ်ကင်းမဲ့နိုင်ငံဖြစ်ရေးအတွက် နိုင်ငံတကာ အဖွဲ့အစည်းများ၊ အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများနှင့်အတူ ပူးပေါင်းလက်တွဲပြီး မူးယစ်ဆေးဝါး ကင်းစင်ပပျောက်ရေးကို ယခုထက် ပိုမိုအောင်မြင်အောင် အမျိုးသားရေးတာဝန်အဖြစ် အားသွန်ခွန်စိုက် တိုက်ဖျက်ချေမှုန်းသွားမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပေသည်။ ။

ပြည်သူ့သဘောထား

- ✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✳ ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

အိန္ဒိယနိုင်ငံ မဇ္ဈိမ ဒေသ ဗုဒ္ဓဂယာမြေ မြတ်မဟာရှိ ဗုဒ္ဓဂယာ မြန်မာကျောင်း (မူလကျောင်းဟောင်း အနောက်ဘက်) တိုးချဲ့မြေနှစ်ဧက ဝယ်ယူရန်နှင့် သာသနိကအဆောက်အအုံများဆောက်လုပ်ရန်အတွက် ဦးစိန်ကြူးမိုင်အား ရည်စူး၍ ရန်ကုန်တိုင်း ရန်ကင်းမြို့နယ် အနောက်ရန်ကင်း (၅)ရပ်ကွက် တိုက်၉ အခန်း ၁၀၁ နေ ဒေါ်ခင်သူ၊ သမီး မကျင်ကျင်ဝင်း မိသားစုက အလှူငွေကျပ်တစ်သိန်းကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်းကျောင်းလမ်းနှင့် (ဂမုန်းပွင့် ဘေးလမ်း) အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်း ပဓာနနာယက ဦးဆောင်နာယက ဩဝါဒါစရိယ ဗုဒ္ဓဂယာ ဆရာတော် ဘဒ္ဒန္တဉာဏိန္ဒ (အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ) အိန္ဒိယနိုင်ငံ ပရဒေသီ သံဃနာယကအဖွဲ့ ဥက္ကဋ္ဌထံ ဆက်ကပ်လှူဒါန်းစဉ်။ (က–ပ)

အသင်း အထွေထွေ အတွင်းရေးမှူး ဦးဌေးဦး ကုန်းတောင်းကျေးရွာအုပ်စု အသင်းဝင်အဆိုပြုလွှာလက်ခံ

နေပြည်တော် မတ် ၃၀

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး ဦးဌေးဦးသည် မတ်၂၅ရက် မွန်းလွဲပိုင်းက မိတ္ထီလာခရိုင်နှင့် သာစည်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းအမှုဆောင်များ၊ အသင်းဝင်များနှင့်အတူ သာစည်မြို့နယ် ကုန်းတောင်းကျေးရွာရှိ ဘုန်းကံမြင့်ရှိန်၊ ကုန်းတောင်း မဟာသိမ်ဘုရားကို ဖူးမြော်ကြည်ညိုသည်။

ထို့နောက် အထွေထွေအတွင်းရေးမှူးနှင့်အဖွဲ့သည် ကုန်းတောင်းကျေးရွာ ရပ်မိရပ်ဖများ၊ ကျေးရွာလူထုနှင့် တွေ့ဆုံပြီး ကုန်းတောင်းကျေးရွာအုပ်စုရှိ ကျေးရွာလေးရွာမှ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းသို့ အသင်းဝင် စုပေါင်းအဆိုပြုလွှာပေးအပ်ပွဲ အခမ်းအနားသို့ တက်ရောက်၍ အမှာစကား ပြောကြားသည်။

လက်ခံ ရယူ

ထို့နောက် ကျေးရွာစည်းရုံးရေးမှူးများဖြစ်ကြသော ဦးတင်ညွန့်နှင့် ဦးဘိုဌေးတို့က အသင်းဝင်အဆိုပြုလွှာ ၁၂၇၈ စောင်ကို ပေးအပ်ကြရာ အထွေထွေအတွင်းရေးမှူး ဦးဌေးဦးက လက်ခံရယူသည်။

ဆက်လက်၍ သာစည်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းအတွင်းရေးမှူး ဦးစိုးမြင့်သိန်းက ကျေးရွာစာကြည့်တိုက်အတွက် စာအုပ်စာစောင်များကို လှူဒါန်းရာ ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌကလက်ခံသည်။

ယင်းနောက် လာမည့်စာသင်နှစ်အတွက် ကျောင်းသုံးစာအုပ်များကို မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းကလှူဒါန်းရာ ကျောင်းအုပ်ဆရာမကြီးများက လက်ခံကြသည်။

ကူညီပံ့ပိုး

ထို့နောက် ကျေးရွာလူထုက ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် စိုက်ပျိုးထုတ်လုပ်မှုတိုးတက်မြင့်မားရေးကိစ္စရပ်များတင်ပြကြရာ အထွေထွေအတွင်းရေးမှူးက ကူညီပံ့ပိုးပေးသည်။

အခမ်းအနားအပြီးတွင် အထွေထွေအတွင်းရေးမှူး ဦးဌေးဦးနှင့် အဖွဲ့သည် ကုန်းတောင်းကျေးရွာ သဘာဝရေလျှံတွင်းအား ပြင်ဆင်ထားရှိမှုနှင့် အသစ်ဆောက်လုပ်ထားသော မျိုးဆက်သစ်လူငယ် စာကြည့်တိုက်တို့ကို ကြည့်ရှုကာ လိုအပ်ချက်များ ဖြည့်ဆည်းပေးသည်။

ဆွေးနွေးခဲ့

ဆက်လက်၍ အထွေထွေ အတွင်းရေးမှူးသည် သာစည်မြို့နယ် အပျောက်ကျေးရွာအခြေခံပညာမူလတန်းကျောင်း၌ ရပ်မိရပ်ဖများ၊ ဆရာ ဆရာမများ၊ ကျေးရွာလူထုနှင့် တွေ့ဆုံ၍ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ကိစ္စများ ဆွေးနွေးခဲ့ကြောင်း သိရှိရသည်။

(သတင်းစဉ်)

ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးများ ပုသိမ်အသင်း(ရန်ကုန်)မှ ချီးကျူးဂုဏ်ပြု ပူဇော်ပွဲ

ရန်ကုန် မတ် ၃၀

ပုသိမ်အသင်း(ရန်ကုန်)မှ ၂၀၀၇ ခုနှစ် နိုင်ငံတော်မှ သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်ပူဇော်ခြင်းခံရသည့် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဘွဲ့တံဆိပ်တော်ရ အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တဩဘာသာဘိဝံသ ညောင်တုန်းမြို့၊ အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ ဘဒ္ဒန္တခေမိန္ဒ ပုသိမ်မြို့၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ ဘဒ္ဒန္တကုဒ္ဒိဉာဏာဘိဝံသ ကျုံပျော်မြို့၊ မဟာဂန္ထဝါစကပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ ဘဒ္ဒန္တသောဘိတ ပုသိမ်မြို့၊ မဟာဂန္ထဝါစကပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ ဘဒ္ဒန္တကုမာရ ငပုတောမြို့တို့မှ ဆရာတော်ကြီးငါးပါးနှင့် သာသနာနုဂ္ဂဟ ဘွဲ့တံဆိပ်တော်ရ အဂ္ဂမဟာသီရိသုဓမ္မသီင်္ဂီ ဒေါ်ကြည်ကြည်ဆွေ ရာသက်ပန် အသင်းဝင် ပုသိမ်အသင်း(ရန်ကုန်)၊ သီရိသုဓမ္မသီင်္ဂီ ဒေါ်ကျင်သိန်း ရာသက်ပန်အသင်းဝင် ပုသိမ်အသင်း(ရန်ကုန်) တို့အား ထပ်ဆင့် ချီးကျူးဂုဏ်ပြုပူဇော်ပွဲကို ဧပြီ ၁ ရက်(တနင်္ဂနွေနေ့) နံနက် ၈နာရီခွဲတွင် အမှတ်(၂၁/၄၃) စီ ကြားတောရလမ်း ဗဟန်းမြို့နယ် ရန်ကုန်မြို့ရှိ ရောဝတီတိုင်း ဓမ္မာရုံ၌ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။ ပုသိမ်အသင်း (ရန်ကုန်) အသင်းဝင်များ၊ ရောဝတီတိုင်းအတွင်းရှိ မြို့နယ်အသင်းမှ အမှုဆောင်များ၊ ဓမ္မမိတ်ဆွေများ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ ကြွရောက် ကြည်ညိုကုသိုလ်ယူကြပါရန်နှင့် ချီးကျူးဂုဏ်ပြုပူဇော်ပွဲ အကြိုအဖြစ် မတ် ၃၁ရက် (စနေနေ့) ညနေ ၃ နာရီမှ ၆ နာရီအထိ ပုသိမ်အသင်း (ရန်ကုန်)၏ အမှုဆောင်နာယက ဆရာမင်းယုဝေက အသင်းဝင်များအား နိဗ္ဗာန်ရောက်ကြောင်း ဝိပဿနာရှုမှတ်နည်းကို ရောဝတီတိုင်း ဓမ္မာရုံ၌ ဟောကြားမည်ဖြစ်သည်။ ပူဇော်ပွဲအတွက် လှူဒါန်းလိုပါက ဥက္ကဋ္ဌ ဦးစိုးဟန်လင်း ဖုန်း–၀၉–၈၀၂၃၃၀၇၊ အတွင်းရေးမှူး ဦးကျော်ကျော်ဝင်း ဖုန်း–၀၉ ၅၀၀၆၁၂၈၊ ဘဏ္ဍာ ရေးမှူး ဦးလေးတင့် ဖုန်း–၂၂၁၉၇၈၊ ပုသိမ်အသင်း(ရန်ကုန်)ဖုန်း–၃၇၉၂၅၈ နှင့် အမှုဆောင်များထံ ဆက်သွယ် လှူဒါန်းနိုင်ကြောင်း သိရသည်။

(က–ပ)

ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် ငုဝါလမ်း (ဖူးပွင့်အောင်ပွဲရုံ) အမှတ် စ–၂၂နေ ဦးမြင့်လွင်၊ ဒေါ်နီနီဝင်း မိသားစုတို့က ဆေးပဒေသာပင်ငွေကျပ် သုံးသိန်းကို နှင်းဆီကုန်းဘိုး ဘွား ရိပ်သာ အုပ်ချုပ်ရေးအဖွဲ့ တွဲဖက်ဘဏ္ဍာရေးမှူး ဦးမောင်မောင်ကြီးထံ ပေးအပ် လှူဒါန်းစဉ်။ (က–ပ)

မြဝတီရုပ်မြင်သံကြား

၃၁–၃–၂၀၀၇ (စနေနေ့)

နံနက်ပိုင်း

၇း၀၀	၁။	မြဝတီအဖွင့်
၇း၀၅	၂။	အဖွင့်သီချင်း
၇း၁၀	၃။	မျိုးချစ်တပ်မတော်
၇း၁၅	၄။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၂၅	၅။	မြန်မာသံစဉ်ချိုနားဝင်
၇း၃၅	၆။	မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၇း၄၀	၇။	သာယာသီကြွေးခေတ်ဆန်းတေး
၇း၅၀	၈။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈း၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀	၁၀။	ဖွံ့ဖြိုးသာယာပြည်မြန်မာ

နေ့လယ်ပိုင်း

၁၂း၀၀	၁။	မြဝတီအဖွင့်
၁၂း၀၅	၂။	အဖွင့်သီချင်း
၁၂း၁၀	၃။	မျိုးချစ်တပ်မတော်
၁၂း၂၀	၄။	သာယာသီကြွေးခေတ်ဆန်းတေး
၁၂း၂၅	၅။	ကျန်းမာသုတ
၁၂း၃၀	၆။	ရုပ်မြင်သံကြားဇာတ်လမ်း **သကြိန်နဲ့ ကျွန်တော်** သရုပ်ဆောင်–ထွန်းထွန်း၊ နန်းဆုရတီစိုး၊ ပပဝင်းခင်၊ ဝိုင်းစုခိုင်သိန်း၊ ပုလဲဝင်း၊ (ဒါရိုက်တာ–ကြည်ဖြူသျှင်)
၁၃း၅၀	၇။	ဖွံ့ဖြိုးသာယာပြည်မြန်မာ

ညပိုင်း

၄း၀၀	၁။	မြဝတီအဖွင့်
၄း၀၅	၂။	အဖွင့်သီချင်း
၄း၁၅	၃။	ကြည်နူးရွှင်ပျော် တေးသရုပ်ဖော်
၄း၃၅	၄။	ပျော်ရွှင်စရာ သရုပ်ဆောင်ကမ္ဘာ
၅း၃၅	၅။	သာယာသီကြွေး ခေတ်ဆန်းတေး
၆း၀၀	၆။	မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀	၇။	နိုင်ငံတကာသတင်း
၆း၂၀	၈။	မိုးလေဝသသတင်း
၆း၂၅	၉။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆း၃၀	၁၀။	လျှပ်တစ်ပြက်
၆း၄၀	၁၁။	အုံ့ဩဖွယ်ရာဆပ်ကပ်ပညာ
၇း၀၀	၁၂။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **မြစ်တစ်စင်းရဲ့သံစဉ်** (အပိုင်း–၃၅)
၈း၀၀	၁၃။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၄။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
	၁၅။	ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
	၁၆။	English Premier League ဘောလုံးပွဲ Watford Vs Chelsea (Live)

❐ ရှေ့ဖုံးမှ

သာယာလှပစေရေး ဆောင်ရွက်ရေး မှာကြားသည်။

အဆိုပါ ပဲခူး မြို့တော်ခန်းမ အဆောက်အအုံသစ်မှာ အလျားပေ ၁၈၀ အနံ ပေ ၈၀ရှိ တစ်ထပ်သံကူကွန်ကရစ် အဆောက်အအုံဖြစ်ကြောင်း သိရသည်။

တက်ရောက်

ထိုမှတစ်ဆင့် တိုင်းမှူးသည် ပဲခူး-သနပ်ပင်-ကဝကားလမ်း လမ်းတစ်လျှောက် လမ်းတံတားများ ကြံ့ခိုင်ကောင်းမွန်မှုနှင့် လမ်းဘေးဝဲယာ နွေစပါး စိုက်ပျိုးဖြစ်ထွန်းအောင်မြင်မှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ကဝမြို့နယ် သရက်ကုန်းစံပြကျေးရွာ (၁၆)ခုတင်ဆံ့ တိုက်နယ်ဆေးရုံ အဆောက်အအုံသစ်ဖွင့်ပွဲသို့ တက်ရောက်သည်။

အစီအစဉ်အရ ရှေးဦးစွာ ကဝမြို့နယ်ဥက္ကဋ္ဌ ဦးစိုင်းမောင်လူ၊ တိုက်နယ်ဆေးရုံ အလှူရှင် သီဟသုဓမ္မမဏိဇောတဓရ ဦးငွေရှိန်နှင့် ဆေးရုံဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌ ဦးဝင်းလှိုင်တို့က အခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး တိုင်းမှူး ဗိုလ်ချုပ်ကိုကိုက တိုက်နယ်ဆေးရုံ ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးကာ တာဝန်ရှိသူများနှင့်အတူ ဆေးရုံအတွင်းလှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် အခမ်းအနားကို တိုက်နယ်ဆေးရုံ အစည်းအဝေးခန်းမ၌ ဆက်လက်ကျင်းပရာ တိုင်းမှူးက ဂုဏ်ပြုအမှာစကားပြောကြားသည်။

လက်ခံ

ထို့နောက် တိုင်းကျန်းမာရေးဦးစီးဌာန ဦးစီးမှူး ဒေါက်တာ ဌေးအောင်က သရက်ကုန်းစံပြကျေးရွာ တိုက်နယ်ဆေးရုံဖြစ်ပေါ်လာမှုကို ရှင်းလင်းတင်ပြပြီး တိုက်နယ်ဆေးရုံဖြစ်မြောက်ရေး ကော်မတီဥက္ကဋ္ဌ ဦးဝင်းလှိုင်က တိုက်နယ်ဆေးရုံနှင့် ပတ်သက်သည့် စာရွက်စာတမ်းများကို လွှဲပြောင်းပေးအပ်ရာဒေါက်တာဌေးအောင်က လက်ခံယူသည်။

ဆက်လက်၍ အလှူရှင်များက ဆေးပဒေသာပင်အလှူတော်ငွေများကို ပေးအပ်လှူဒါန်းရာ အလှူရှင် ဦးကျော်ထွန်း-ဒေါ်ပန်းမိသားစုက ငွေကျပ်လေးသိန်း၊ သီဟသုဓမ္မမဏိဇောတဓရ ဦးငွေရှိန်-ဒေါ်တင်မြင့် မိသားစုက ငွေကျပ်သုံးသိန်း၊ ဦးအောင်မြင့်ကြိုင်-ဒေါ်ကျင်ဌေးမိသားစုက ငွေကျပ်တစ်သိန်း အပါအဝင် အလှူရှင်များက စုစုပေါင်းအလှူငွေကျပ် ၂၂၈၀၀၀၀ တို့ကို အသီးသီးပေးအပ်လှူဒါန်းကြရာ တိုင်းမှူးနှင့် တာဝန်ရှိသူများက လက်ခံရယူကြသည်။

ထို့နောက် ဒေသခံပြည်သူများကိုယ်စား အလှူရှင်သီဟသုဓမ္မမဏိဇောတဓရ ဦးငွေရှိန်က ကျေးဇူးတင်စကားပြန်လည်ပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

လှူဒါန်း

အဆိုပါ သရက်ကုန်းစံပြကျေးရွာ တိုက်နယ်ဆေးရုံမှာ အလျား ၁၂၆ပေ၊ အနံ ၈၁ပေရှိ RCသွပ်မိုး၊ သမံတလင်းခင်းအမျိုးအစားဖြစ်ကာ ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက မတည်လှူဒါန်းငွေကျပ် ၁၀သိန်း၊ အလှူရှင်သီဟသုဓမ္မမဏိဇောတဓရ ဦးငွေရှိန်-ဒေါ်တင်မြင့်မိသားစုက လှူဒါန်းငွေကျပ်သိန်း ၃၀၀၊ ပြည်သူများ လှူဒါန်းငွေကျပ်သိန်း၅၀၊ စုစုပေါင်း ငွေကျပ် သိန်း၃၆၀ အကုန်အကျခံ ဆောက်လုပ်လှူဒါန်းခဲ့ခြင်းဖြစ်သည်။

မှာကြားဖြည့်ဆည်း

ထိုမှတစ်ဆင့်တိုင်းမှူးသည် သရက်ကုန်းစံပြကျေးရွာအခြေခံပညာ အထက်တန်းကျောင်းခွဲသို့လည်းကောင်း၊ ကဝမြို့နယ် သက္ကလစံပြကျေးရွာ (၁၆) ခုတင်ဆံ့ တိုက်နယ်ဆေးရုံသို့ လည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများအား လုပ်ငန်းလိုအပ်ချက်များ မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

■ ရှေ့ဖုံးမှ

ရင်းရင်းနှီးနှီး

ဆက်လက်၍ တိုင်းမှူးနှင့် အဖွဲ့သည် လမ်းသစ်အား ကြည့်ရှုစစ်ဆေးပြီး တိုင်းမှူးက အခမ်းအနားသို့ တက်ရောက်လာသော လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

အဆိုပါမြင်းခြံ-သာပေါင်း ကတ္တရာလမ်းသစ်သည် အရှည်ပေ ၁၄၅၀၊ အကျယ် ၁၂ပေရှိ၍ မြင်းခြံမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ရန်ပုံငွေကျပ် ၉၄သိန်းဖြင့် ဖောက်လုပ်ခဲ့ကြောင်း သိရသည်။

ကြက်ဆူပင်စိုက်ပျိုးမှု

ထို့နောက် တိုင်းမှူးသည် ခေါင်းကွဲကျေးရွာအုပ်စု ခြံစည်းရိုးကြက်ဆူပျိုးဥယျာဉ်သို့ရောက်ရှိပြီး ပျိုးဥယျာဉ်အတွင်း ခြံစည်းရိုးကြက်ဆူပင် ၈၀၀၀ စိုက်ပျိုးထားရှိမှုကို ကြည့်ရှုစစ်ဆေးသည်။

တိုးချဲ့စိုက်ပျိုး

ဆက်လက်၍ ပျိုးဥယျာဉ်အတွင်း စုဆောင်းထားရှိသော ခြံစည်းရိုးကြက်ဆူမျိုးစေ့များအား ကြည့်ရှုစစ်ဆေးကာ ပျိုးပင်များရှင်သန်ဖြစ်ထွန်းရေးနှင့်မျိုးစေ့များကို အချိန်မီပျိုးထောင်၍ ဆက်လက်တိုးချဲ့စိုက်ပျိုးရေးမှာကြားသည်။

သာပေါင်းတံတား

ထိုမှတစ်ဆင့် တိုင်းမှူးနှင့်အဖွဲ့သည် မြင်းခြံ-သာပေါင်း ကတ္တရာလမ်းသစ်အားမော်တော်ယာဉ်များဖြင့်လမ်းတစ်လျှောက်ကြည့်ရှုစစ်ဆေးပြီး မြင်းခြံမြို့နယ် သာပေါင်းကျေးရွာအနီးရှိ (၆၂) နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မြင်းခြံမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ရန်ပုံငွေဖြင့် ဆောက် လုပ်ခဲ့သည့် သာပေါင်းတံတားဖွင့်ပွဲ အခမ်းအနားသို့ ရောက်ရှိကြသည်။

အစီအစဉ်အရ မြင်းခြံမြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ လက်ထောက်ညွှန်ကြားရေးမှူး ဦးသိန်းအောင်က တံတားနှင့်ပတ်သက်သည့် အချက်အလက်များကို ရှင်းလင်းတင်ပြသည်။

ကျေးဇူးတင်

ဆက်လက်၍ ဒေသခံပြည်သူလူထုကိုယ်စား မြင်းခြံမြို့နယ် သာပေါင်းကျေးရွာ ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမောင်သန်းက ကျေးဇူးတင်စကား ပြောကြားသည်။

ထို့နောက် မြင်းခြံခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးလှမိုး၊ ခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးအောင်ဖံနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ လက်ထောက်ညွှန်ကြားရေးမှူး ဦးသိန်းအောင်တို့က သာပေါင်းသစ်သားတံတားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်နှင့် တက်ရောက်လာကြသူများက သစ်သားတံတားအား ဖြတ်သန်းကြည့်ရှုစစ်ဆေးပြီး တံတားရေရှည်တည်တံ့ခိုင်မြဲစေ ရေးအတွက် စနစ်တကျထိန်းသိမ်းစောင့် ရှောက်သွားရန် တာဝန်ရှိသူများကို မှာကြားသည်။

ထို့နောက် တိုင်းမှူးက အခမ်းအနားသို့ တက်ရောက်လာသော လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများကိုရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကာ ပြန်လည်ထွက်ခွာသွားကြောင်းသိရသည်။

လွယ်ကူစွာသွားလာနိုင်

သာပေါင်းသစ်သားတံတားသည် အရှည်ပေ၈၀၊ အကျယ်၁၆ပေ၊ အမြင့် ၁၆ပေရှိကာ အောက်ခြေတိုင်မှာ ကွန်ကရစ်(RC)တိုင်ဖြစ်ပြီး တံတားကိုယ်ထည်မှာ သစ်သားဖြင့် ဆောက်လုပ်ထားသော သစ်သားတံတားဖြစ်ပြီး နိုင်ငံတော်က ငွေကျပ်၁၇၂ သိန်းအကုန်အကျခံ တည်ဆောက်ခဲ့ခြင်းဖြစ်သည်။ ယခင်က မိုးရာသီတွင် တောင်ကျရေများကြောင့်ခရီးသည်ယာဉ်များ၊လယ်ယာသုံးယာဉ်များ ဒေသခံပြည်သူများ ခရီးသွားလာရာတွင် ရေကျချိန်အထိ စောင့်ဆိုင်းရသဖြင့်လမ်းပန်း ဆက်သွယ်မှု ခက်ခဲခြင်းတို့ကို အမြဲတစေ ရင်ဆိုင်ကြုံတွေ့ခဲ့ရသော်လည်း အဆိုပါ တံတား တည်ဆောက်ပြီးစီးခဲ့မှုကြောင့် ဒေသခံပြည်သူများအနေဖြင့် မြင်းခြံမြို့သို့ ရာသီမရွေး လွယ်ကူစွာ သွားလာနိုင်ပြီဖြစ်ကြောင်း သတင်း ရရှိသည်။ **(သတင်းစဉ်)**

ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေ အခြေခံကွန်ပျူတာသင်တန်း(အရာရှိ) အမှတ်စဉ်(၁) သင်တန်းဆင်းပွဲသို့ တက်ရောက် အမှာစကားပြောကြား

နေပြည်တော် မတ် ၃၀

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့် လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာနတို့ ပူးပေါင်းဖွင့်လှစ်သည့် အခြေခံကွန်ပျူတာသင်တန်း (အရာရှိ) အမှတ်စဉ်(၁)သင်တန်းဆင်းပွဲကို ယနေ့နံနက် ၁၀ နာရီက နေပြည်တော်ရှိ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဝန်ကြီးရုံး စုပေါင်းခန်းမ၌ကျင်းပသည်။

တက်ရောက်

အခမ်းအနားသို့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနနှင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဗိုလ်မှူးချုပ်ကျော်မြင့်၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ဝင်းစိန်၊ လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနတို့မှ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများ၊ သင်တန်းနည်းပြများ၊သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေက အမှာစကားပြောကြားပြီး **(အပေါ်ပုံ)**သင်တန်းတွင် ပထမဆုရ ဦးထွန်းထွန်းစိုး၊ ဒုတိယဆုရ ဦးမျိုးဇော်သန်း၊ တတိယဆုရ ဦးဝင်းမြတ်စိုးတို့အား ဆုများပေးအပ်ချီးမြှင့်ပြီး သင်တန်းဆင်းအောင်လက်မှတ်များကို သင်တန်းသား သင်တန်းသူများကိုယ်စား ကိုယ်စားလှယ်တစ်ဦးက လက်ခံရယူကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ကြာမြင့်ခဲ့

အဆိုပါ သင်တန်းသို့ သင်တန်းသား သင်တန်းသူ အရာရှိ၂၀ တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တလေးပတ်ကြာမြင့်ခဲ့ကြောင်း သိရသည်။

(သတင်းစဉ်)

● ကျောဖုံးမှ

ထို့နောက် တိုင်းမှူးသည် ကျေးလက်ဒေသ ဖွံ့ဖြိုးရေး စခန်းဖွင့်ပွဲနှင့် သရောင်းတိုက်နယ်ဆေးရုံဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက် အားပေးပြီး စံပြကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းသို့ သွားရောက်၍ ပညာရေးဆိုင်ရာများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ရှင်းလင်း

ထို့နောက် တိုင်းမှူးသည် သရောင်းစံပြကျေးရွာအထက်တန်းကျောင်းခန်းမ၌ ကျင်းပသည့် ဒေသခံ ပြည်သူများနှင့် တွေ့ဆုံပွဲသို့ တက်ရောက်ရာ ဒေသခံပြည်သူနှစ်ဦးတို့က ကျေးရွာ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။

ထို့နောက် တိုင်းမှူးက ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် တက်ညီလက်ညီဝိုင်းဝန်းကြိုးပမ်းကြရေး ရှင်းလင်းပြောကြားကာ တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ သရောင်းစံပြကျေးရွာ၊ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင် အဆိုပြုလွှာများအား ကျေးရွာအသင်းဝင်တစ်ဦးက ပေးအပ်ရာ တာဝန်ရှိသူများက လက်ခံရယူသည်။

ထို့နောက် ကျေးရွာအခြေခံပညာ အထက်တန်းကျောင်းအတွက် ကွန်ပျူတာတစ်လုံး၊ တီဗွီနှင့် ဗီဒီယိုပြစက်တစ်စုံ၊ ပညာရေးငွေပဒေသာပင်အတွက် ငွေကျပ် ၁၀ သိန်း၊ အလှူရှင်များက ပညာရေးရန်ပုံငွေအဖြစ် ငွေကျပ်နှစ်သိန်းငါးသောင်းတို့ကို တာဝန်ရှိသူများထံ ပေးအပ် လှူဒါန်းကြရာ ကျောင်းအုပ်ကြီးက လက်ခံရယူသည်။

ပေးအပ်

ဆက်လက်၍ သရောင်းကျေးရွာ တိုက်နယ်ဆေးရုံအတွက် စာရွက်စာတမ်းများအား ကျောင်းဆောက်လုပ်ရေးကော်မတီဥက္ကဋ္ဌ တိုင်းကျန်းမာရေး ဦးစီးဌာနမှူးသို့ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် တိုင်းမှူးက ကျောင်းဆောင်သစ်အတွက် ဘိလပ်မြေအိတ် ၁၀၀၊ အလှူရှင်တစ်ဦးက ဘိလပ်မြေအိတ် ၁၀၀ နှင့်တိုင်းမှူးက ကျောင်းအတွက် ကွန်ပျူတာတစ်လုံးနှင့် တီဗွီတစ်လုံးတို့အား ပေးအပ်လှူဒါန်းရာ ကျောင်းအုပ်ကြီးက လက်ခံရယူသည်။

ထို့နောက်တိုင်းမှူးသည် သရောင်းစံပြကျေးရွာဘုန်းတော်ကြီးကျောင်းသို့ သွားရောက်၍ ဆရာတော်ကြီးများအား ဖူးမြော်ကြည်ညို၍ လှူဖွယ်ပစ္စည်းများနှင့် နဝကမ္မဝတ္ထုငွေများ ဆက်ကပ်လှူဒါန်းသည်။

ဖြည့်ဆည်း

ထိုမှတစ်ဆင့် တိုင်းမှူးသည် ဟုမ္မလင်း မြို့နယ်အတွင်းတည်ဆောက်လျက်ရှိသော ထမံသီ(တခုံး) ရေအားလျှပ်စစ်စီမံကိန်းလုပ်ငန်းခွင်သို့ သွားရောက်ကြည့်ရှုစစ်ဆေးကာ လုပ်ငန်းဆောင်ရွက်နေမှု အခြေနေများနှင့် စပ်လျဉ်း၍ တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြချက်များအပေါ် တိုင်းမှူးက လိုအပ်သည်များ မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက်တိုင်းမှူးသည် လုပ်ငန်းခွင်အတွင်း စက်ယန္တရားများဖြင့် လုပ်ငန်း ဆောင်ရွက်နေမှုကိုလည်းကောင်း၊ ရေစိမ့်တားနံရံ တည်ဆောက်နေမှုများကိုလည်းကောင်း၊ လှည့်လှည်ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းတင်ပြကြပြီး တိုင်းမှူးက လုပ်ငန်းခွင်အန္တရာယ် ကင်းရှင်းရေးနှင့် လုပ်ငန်းများသတ်မှတ်ကာလအတွင်း စံချိန်စံညွှန်း ပြည့်မီစွာဖြင့် အချိန်မီပြီးစီးရေး ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရန်မှာကြားကာ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

✳ ကျောဖုံးမှ

(၆၂)နှစ်မြောက် တပ်မတော်နေ့ အထိမ်းအမှတ်ပြပွဲ တွင် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်ပြခန်း၌ ရှေးဟောင်းယဉ်ကျေးမှုအမွေ တကောင်းမြေပြကွက်တွင် တကောင်းမြို့ဟောင်းပုံစံငယ်နှင့် တူးဖော်ရရှိပစ္စည်းများ၊စည်းလုံးညီညွတ်အောင်ပန်းဆွတ်အထွဋ် အောင်လံ ပြည်ပုဂံပြကွက်တွင် ပုဂံနန်းတော်ပုံစံငယ်၊ သာယာလှပပင်းယ၊ အင်းဝပြကွက်၊ အမရပူရရှုတိုင်းလှပြကွက်၊ မြန်မာမှုစုံမြို့ရတနာပုံပြကွက်၊ သီဟာသနပလ္လင်ပြကွက်၊ သူ့ကျွန်မခံ ဇာတိမာန် ရန်သူနယ်ချဲ့တွန်းလှန်ခဲ့ ပြကွက်၊ တပ်နှင့်ပြည်သူလက်တွဲကူ ကြိုးပမ်းရွက်မနှေး လွတ်လပ်ရေးပြကွက်၊ နိုင်ငံတော်အကြီးအကဲများ လှည့်လည်စစ်ဆေးဆောင်ရွက်မှုပြကွက်၊ ဦးတည်ချက်(၁၂)ရပ်မပြတ်ဖော်ဆောင် ပြကွက်၊ သမိုင်းကျောက်တိုင် ရာဇမဏ္ဍိုင်ပြကွက်၊ လေးရပ်တာဝန်ကျေပွန် တည်ဆောက်ပြကွက်၊ စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်းဆင်းပွဲ အခမ်းအနားပြကွက်၊ တိုင်းမှူးအလယ်ပိုင်းတိုင်း စစ်ဌာနချုပ်နယ်မြေအတွင်း လှည့်လည်စစ်ဆေးဆောင်ရွက်မှုပြကွက်၊ နိုင်ငံ့အကျိုးရှေးရှုကာ အမျိုးသမီးရေးရာတို့ ဝန်တာပြကွက်၊ ငါးရပ်ဖွံ့ဖြိုး ကျေးလက်အကျိုးပြကွက်၊ မန္တလေးကျုံးနှင့် နန်းမြို့ရိုးပြကွက်တို့ကို မှတ်တမ်းဓာတ်ပုံများ၊ ပုံစံငယ်များဖြင့် စိတ်ဝင်စားဖွယ်ရာ ပြသထားသည်။

လေ့လာကြည့်ရှု

ထို့အပြင် ဝန်ကြီးဌာန ပြခန်းများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ)ပြခန်း၊ ကာကွယ်ရေးဦးစီး ဌာနရုံး(လေ)ပြခန်း၊ တပ်မတော်လေ့ကျင့်ရေး အရာရှိချုပ်ရုံးပြခန်း၊ ကာကွယ်ရေးဝန်ကြီးဌာန ညွှန်ကြားရေးမှူးရုံးပြခန်း၊ တိုင်းစစ် ဌာနချုပ်ပြခန်းများ၊ နိုင်ငံတော် ဦးတည်ချက်(၁၂)ရပ်ပြခန်း၊ ဝန်ကြီးဌာန အသီးသီး၏ တိုင်းကျိုးပြည်ပြုပြည်သူ့ အကျိုးပြုလုပ်ငန်းများပြခန်း၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ပြခန်း၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပြခန်း၊ စစ်သမိုင်းပြတိုက်နှင့် တပ်မတော် မော်ကွန်းတိုက်မှူးရုံး၏ တပ်မတော် သမိုင်းပြခန်းများ၌ ဓာတ်ပုံ၊ ပန်းချီ၊ ရုပ်ပုံကားချပ်များဖြင့် ခင်းကျင်းပြသထားရာ ရဟန်းရှင်လူပြည်သူနှင့် ကျောင်းသားကျောင်းသူများစိတ်ပါဝင်စားစွာလာရောက်လေ့လာကြည့်ရှုကြသည်။

လေ့လာနိုင်

အဆိုပါ ပြပွဲကို ဧပြီ ၄ ရက်အထိ နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ ပြသသွားမည်ဖြစ်ရာ မည်သူမဆို အခမဲ့ဝင်ရောက် ကြည့်ရှုလေ့လာနိုင်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

❍ ကျောဖုံးမှ

ရေးအဖွဲ့မှ ပူးပေါင်း ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ပူးပေါင်း

အလားတူ (၆၂)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် တောင်ကြီးမြို့နယ် ရေပူ-ရေအေး-သိမ်အင်း-မြောင်းဦး-ကျောက်စု ကျေးလက် ကျောက်ချောလမ်းသစ် ဖွင့်ပွဲကို နံနက် ၉ နာရီက အဆိုပါ လမ်းသစ်ဖွင့်ပွဲ မုခ်ဦးရှေ့၌ ကျင်းပခဲ့ကြောင်းနှင့် အဆိုပါကျောက်ချောလမ်းသည် လမ်းအရှည် ၁ မိုင် ၂ ဖာလုံ၊ အကျယ် ၁၀ ပေရှိ၍ ငွေကျပ် ၇၅သိန်း အကုန်အကျခံကာဒေသခံပြည်သူများနှင့် တောင်ကြီးမြို့နယ် စည်ပင်သာယာရေးအဖွဲ့တို့ ပူးပေါင်းဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

တရုတ်နိုင်ငံ ပေကျင်းမြို့ အရောင်းပြခန်းတစ်ခု၌ ရိုးရာဝတ်စုံများကို သရုပ်ဖော်ထားသည့် ကြွေထည်ပန်းအိုးများကို မတ် ၂၉ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

အင်္ဂါဂြိုဟ်နှင့် အရံလ စူးစမ်းလေ့လာရေး အစီအစဉ်များ

တရုတ်နှင့်ရုရှားတို့ ပူးပေါင်းဆောင်ရွက်မည်

ပေကျင်း မတ် ၃၀

၂၀၀၉ခုနှစ်တွင် အင်္ဂါဂြိုဟ်နှင့် အရံလတစ်ခုကို လေ့လာသုတေသနပြုလုပ်ရာတွင် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရုတ်နှင့် ရုရှားနိုင်ငံတို့က မတ် ၂၈ရက်၌ သတင်းထုတ်ပြန်လိုက်သည်။

အာကာသစွမ်းအင် ရည်မှန်းချက်များရှိကြသော တရုတ်နှင့် ရုရှားနိုင်ငံတို့အကြား ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေး သဘောတူညီချက်တစ်ရပ် ရရှိခဲ့ပြီးနောက်ပိုင်း အထက်ပါသတင်း ထုတ်ပြန်ချက်ပေါ်ထွက်လာခြင်းဖြစ်သည်။

သယ်ဆောင်

အင်္ဂါဂြိုဟ်နှင့် အရံလတစ်ခုကို လေ့လာရန် ရုရှားအာကာသ လေ့လာရေးယာဉ်တစ်စင်းနှင့် တရုတ်ဂြိုဟ်တုတစ်ခုကို ရုရှားအာကာသ ဒုံးကျည်တစ်စင်းက သယ်ဆောင်သွားမည့် အစီအစဉ်အား အကောင်အထည်ဖော်မည်ဖြစ်ကြောင်း ချိုင်းနားဒေးလီး သတင်းစာ၌ ဖော်ပြသည်။

ထုတ်ပြန်

ထိုသို့ သတင်းထုတ်ပြန်မှုမှာ တရုတ်သမ္မတဟူကျင်တောင် မော်စကိုမြို့သို့ အလည်အပတ်ခရီးသွားရောက်ခဲ့သည့် ခရီးစဉ်အတွင်း သဘောတူညီချက် လက်မှတ်ရေးထိုးခဲ့ပြီးနောက် ၎င်းကြေညာချက် ထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။

အဆိုပါ သဘောတူညီချက်အရ တရုတ်နှင့်ရုရှားနိုင်ငံတို့သည် အနာဂတ်ကာလတွင် အာကာသဆိုင်ရာပူးပေါင်းဆောင်ရွက်မှုများ ပြုလုပ်သွားတော့မည်ဖြစ်ကြောင်း တရုတ်အရာရှိများက ပြောကြားသည်။

အမ်အင်န်အေ၊ရိုက်တာ

ကမ္ဘာ့အရပ်အရှည်ဆုံးလူသား လက်ထပ်ပြီ

ပေကျင်း မတ် ၃၀

ကမ္ဘာပေါ်တွင် သက်ရှိထင်ရှားလူသားများ၌ အရပ်အရှည်ဆုံးဖြစ်သည့် တရုတ်အမျိုးသားကြီး ဘိုစီချန်သည် ၎င်း၏ နေထိုင်ရာမြို့မှ သူ့ထက်အရပ်ထက်ဝက်ခန့်နိမ့်ပြီး သူ့ထက်အသက်ထက်ဝက်ခန့်ငယ်သော အမျိုးသမီးတစ်ဦးကို လက်ထပ်လိုက်ခြင်းဖြင့် ကမ္ဘာ့အရပ်အရှည်ဆုံးလူသားတစ်ဦး၏ သတို့သမီးရာပုံတော် ပြီးဆုံးခဲ့ပြီဖြစ်ကြောင်း တရုတ်မီဒီယာများက မတ် ၂၈ရက်တွင် ဖော်ပြကြသည်။

ဂင်းနက်စ်မှတ်တမ်းတင်

ကမ္ဘာ့အရပ်အရှည်ဆုံး လူသားအဖြစ် ဂင်းနက်စ်မှတ်တမ်းတင်ထားသူ ဘိုစီချန်သည် ယခုအခါ အသက် ၅၆ နှစ် အရွယ်ရှိနေပြီး အရပ်မှာ ခုနစ်ပေကိုးလက်မရှိသည်။ သူနှင့် ယခုလက်ထပ်ယူသူမှာ အသက် ၂၉နှစ်အရွယ်ရှိ အရောင်းစာရေးမတစ်ဦးဖြစ်ပြီး အရပ်၁ဒသမ ၆၈မီတာ မြင့်သူတစ်ဦးဖြစ်သည်။

ဘိုစီချန်၏ သတို့သမီးအမည်မှာ စီရာစုချန်ဖြစ်ပြီး တရုတ်နိုင်ငံအတွင်း မွန်ဂိုလီးယားဒေသ စီဖန်မြို့မှဖြစ်သည်။ ဘိုစီချန်သည် ပြီးခဲ့သည့် ဒီဇင်ဘာလက အစာအိမ်အတွင်း ပလတ်စတစ်အစများ မျိုချခဲ့သော လင်းပိုင်နှစ်ကောင်အား ၎င်း၏ ရှည်လျားသော လက်များဖြင့် ပလတ်စတစ်အပိုင်းအစများကို ထုတ်ယူပေးခဲ့ကာ လင်းပိုင်များအား အသက်ရှင်အောင် ကူညီပေးခဲ့သူလည်း ဖြစ်သည်။

အမ်အင်န်အေ၊ရိုက်တာ

ကမ္ဘာ့အရပ်အရှည်ဆုံးလူသား ဘိုစီချန်နှင့် သတို့သမီး စီရာစုချန်တို့အား မွန်ဂိုလီးယားဒေသ စီဖန်မြို့၌ မတ်၂၇ရက်က တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

ဇင်ဘာဘွေ၌ ရေလွှမ်းမှုကြောင့် သီးနှံများ ပျက်စီးဆုံးရှုံး ပြည်သူတစ်သန်းကျော် စားနပ်ရိက္ခာများ လိုအပ်နေ

လူဆာကာ မတ် ၃၀

ဇမ်ဘီယာနိုင်ငံတွင် ရေလွှမ်းမှုဒဏ်ခံစားခဲ့ရသဖြင့် ဂျုံနှင့်အခြား ကောက်ပဲသီးနှံများ ပျက်စီးဆုံးရှုံးခဲ့ရရာ ပြည်သူ ၁ ဒသမ ၄သန်းကျော်တို့အတွက် စားနပ်ရိက္ခာများ လိုအပ်ခဲ့ရကြောင်း၊ ထို့အပြင် လူထောင်ပေါင်းများစွာတို့ အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ရကြောင်း ဇမ်ဘီယာနိုင်ငံ ဒုတိယသမ္မတ ရူပတ်ဘန်ဒါက ပြောကြားသည်။

လိုအပ်

သဘာဝဘေးအန္တရာယ်များနှင့် ပတ်သက်သည့်ကိစ္စများကို မီဒီယာသမားများနှင့် တွေ့ဆုံပြောကြားရာတွင် ၂၀၀၇ခုနှစ်တွင် ပြည်သူ ၁ ဒသမ ၄သန်းကျော်တို့အတွက် သဘာဝဘေးအန္တရာယ်ကြောင့် စားနပ်ရိက္ခာများ လိုအပ်မည်ဖြစ်ကြောင်း ၎င်းကပြောကြားခဲ့သည်။

ပျက်စီးဆုံးရှုံး

ဇမ်ဘီယာနိုင်ငံ၏ ဒေသ ၇၃ခုအနက် ဒေသ ၄၁ခုတွင် ရေလွှမ်းမှုဖြစ်ပေါ်ခဲ့သဖြင့် ကောက်ပဲသီးနှံများ ပျက်စီးဆုံးရှုံးမှု ကြီးမားစွာဖြစ်ပေါ်ခဲ့သည်။ ရေလွှမ်းမှုဒဏ်ကို ဒေသခံပြည်သူ ၁၄၄၃၅၆၃ ဦးတို့ ကြုံတွေ့ခံစားခဲ့ရကြောင်း ဒုတိယသမ္မတ ရူပတ်ဘန်ဒါက ဇမ်ဘီယာနိုင်ငံ အသံလွှင့်ဌာန၌ ပြောကြားခဲ့သည်။

မိုးသည်းထန်

မကြာမီအချိန်ကာလများက အာဖရိကတောင်ပိုင်းနိုင်ငံများတွင် မိုးသည်းထန်စွာ ရွာသွန်းမှုများဖြစ်ပေါ်ခဲ့သည်။

အမ်အင်န်အေ၊ရိုက်တာ

တရုတ်၌ ကြက်ငှက်တုပ်ကွေးဖြစ်၍ လူတစ်ဦးသေဆုံး

ဟိုင်ဖေ မတ် ၃၀

တရုတ်နိုင်ငံ အင်ဟွိုင်းပြည်နယ် အရှေ့ပိုင်းရှိ အသက် (၁၆)နှစ်အရွယ်ရှိ ယောကျ်ားလေးတစ်ဦးသည် ကြက်ငှက်တုပ်ကွေးရောဂါဖြင့် သေဆုံးသွားကြောင်း၊ ယင်းမှာ တရုတ်နိုင်ငံ၌ ယင်းရောဂါဖြင့်သေဆုံးသူ ၁၅ဦးမြောက် ဖြစ်လာကြောင်း တရုတ်ကျန်းမာရေး ဝန်ကြီးဌာနက ပြောကြားသည်။

ပြောကြား

အဆိုပါ ယောကျ်ားလေးသည် အင်ဟွိုင်းပြည်နယ် ဘန်ဘူမြို့မှ ကျောင်းသားတစ်ဦးဖြစ်ပြီး ဂူမျိုးနွယ်မှ ဖြစ်ကြောင်း၊ ၎င်းသည် ဆေးရုံတက်ပြီး ၁၀ရက်အကြာ မတ် ၂၈ရက်က သေဆုံးခဲ့ကြောင်း ယင်းပြည်နယ်ကျန်းမာရေး ဦးစီးဌာနရုံးမှ တာဝန်ရှိပုဂ္ဂိုလ်တစ်ဦးက ပြောကြားသည်။

အဆုတ်ရောင်

အဆိုပါ ယောကျ်ားလေးသည် အဆုတ်ရောင်ရောဂါဖြစ်ပြီး မတ် ၁၈ရက်က ဆေးရုံတင်ခဲ့ရသည်ဟုဆိုသည်။

ကူးစက်

ကြက်ငှက်တုပ်ကွေးရောဂါပိုး H_5N_1 ရောဂါပိုးသည် အဆိုပါ ယောကျ်ားလေးအား ကူးစက်ခြင်းခံရကြောင်း တရုတ်ကြက်ငှက်တုပ်ကွေးရောဂါ ထိန်းချုပ်ရေးနှင့် တားဆီးကာကွယ်ရေးအဖွဲ့က ပြောကြားသည်။

သိရှိရ

တရုတ်နိုင်ငံသည် ၂၀၀၃ခုနှစ်ကစပြီး ကြက်ငှက်တုပ်ကွေးရောဂါ ကူးစက်ခံရသူပေါင်း ယနေ့အထိ ၂၄ဦးရှိပြီဖြစ်ကြောင်း သိရှိရသည်။

အမ်အင်န်အေ၊ဆင်ဟွာ

ပလတ်စတစ်အိတ်များ သုံးစွဲမှု ဆန်ဖရန်စစ္စကို၌ ပိတ်ပင်တားမြစ်

နယူးယောက် မတ် ၃၀

ဆန်ဖရန်စစ္စကိုမြို့သည် ပတ်ဝန်းကျင်ထိန်းသိမ်းရေး စည်းကမ်းကို လိုက်နာဆောင်ရွက်သောအားဖြင့် ပလတ်စတစ်အိတ်များ သုံးစွဲခြင်းကို ပိတ်ပင်တားမြစ်ရန် ယင်းမြို့တော်အုပ်ချုပ်ရေးအဖွဲ့က သဘောတူညီလိုက်သည်။

အသုံးပြုသွား

ယင်းသဘောတူညီချက်အရ ၎င်းမြို့ရှိ ဈေးကြီးများနှင့် ဆေးဝါးစတိုးဆိုင်များသည် ရေနံဓာတုထုတ်လုပ်မှုများမှ ထုတ်လုပ်သည့် ပလတ်စတစ်အိတ်များအစား စက္ကူအိတ်များနှင့် ပြောင်းမှထုတ်လုပ်သည့် ပလတ်စတစ်အိတ်များကို အသုံးပြုသွားမည်ဟု ဆိုသည်။

လျှော့ချ

ဆန်ဖရန်စစ္စကိုမြို့သည် နှစ်စဉ် ပလတ်စတစ်အိတ် သုံးစွဲမှုမှာ အိတ်ပေါင်း ၁၈၁ သန်းရှိကြောင်း၊ ထိုသို့ ပိတ်ပင်လိုက်ခြင်းဖြင့် တစ်နှစ်လျှင် ရေနံဂါလန်ပေါင်း ၄၅၀၀၀၀ကိုကာမိ၍ သက်သာစေမည်ဖြစ်သလို နှစ်စဉ် ပလတ်စတစ်အိတ်ပျက်တန်ချိန် ၁၄၀၀ကိုလည်း လျှော့ချနိုင်မည်ဟုဆိုသည်။

အမ်အင်န်အေ၊ဆင်ဟွာ

မြန်မာ့အလင်း နိုင်ငံတကာ သတင်းများ

အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယား ပြည်နယ်၌ မိုးသည်းထန်စွာ ရွာသွန်းသဖြင့် သစ်ပင်များပြိုလဲကျနေသည်ကို မတ် ၂၉ရက်က တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

☆ ***ကျောဖုံးမှ***

ယင်းနောက် တိုင်းမှူးက(၆၂)နှစ်မြောက် တပ်မတော်နေ့ မိန့်ခွန်း ပြောကြားပြီး (၆၂)နှစ်မြောက် တပ်မတော်နေ့ အထိမ်းအမှတ် စစ်သည်တော်ကျင့်ဝတ်ပြိုင်ပွဲဆုရရှိသူများနှင့် အကောင်းဆုံးစစ်ရေးပြ ဆုရစစ်ရေးပြတပ်ခွဲများအားဆုများ ပေးအပ်ချီးမြှင့်ကာ ဖွင့်လှစ်ပြသထားသည့် ဝန်ကြီးဌာနအလိုက် ဌာနဆိုင်ရာ ပြခန်းများကို လှည့်လည်ကြည့်ရှု အားပေးသည်။

လားရှိုး

အလားတူ အရှေ့မြောက်တိုင်း စစ်ဌာနချုပ် ၂၀၀၇ ခုနှစ် (၆၂)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားကို မတ် ၂၇ ရက် နံနက်ပိုင်း၌ လားရှိုးမြို့ တိုင်းစစ်ဌာနချုပ် စစ်ရေးပြကွင်း၌ ကျင်းပသည်။

ရှေးဦးစွာ ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (မြောက်ပိုင်း) ဥက္ကဋ္ဌ အရှေ့မြောက်တိုင်း စစ်ဌာချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်အောင်သန်းထွဋ်နှင့် တပ်မတော်အရာရှိကြီးများ၊ စစ်ရေးပြတပ်ခွဲများ၊ တက်ရောက်လာကြသူများသည် နိုင်ငံတော်အလံအား အလေးပြုခြင်း၊ ကျဆုံးလေပြီးသော တပ်မတော်သားများအား အလေးပြုခြင်း၊ သစ္စာ(၄)ချက် ရွတ်ဆိုခြင်းများကို စစ်ရေးပြအစီအစဉ်များအတိုင်း ဆောင်ရွက်ကြသည်။

ထို့နောက် တိုင်းမှူးက (၆၂)နှစ်မြောက် တပ်မတော်နေ့ မိန့်ခွန်းပြောကြားပြီး စစ်ရေးပြဆု ရရှိကြသော စစ်ရေးပြတပ်ခွဲများအား ဆုများ အသီးသီးပေးအပ်ချီးမြှင့်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ညပိုင်းတွင် တိုင်းမှူးသည် တိုင်းစစ်ဌာနချုပ် ရွှေလီရိပ်သာ၌ ကျင်းပသည့် (၆၂)နှစ်မြောက် တပ်မတော်နေ့ အထိမ်းအမှတ် စစ်သည်တော်ကျင့်ဝတ်ပြိုင်ပွဲ၌ ပထမဆုရရှိကြသူများ၊ သူရဲကောင်းမှတ်တမ်းဝင် ရရှိကြသူများနှင့် တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်၏ သူရဲကောင်းလက်မှတ်ရရှိကြသူများအား ဂုဏ်ထူးဆောင်လက်မှတ်နှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ပြီး တက်ရောက်လာကြသူများအား ဂုဏ်ပြုညစာဖြင့် တည်ခင်းဧည့်ခံသည်။

ကျိုင်းတုံ

ထို့အတူ တြိဂံဒေသတိုင်းစစ်ဌာနချုပ် (၆၂)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားကို မတ် ၂၇ ရက် နံနက်ပိုင်းတွင် ကျိုင်းတုံမြို့ တိုင်းစစ်ဌာနချုပ် စစ်ရေးပြကွင်း၌ ကျင်းပသည်။

ရှေးဦးစွာ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (အရှေ့ပိုင်း)ဥက္ကဋ္ဌ တြိဂံဒေသ တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မင်းအောင်လှိုင်၊ တပ်မတော်အရာရှိကြီးများ၊ စစ်ရေးပြတပ်ခွဲများ၊ တက်ရောက်လာကြသူများသည်နိုင်ငံတော်အလံအား အလေးပြုခြင်း၊ကျဆုံးလေပြီးသော တပ်မတော်သားများအားအလေးပြုခြင်း၊သစ္စာ(၄)ချက် ရွတ်ဆိုခြင်းများကို စစ်ရေးပြအစီအစဉ်အတိုင်း ဆောင်ရွက်ကြသည်။

ထို့နောက် တိုင်းမှူးက(၆၂)နှစ်မြောက်တပ်မတော်နေ့ မိန့်ခွန်းပြောကြား၍ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

မွန်းလွဲပိုင်းတွင် တိုင်းမှူးသည် တိုင်းစစ်ဌာနချုပ် ပြည်ငြိမ်းအေးခန်းမ၌ ကျင်းပသည့် စစ်သည်တော်ကျင့်ဝတ်ပြိုင်ပွဲဆုချီးမြှင့်ပွဲသို့ တက်ရောက်၍ ပထမဆုရရှိကြသူများအား တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ဂုဏ်ထူးဆောင်လက်မှတ်နှင့် ဂုဏ်ပြုဆုငွေများ အသီးသီးပေးအပ်ချီးမြှင့်သည်။

ထို့နောက်ဒုတိယတိုင်းမှူးဗိုလ်မှူးချုပ်ဝေလင်းနှင့် တာဝန်ရှိသူများက ဒုတိယဆုနှင့် တတိယဆုရရှိကြသူများအား ဂုဏ်ပြုဆုငွေများ အသီးသီး ပေးအပ်ချီးမြှင့်ကြသည်။

ညပိုင်းတွင် တိုင်းမှူးသည် ပြည်ငြိမ်းအေးခန်းမ၌ ကျင်းပသည့် (၆၂)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်ရာ ရှေးဦးစွာ တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် ဒေသခံ တိုင်းရင်းသားများနှင့် စေတနာရှင်ပြည်သူများက အလှူငွေများ ပေးအပ်လှူဒါန်းကြရာ တိုင်းမှူးနှင့် တာဝန်ရှိသူများက လက်ခံ၍ အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကြသည်။

ထို့နောက် တိုင်းမှူးက တက်ရောက်လာကြသူများအား ဂုဏ်ပြုညစာစားပွဲဖြင့်တည်ခင်းဧည့်ခံသည်။

တောင်ကြီး

အလားတူ အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ် ၂၀၀၇ ခုနှစ် (၆၂)နှစ်မြောက် တပ်မတော်နေ့စစ်ရေးပြအခမ်းအနားကို မတ် ၂၇ ရက် နံနက်ပိုင်းတွင် တောင်ကြီးမြို့ တိုင်းစစ်ဌာနချုပ် စစ်ရေးပြကွင်း၌ ကျင်းပသည်။

ရှေးဦးစွာ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်သောင်းအေး၊ တပ်မတော်အရာရှိကြီးများ၊ စစ်ရေးပြတပ်ခွဲများ၊ တက်ရောက်လာကြသူများသည် နိုင်ငံတော်အလံအား အလေးပြုခြင်း၊ ကျဆုံးလေပြီးသော တပ်မတော်သားများအား အလေးပြုခြင်း၊ သစ္စာ (၄)ချက် ရွတ်ဆိုခြင်းတို့ကို စစ်ရေးပြ အစီအစဉ်များအတိုင်း ဆောင်ရွက်ကြသည်။

ယင်းနောက် တိုင်းမှူးက (၆၂)နှစ်မြောက် တပ်မတော်နေ့ မိန့်ခွန်းပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ညပိုင်းတွင် တိုင်းမှူးသည် တိုင်းစစ်ဌာနချုပ် သံလွင်ခန်းမ၌ ကျင်းပသည့် တပ်မတော်နေ့ ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်ရာ ရှေးဦးစွာ တပ်မတော်နေ့ အထိမ်းအမှတ် စစ်သည်တော်ကျင့်ဝတ်ပြိုင်ပွဲတွင် ဆုရရှိကြသူများ၊ စစ်ရေးပြအခမ်းအနားတွင် ဆုရစစ်ရေးပြတပ်ခွဲများအား ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် တိုင်းမှူးက တက်ရောက်လာကြသူများအား ဂုဏ်ပြုညစာစားပွဲဖြင့် တည့်ခင်းဧည့်ခံသည်။

မန္တလေး

ထို့အတူ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ်(၆၂)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားကို မတ် ၂၇ ရက် နံနက်ပိုင်းက မန္တလေးနန်းမြို့ ကျောက်တိုက်ကွင်း၌ ကျင်းပသည်။

ရှေးဦးစွာ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်၊ တပ်မတော်အရာရှိကြီးများ၊ စစ်ရေးပြတပ်ခွဲများ၊ တက်ရောက်လာကြသူများသည် နိုင်ငံတော်အလံအား အလေးပြုခြင်း၊ ကျဆုံးလေပြီးသော တပ်မတော်သားများအား အလေးပြုခြင်း၊ သစ္စာလေးချက်ရွတ်ဆိုခြင်းများကို စစ်ရေးပြအစီအစဉ်အတိုင်း ဆောင်ရွက်ကြသည်။

ထို့နောက် တိုင်းမှူးက (၆၂)နှစ်မြောက် တပ်မတော်နေ့မိန့်ခွန်း ပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ညပိုင်းတွင် တိုင်းမှူးသည် နန်းမြို့ဧည့်ရိပ်သာမြက်ခင်းပြင်၌ ကျင်းပသည့် (၆၂)နှစ်မြောက် တပ်မတော်နေ့ အထိမ်းအမှတ် ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်ပြီး ခင်းကျင်းပြသထားသော (၆၂)နှစ်မြောက် တပ်မတော်နေ့ ဓာတ်ပုံမှတ်တမ်းများနှင့် စာစီစာကုံး၊ ကဗျာ၊ ပန်းချီ၊ ကွန်ပျူတာပန်းချီဆုရမှတ်တမ်း နံရံကပ်ဘုတ်များကို ကြည့်ရှုအားပေးသည်။

ထို့နောက် (၆၂)နှစ်မြောက် တပ်မတော်နေ့ အထိမ်းအမှတ် တိုင်းအဆင့် စစ်သည်တော်ကျင့်ဝတ်ပြိုင်ပွဲတွင် ဆုရရှိကြသူများ၊ ကဗျာ၊ စာစီစာကုံး၊ ပန်းချီ၊ ကွန်ပျူတာပန်းချီ၊ ကျပန်းစကားပြော၊ မူကြိုကလေးငယ်များက ကဗျာရွတ်ပြိုင်ပွဲတို့တွင် ဆုရရှိကြသူများအား တိုင်းမှူးနှင့်ဇနီး၊ တာဝန်ရှိသူများက ဆုများအသီးသီး ပေးအပ်ချီးမြှင့်ကြပြီး တိုင်းမှူးသည် တက်ရောက်လာကြသူများအား ဂုဏ်ပြုညစာဖြင့် တည့်ခင်းဧည့်ခံသည်။

မော်လမြိုင်

အလားတူ အရှေ့တောင်တိုင်းစစ်ဌာနချုပ် (၆၂)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားကို မတ် ၂၇ ရက် နံနက်ပိုင်းက မော်လမြိုင်မြို့ တိုင်းစစ်ဌာနချုပ် တပ်နယ်အားကစားကွင်း၌ ကျင်းပသည်။

ရှေးဦးစွာ မွန်ပြည်နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်သက်နိုင်ဝင်း၊ တပ်မတော်အရာရှိကြီးများ၊ စစ်ရေးပြတပ်ဖွဲ့ခွဲများ၊ တက်ရောက်လာကြသူများသည် နိုင်ငံတော်အလံ အလေးပြုခြင်း၊ ကျဆုံးလေပြီးသော တပ်မတော်သားများအား အလေးပြုခြင်း၊ သစ္စာ(၄)ချက် ရွတ်ဆိုခြင်းများကို စစ်ရေးပြ အစီအစဉ်များအတိုင်း ဆောင်ရွက်ကြသည်။

ထို့နောက် တိုင်းမှူးက (၆၂)နှစ်မြောက် တပ်မတော်နေ့မိန့်ခွန်းပြောကြားပြီး တပ်မတော်နေ့အထိမ်းအမှတ် စစ်သည်တော်ကျင့်ဝတ်ပြိုင်ပွဲတွင် ဆုရရှိကြသူများအား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်၍ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

တောင်ငူ

ထို့အတူ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် ၂၀၀၇ ခုနှစ် (၆၂)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားကို မတ် ၂၇ ရက် နံနက်ပိုင်းတွင် တောင်ငူမြို့ တိုင်းစစ်ဌာနချုပ် စစ်ရေးပြကွင်း၌ ကျင်းပသည်။

ရှေးဦးစွာ ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကိုကို၊ တပ်မတော်အရာရှိကြီးများ၊ စစ်ရေးပြတပ်ခွဲမှူးများသည် နိုင်ငံတော် အလံအလေးပြုခြင်း၊ ကျဆုံးလေပြီးသော တပ်မတော်သားများအား အလေးပြုခြင်း၊ သစ္စာလေးချက်ရွတ်ဆိုခြင်းများကို စစ်ရေးပြအစီအစဉ်အတိုင်း ဆောင်ရွက်ကြသည်။

ထို့နောက် တိုင်းမှူးက (၆၂)နှစ်မြောက် တပ်မတော်နေ့ မိန့်ခွန်းပြောကြားပြီး အခမ်းအနားကိုရုပ်သိမ်းလိုက်သည်။

ယင်းနောက် တိုင်းမှူးသည် တိုင်းခန်းမ၌ကျင်းပသည့် တပ်မတော်နေ့ အထိမ်းအမှတ် စစ်သည်တော်ကျင့်ဝတ်ပြိုင်ပွဲ၌ ဆုချီးမြှင့်ပွဲသို့တက်ရောက်၍ ပထမဆုရကြသူများအား တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ဂုဏ်ထူးဆောင်လက်မှတ်နှင့် ဂုဏ်ပြုဆုငွေကျပ်တစ်သိန်းစီကိုပေးအပ်ချီးမြှင့်သည်။

ညပိုင်းတွင် တိုင်းမှူးသည် တိုင်းစစ်ဌာနချုပ်ရိပ်သာ မြက်ခင်းပြင်၌ ဧည့်ပရိသတ်များအား တပ်မတော်နေ့ အထိမ်းအမှတ်ဂုဏ်ပြုညစာ စားပွဲဖြင့် တည်းခင်းဧည့်ခံကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကျိုက်မရောမြို့နယ်အသင်း (ရန်ကုန်)၏ ပဉ္စမအကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန် ဆုချီးမြှင့်ပွဲ အခမ်းအနားကို မတ် ၂၅ ရက်တွင် မင်္ဂလာတောင်ညွန့်မြို့နယ် သိမ်ဖြူလမ်း ဆရာဝန်အသင်းတိုက် အနီးရှိ စိတ်တိုင်းကျစားသောက်ဆိုင်၌ ကျင်းပရာ အသင်းနာယက ဦးစိုးမြင့် (ဦးဆောင်ညွှန်ကြားရေးမှူး-ငြိမ်း၊ မြန်မာ့ကြွေထည်မြေထည်လုပ်ငန်း)က ၂၀၀၆ ခုနှစ် တက္ကသိုလ်ဝင်တန်း ငါးဘာသာဂုဏ်ထူးရှင် မောင်စွမ်းပြည့်ဟိန်း အား ပညာရည်ချွန်ဆု ချီးမြှင့်စဉ်။ (က-ပ)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၃၁-၃-၂၀၀၇

(စနေနေ့)

- ၇း၀၀ MRTV-4 အဖွင့် Logo
- ၇း၀၅ ယနေ့လူသားများရဲ့ မနက်ဖြန် ကမ္မာတရားတော် [အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြု တက္ကသိုလ်ပါမောက္ခချုပ် ဆရာတော် အဂ္ဂမဟာ ပဏ္ဍိတ ဘဒ္ဒန္တ ဒေါက်တာ နန္ဒမာလာဘိဝံသ]
- ၇း၅၅ ကုန်သွယ်စီးပွားနိုင်ငံ့အား (ရည်မှန်းချက်ခိုင်ခိုင် UMFCCI)
- ၈း၂၀ တေးဂီတအစီအစဉ်
- ၈း၂၅ ပျော်ရွှင်ကစားမြွေလှေကား
- ၈း၅၅ တေးဂီတအစီအစဉ်
- ၉း၀၀ မြန်မာ့"အိုး"
- ၉း၁၀ သီချင်းကောင်းကောင်း သီချင်းတောင်း
- ၉း၃၅ ပြည်တွင်းသတင်းအကျဉ်း
- ၉း၄၀ နိကာယ်ငါးရပ်ပိဋကတ် မြန်မာပြန် တရားတော်များ သင်တန်း
- ၁၀း၁၀ တေးဂီတအစီအစဉ်
- ၁၀း၁၅ တစ်ပတ်အတွင်း အားကစားသတင်း
- ၁၀း၃၀ နိုင်ငံတကာသတင်းအကျဉ်း
- ၁၀း၃၅ အဏ္ဏဝါ၏သားကောင်းများ
- ၁၁း၀၀ တေးဂီတအစီအစဉ်
- ၁၀း၀၅ ဆည်မြောင်းရဲ့အားမာန် ပေါင်းလောင်းရေလှောင်တမံ
- ၁၁း၂၅ ပြည်တွင်းသတင်းအကျဉ်း
- ၁၁း၃၅ မိုးလေဝသခန့်မှန်းချက်
- ၁၁း၄၀ သိစေချင်သည် ICT "Trouble Shooting" အကြောင်းသိကောင်းစရာ
- ၁၂း၀၀ တေးဂီတအစီအစဉ်
- ၁၂း၀၅ အဆင်းရော၊ အချင်းပါပြည့်စုံတဲ့ မြစ်မင်းဧရာဝတီကို စုန်ဆင်းခြင်း ခရီးတစ်ခေါက်
- ၁၂း၃၅ နိုင်ငံတကာသတင်းအကျဉ်း
- ၁၂း၄၀ တေးဂီတအစီအစဉ်
- ၁၂း၄၅ အနာဂတ်ပန်းများ ပွင့်လန်းဝေဆာ မြင်သာမြို့ဦး ပရဟိတဂေဟာ (အပိုင်း-၂)
- ၁း၀၀ MRTV-4 အပိတ် Logo

အထက်ပါ ၆ နာရီစာ အစီအစဉ်များကို နံနက် ၇ နာရီမှ မွန်းလွဲ ၁ နာရီအထိ တစ်ကြိမ်၊ မွန်းလွဲ ၁ နာရီမှ ည ၇ နာရီအထိ တစ်ကြိမ်၊ ည ၇ နာရီမှ နံနက် ၁ နာရီအထိ တစ်ကြိမ်၊ နံနက် ၁ နာရီမှ နံနက် ၇ နာရီအထိ တစ်ကြိမ် လေးကြိမ်ဆက်တိုက် ၂၄ နာရီ အချိန်ပြည့် ထုတ်လွှင့်သွားမည် ဖြစ်ပါသည်။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

English Premier League ဘောလုံးပွဲစဉ်များ

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၅း၀၀	ပွဲကြိုသုံးသပ်ချက်-၁	5-Sports
၅း၃၀	ပွဲကြိုသုံးသပ်ချက်-၂	5-Sports(Live)
၆း၁၀	Liverpool-Arsenal	5-Sports(Live)
၈း၂၅	Man utd-Blackburn	5-Sports(Live)
	West Ham-Middlebrough	5-Series(Live)
	Bolton-Sheffield	5-Series(Live)
၁၀း၄၀	Watford-Chelsea	5-Series(Live)
၁၁း၀၀	Newcastle- Man City	5-Sports(SDD)

အသျှင်သီရိဓမ္မခရီးစဉ်

ရန်ကုန် မတ် ၃၀

ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် ကမ္ဘာအေး သံဃတက္ကသိုလ်ကျောင်းတိုက်မှ အသျှင်သီရိ (ဓမ္မာစရိယ B.E.T) ဆရာတော်အရှင်မြတ်သည် မတ် ၃၁ ရက်မှ ဧပြီ ၁ ရက်အထိ ကျိုက်လတ်မြို့နယ် သရက်ငူရွာ ဘုန်းတော်ကြီးကျောင်း၊ ဧပြီ ၂ ရက်မှ ၈ ရက်အထိ ပဲခူးတိုင်း ရွှေတောင်မြို့နယ် တဲကြီးကုန်းကျေးရွာ သိမ်တောင်ဘုန်းတော်ကြီးကျောင်း၊ ဧပြီ ၁၁ ရက်မှ ၁၇ ရက်အထိ နတ်တလင်းမြို့ သရက်တောကျောင်းတိုက်တို့တွင် ညစဉ် ၇ နာရီမှစ၍ တရားတော်များဟောကြားမည်ဖြစ်ကြောင်း သိရသည်။ **(က-ပ)**

မိုးကုတ်ဝိပဿနာ ၁၀ ရက် တရားစခန်းပွဲ

ရန်ကုန် မတ် ၃၀

ရန်ကုန်တိုင်း တာမွေမြို့နယ် မာန်အောင်ရပ်ကွက် လေးဒေါင့်ကန်လမ်းမ၊ မိုးကုတ်ဝိပဿနာအေးရိပ်သာကျောင်းတိုက် အဖွဲ့ခွဲအမှတ်(၃၁၈)၌ မိုးကုတ်ဝိပဿနာအလုပ်ပေး တရားစခန်းပွဲကို ဧပြီ ၆ ရက်မှ ၁၆ ရက်အထိ ၁၀ ရက် တရားစခန်းပွဲ ကို ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ဦးစီးပဓာန နာယကဆရာတော် ရွှေမန်းဦးသူရိယ (ဓမ္မာစရိယ) မဟာကမ္မဋ္ဌာနာစရိယ ဓမ္မကထိကဗဟုဇနဟိတရေ အရှင်သူမြတ်က ဒိဋ္ဌိဖြုတ်ခန္ဓာဉာဏ်ရောက် နိဗ္ဗာန်ရောက်ကြောင်း သစ္စာလေးပါး အလုပ်ပေးတရားများ ဟောကြားမည်ဖြစ်ရာ တရားစခန်းဝင်မည့် ယောဂီများမှ ဖုန်း- ၅၄၅၄၁၅ သို့ လာရောက်စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

ဗိုလ်ချုပ်အောင်ဆန်းဈေး သင်္ကြန်အကြိုဈေးရောင်းပွဲတော်ဖွင့်

ရန်ကုန် မတ် ၃၀

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီနှင့် ပိုင်အောင်ထရေးဒင်းကုမ္ပဏီလီမိတက်တို့ ပူးပေါင်းကျင်းပသော ဗိုလ်ချုပ်အောင်ဆန်းဈေး မဟာသင်္ကြန်အကြို အထူးဈေးရောင်းပွဲတော် ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၉ နာရီက ဈေးရှေ့မုခ်ဦး၌ ကျင်းပရာ ရန်ကုန်အနောက်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးအောင်မြင့်၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ဈေးများဌာန ဌာနမှူး ဦးစိုးမြင့်နှင့် ပိုင်အောင်ထရေးဒင်းကုမ္ပဏီလီမိတက် မန်နေဂျင်းဒါရိုက်တာ ဦးနိုင်စိုးတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးပြီး ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အတွင်းရေးမှူး ဦးတင်စိုးက မုခ်ဦးဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးသည်။ **(အပေါ်ပုံ)**

ဈေးနှုန်းချိုသာစွာဖြင့်ရောင်းချ

ဗိုလ်ချုပ်အောင်ဆန်းဈေး မဟာသင်္ကြန်အထူး ဈေးရောင်းပွဲတော်ကို မတ် ၃၀ ရက်မှ ဧပြီ ၃ ရက်အထိ နေ့စဉ် နံနက် ၉ နာရီမှ ညနေ ၆ နာရီခွဲအထိ ဆိုင်ခန်းပေါင်း ၂၀၀ ကျော်က ကုန်ပစ္စည်းမျိုးစုံကို ဈေးနှုန်းချိုသာစွာဖြင့် ခင်းကျင်း ရောင်းချပေးသွားမည်ဖြစ်သည်။ **(မြန်မာ့အလင်း)**

ဖွံ့ဖြိုးဝေစည်နေသော ပုသိမ်မြို့နယ် ကြက်ပေါင်ကျေးရွာမြင်ကွင်း

ကွင်းဆင်းလေ့လာရေးသားသူ – သန်းသန်းနုနှင့် တင်မာဝင်း။ ဓာတ်ပုံမှတ်တမ်း – တင်စိုး(မြန်မာ့အလင်း)

ရန်ကုန် မတ် ၃၀

နိုင်ငံတော်က ကျေးလက်ဒေသ လမ်းပန်းဆက်သွယ်မှု ကောင်းမွန်ရေး၊ ကျေးလက်ဒေသ သန့်ရှင်းသော သောက်သုံးရေနှင့် စိုက်ပျိုးရေရရှိရေး၊ ကျေးလက်ဒေသ ပညာရည်မြင့်မားရေး၊ ကျေးလက်ဒေသ ကျန်းမာရေး စောင့်ရှောက်မှု မြှင့်တင်ရေးနှင့် ကျေးလက်ဒေသ၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးဟူသော ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းစဉ်ငါးရပ်ကို ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိသည့်အပြင် ကျေးရွာမီးလင်းရေးကို ရှေးရှုဆောင်ရွက်လျက်ရှိရာ ဒေသအသီးသီးတွင် အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်နေသည်ကို တွေ့မြင်နေရသည်။

ပိုင်ဇင်ကျော် လျှပ်စစ်မီးစက်

ကျေးရွာသို့ စပါးခွံမှ ထုတ်လွှတ်ပေးသော ပိုင် ဇင် ကျော်၏ လျှပ်စစ်မီးစက်။

ဓာတ်ပုံ–တင်စိုး (မြန်မာ့အလင်း)

စပါးခွံမှ လျှပ်စစ်မီး

ကျေးလက်ဖွံ့ဖြိုးရေးကို ဖော်ဆောင်ရာတွင် ကျေးရွာတစ်ရွာ ထုတ်ကုန်တစ်မျိုး ထုတ်လုပ်ရေး (One Village, One Product) လုပ်ငန်းစီမံချက်အရ ပုသိမ်မြို့ ကြက်ပေါင်ကျေးရွာသို့ စပါးခွံမှ လျှပ်စစ်မီး ရရှိရေး လုပ်ငန်းခွင်သို့ မြန်မာ့အလင်း သတင်းအဖွဲ့ ကွင်းဆင်းလေ့လာခဲ့ကြပါသည်။

ဧရာဝတီတိုင်း ပုသိမ်မြို့မှ ကုန်းလမ်းခရီး ခြောက်မိုင်အကွာ ရေမိုင်ခရီး ခုနစ်မိုင်အကွာတွင် တည်ရှိသော ကြက်ပေါင်ကျေးရွာသို့ ပုသိမ်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ စီစဉ်ပံ့ပိုးမှုဖြင့် မြန်မာ့အလင်း သတင်းအဖွဲ့ ရောက်ရှိခဲ့ကြသည်။ ကြက်ပေါင်ကျေးရွာ ရပ်ကွက်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီမှ အဖွဲ့ဝင် ဦးဝင်းဇော်နှင့် အဖွဲ့က စပါးခွံဖြင့် မီးရရှိရေးလုပ်ငန်းခွင်သို့ လိုက်လံပြသခဲ့ကြသည်။

လုပ်ဆောင်ပေး

ပုသိမ်မြို့နယ်ကြက်ပေါင်ကျေးရွာအတွင်း စပါးခွံမှ မီးရရှိရေး လုပ်ငန်းပိုင်ရှင်မှာ ဦးဝင်းလှိုင်–ဒေါ်ချိုချိုဦးတို့ ဖြစ်ပါသည်။ နည်းပညာရှင် ဦးအောင်ဝင်းက ၎င်းတို့ကိုယ်ပိုင် တစ်ဦးတည်း လုပ်ငန်းအဖြစ် ၂၀၀၆ ခုနှစ်က စတင်၍ လုပ်ဆောင်လျက်ရှိကြောင်း ပြောပြသည်။ ကျေးရွာအတွင်း အိမ်ခြေပေါင်း ၅၅၆အိမ်ရှိသည့်အနက် လက်ရှိအခြေအနေတွင် အိမ်ခြေပေါင်း ၁၇၀ ခန့်အတွက် လျှပ်စစ်မီး ပေးလျက်ရှိသည်။ စက်စွမ်းအားအရ အိမ်ခြေပေါင်း ၂၅၀ နီးပါး လျှပ်စစ်မီးပေးဝေနိုင်မည်ဖြစ်ပေသည်။ ညစဉ် လျှပ်စစ်မီးများ ရရှိလျက်ရှိသည်။ ကြက်ပေါင်ကျေးရွာအတွင်း ဒိုင်နမိုမှ လိုင်းသုံးလိုင်းဖြင့် သွယ်တန်းပေးပို့လျက်ရှိရာ ရွာမပိုင်း၊ ကွမ်းခြံပိုင်း၊ ကွင်းတန်းပိုင်းတို့ ဖြစ်သည်။

ကုန်ကြမ်းအဖြစ်

ကုန်ကြမ်းအသုံးပြုမှု ပမာဏ အရ တစ်နာရီလျှင် စပါးခွံရှစ်တင်း အိတ်အရေအတွက်အားဖြင့် လေးအိတ် အသုံးပြုလျက်ရှိရာ တစ်ညလျှင် ငါးနာရီ အသုံးပြုနိုင်သည့်အတွက် စပါးခွံအိတ်ရေပေါင်း ၂၀ ခန့် ကုန်ကြမ်း အသုံးပြုလျက်ရှိကြောင်း သိရှိရသည်။

လျှပ်စစ်ဓာတ်အားထုတ်လွှတ်နိုင်မှု ပမာဏကို ဒေသခံ နည်းပညာရှင် ဦးအောင်ဝင်းအား မေးမြန်းရာတွင် "၎င်းတို့ထုတ်လွှတ်နိုင်မှုပမာဏ ကီလိုဝပ်သုံးဆယ်၏ ၇၅ ရာခိုင်နှုန်းသာ အသုံးပြုနိုင်ပါကြောင်း၊ တစ်နာရီလျှင် ကီလိုဝပ် ၂၀ အသုံးပြုကြောင်း၊ ညစဉ် ငါးနာရီအတွက် ကီလိုဝပ် ၁၀၀ ကို စက်စွမ်းအားမှ ပို့လွှတ်ပါကြောင်း" မြန်မာ့အလင်းသို့ ပြောကြားသည်။

လုပ်ဆောင်ပုံအဆင့်ဆင့်

ဆက်လက်၍လုပ်ငန်းလုပ်ဆောင်ပုံ အဆင့်ဆင့်ကို ရှင်းလင်းရာ၌ စပါးခွံကို လောင်စာစည်ပိုင်းထဲသို့ ပထမဦးစွာ ထည့်ရပါကြောင်း၊ လောင်စာများကို စက်စွမ်းအားဖြင့် လောင်ကျွမ်းစေပြီးနောက် ၁၅ မိနစ်ခန့်ကြာသောအခါ ဓာတ်ငွေ့အဖြစ်ရရှိလာအောင် ဆောင်ရွက်ရကြောင်း၊ ဓာတ်ငွေ့အဖြစ်ရရှိလာပါက ၎င်းဓာတ်ငွေ့များကို အင်ဂျင်စက်ထဲသို့ ပေးပို့စေကာ အင်ဂျင်မှတစ်ဆင့် လျှပ်စစ်မီးများရရှိအောင် ဆောင်ရွက်လျက်ရှိကြောင်း၊ စပါးခွံမှ ကျသည့် ပြာများကို လေလွင့်မှု မရှိစေဘဲ လယ်ယာမြေများတွင် မြေဩဇာအဖြစ် အသုံးပြုလျက်ရှိကြောင်း တွေ့ရှိရပေသည်။

အခမဲ့လှူဒါန်း

ကျေးလက်နေ ပြည်သူများအနေဖြင့် တစ်ညလျှင် မီးတစ်ပွင့်အသုံးပြုခ ကျပ် ၈၀ ဖြစ်ပြီး မီးနှစ်ပွင့်သုံးပါက ကျပ် ၁၂၀ သာပေးဆောင်ရပါသည်။ ကျေးရွာအတွင်း မီးအသုံးပြုသည့် အိမ်ခြေ ၁၇၀ ကို ဘုရားမီးပူဇော်သည့် မီးပွင့်အတွက် ပိုင်ရှင် ဦးဝင်းလှိုင်–ဒေါ်ချိုချိုဦး မိသားစုက အခမဲ့ လှူဒါန်းလျက်ရှိရာ စေတနာ၊ သဒ္ဓါတရားရှေ့ထားကာ လက်တွေ့ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာတွင် တိုးတက်အောင်မြင်မှု၊ ဖွံ့ဖြိုးသာယာမှုများ ရရှိနေသည်ကို မျက်ဝါးထင်ထင် မြင်တွေ့ခဲ့ရသည်။ ကုသိုလ်လည်းရ ဝမ်းလည်းဝသော လုပ်ငန်းအဖြစ် ဖော်ညွှန်းလိုသည်။

ယခုကဲ့သို့ ကြက်ပေါင်ကျေးရွာအတွင်း စပါးခွံမှ လျှပ်စစ်မီးရရှိရေးကို ၂၀၀၇ ခုနှစ်အတွင်းမှာပင် စပါးခွံမှ လျှပ်စစ်မီးရရှိရေး အတွက် တိုးချဲ့ဆောင်ရွက်ရာတွင် ကြက်ပေါင်ကျေးရွာနေ ဦးခင်မောင်ဝင်း မိသားစုက လျှပ်စစ်မီး သွယ်တန်းပေးမည်ဖြစ်ကြောင်း ဒေသခံများ၏ ပြောကြားချက်အရ ကြားသိခဲ့ရပါသည်။

ကြက်ပေါင်ကျေးရွာ၏ ကျေးလက်ကျန်းမာရေးဌာနကို ဤသို့ ဖွင့်လှစ်ထားသည်။

ဓာတ်ပုံ–တင်စိုး(မြန်မာ့အလင်း)

ဖွံ့ဖြိုးဝေစည်

ဧရာဝတီတိုင်း ပုသိမ်မြို့နယ် ကြက်ပေါင်ကျေးရွာတွင် ကျေးရွာဆေးပေးခန်း၊ ကျေးရွာစာကြည့်တိုက်၊ မူလတန်းကြိုကျောင်းနှင့် တွဲဖက်အထက်တန်းကျောင်းတို့ဖြင့် ဖွံ့ဖြိုးဝေစည်လျက်ရှိပါသည်။

ကျေးရွာတစ်ရွာ၊ ကုန်ထုတ်လုပ်ငန်းတစ်ခု၊ နိုင်ငံအကျိုးပြု

ကုန်ကျစရိတ် သက်သာ

စပါးခွံမှ လျှပ်စစ်မီးရတဲ့အတွက် ကုန်ကျစရိတ် အများကြီး သက်သာပါတယ်။

ဦးညဏ်မြင့် ကျေးရွာပြည်သူ

ဓာတ်ပုံ–တင်စိုး (မြန်မာ့အလင်း)

သာယာပျော်ရွှင်ဖွယ်

ကျေးရွာအတွင်း၌လည်း ရုပ်မြင်သံကြား၊ ဗီဒီယို၊ ကက်ဆက်သံတို့ဖြင့် မိသားစုအပန်းဖြေ သာယာပျော်ရွှင်ဖွယ်ရာ ခံစားရှုမြင်ခဲ့ရပေသည်။

ကြက်ပေါင်ကျေးရွာတွင်း ရောက်ရှိစဉ် ကိုညဏ်မြင့်–မအေးအေးနွယ် မိသားစုတို့ ဗီဒီယို၊ စီဒီသီချင်းနားထောင်နေရာ နေအိမ်လေးတွင်းသို့ မြန်မာ့အလင်းအဖွဲ့က သွားရောက်တွေ့ဆုံ မေးမြန်းခဲ့သည်။

အခမဲ့ လှူဒါန်း

ကျေးရွာရှိ ဘုန်းကြီးကျောင်းအတွက် အခမဲ့ လှူဒါန်း ပေးနိုင်လို့ ပီတိဖြစ်ရပါတယ်။

ဒေါ်ချိုချိုဦး စပါးခွံ မီးစက်ပိုင်ရှင်

ဓာတ်ပုံ–တင်စိုး (မြန်မာ့အလင်း)

သက်သာ

ကိုညဏ်မြင့်၏ ပြောကြားချက်အရ "ယခုကဲ့သို့ ကျေးရွာနေအိမ်တွင်း မီးရရှိသည့်အတွက် ညပိုင်း ၁၁ နာရီခန့်အထိ မီးအသုံးပြုလို့ ရပါတယ်။ ယခင်က ဘက်ထရီမီး၊ ဒီဇယ်မီးစက်တို့ အသုံးပြုရတုန်းက ည ၈ နာရီခန့်သာ မီးထွန်းနိုင်ပါတယ်။ ညပိုင်းကို ဆက်မထွန်းနိုင်ပါဘူး။ တစ်ညကို မီးဖိုး ကျပ် ၃၀၀ လောက် ကုန်ကျပါတယ်။ ယခုဆိုရင် စပါးခွံမှ မီးထုတ်လွှတ်ပေးနိုင်တဲ့အတွက် ည ၁၁ နာရီခန့်အထိကို ကျပ် ၁၀၀ လောက်သာ ပေးရတဲ့အတွက် ကုန်ကျစရိတ် အများကြီး သက်သာပါတယ်"ဟု ဖြေကြားသွားသည်။

ဆက်လက်၍ စပါးခွံ မီးစက်ပိုင်ရှင် ဒေါ်ချိုချိုဦးအား မေးမြန်းရာတွင် "ယခုလို စပါးခွံမီး အသုံးပြုနိုင်သည့်အတွက် ကျွန်မတို့ကျေးရွာရှိ ဘုရားသုံးဆူနှင့် ဘုန်းကြီးကျောင်းတို့ကို စေတနာနဲ့ အခမဲ့ လှူဒါန်းပေးနိုင်ခဲ့ပါတယ်"ဟု မြန်မာ့အလင်းသို့ ဖြေကြားသွားပါသည်။

ဟန်ချက်ညီညီဖြစ်ထွန်း

နိုင်ငံတော်လူဦးရေ၏ ၇၀ ရာခိုင်နှုန်းကျော်သည် ကျေးလက်ဒေသတွင် နေထိုင်ကြသူများဖြစ်ပေရာ နိုင်ငံတော်အနေဖြင့် ကျေးလက်ဒေသနေပြည်သူများအကျိုးအတွက် ကျေးလက်ဒေသဖွံ့ဖြိုးရေး အခြေခံ လုပ်ငန်းတာဝန်ငါးရပ်အပြင် ကျေးလက်မီးလင်းရေး၊ စာကြည့်တိုက်ထူထောင်ရေး လုပ်ငန်းစဉ်များပါ အကောင်အထည်ဖော်ဆောင်ရွက်နေချိန်တွင် ဧရာဝတီတိုင်း ပုသိမ်မြို့နယ် ကြက်ပေါင်ကျေးရွာ၏ ကျေးလက်တစ်ခွင် ဖွံ့ဖြိုးဝေစည်မှုသည် ဟန်ချက်ညီညီ ဖြစ်ထွန်းလျက်ရှိနေပါကြောင်း ကွင်းဆင်းမေးမြန်းရေးသားဖော်ပြလိုက်ရပါသည်။ ။

(မြန်မာ့အလင်း)

ပုသိမ်မြို့နယ် ကြက်ပေါင်ကျေးရွာ၏ အခင်းအကျင်းက ဤသို့ သန့်ရှင်းသပ်ရပ်လှသည်။

ဓာတ်ပုံ–တင်စိုး(မြန်မာ့အလင်း)

မြဝတီနှင့်ဘားအံမြို့များတွင် ကတ္တရာလမ်းသစ်များဖွင့် ကြံ့ခိုင်ဖွံ့ဖြိုးရေးအသင်း၊ အသင်းဝင်အဆိုပြုလွှာပေးအပ်

ရန်ကုန် မတ် ၃၀

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် ကရင်ပြည်နယ်တာဝန်ခံ သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်သည် မြဝတီတပ်နယ်မှ ဗိုလ်မှူးကြီးနေလင်းနှင့် ကရင်ပြည်နယ် ပြည်နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးခင်ကြူးတို့ လိုက်ပါလျက် မတ် ၁၈ရက် နံနက်ပိုင်းက မြဝတီခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အစည်းအဝေးခန်းမ၌ မြဝတီခရိုင်အတွင်းရှိ အတွင်းရေးမှူးများ၊ အမှုဆောင်များနှင့် တွေ့ဆုံအမှာစကားပြောကြားသည်။

ထို့နောက် မြဝတီမြို့အမှတ် (၅) ရပ်ကွက်ရှိ အကျယ် ၁၂ပေ၊ အရှည်ပေ ၁၁၀၀ရှိ ငွေကျပ် ၈၃၂၀၀၀၀ ကုန်ကျသော ကိုယ့်အားကိုယ်ကိုး ရွှေတဆုပ်ကတ္တရာလမ်း၊ အမှတ်(၁)ရပ်ကွက်ရှိ အကျယ် ၁၄ပေ၊ အရှည်ပေ ၅၃၀ရှိ ငွေကျပ် ၈၀၇၄၂၀၀ ကုန်ကျသော ကိုယ့်အားကိုယ်ကိုး ဒေါနကတ္တရာလမ်း ဖွင့်ပွဲများ သို့ တက်ရောက်သည်။

တွေ့ဆုံအမှာစကားပြောကြား

ဆက်လက်၍ ဗဟိုအလုပ်အမှုဆောင်ဝန်ကြီးနှင့်အဖွဲ့သည် မြဝတီမြို့ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရှိ သောင်းရင်းခန်းမ၌ ရပ်မိရပ်ဖများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် တွေ့ဆုံ၍ အမှာစကားပြောကြားသည်။

အခမ်းအနားတွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းဝင် အဆိုပြုလွှာများအားမြဝတီခရိုင်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးစောလွင်က လည်းကောင်း၊ ခါနွေဦး အမျိုးသားယဉ်ကျေးမှုနှင့် စာရိတ္တပညာသင်တန်းတွင် အသုံးပြုရန်အတွက် အမှတ်(၅)ရပ်ကွက်နေ ဦးစောအေးမြိုင်က ဗလာစာအုပ်များကို လည်းကောင်း၊ကွမ်းရင်ဗုဒ္ဓဘာသာဘုရားကျောင်း ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးကျော်ဝင်းဟန်က အလှူငွေကျပ် သုံးသိန်းတို့ကို ပေးအပ်လှူဒါန်းရာ ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးက လက်ခံသည်။

ဆက်လက်ပြီး မြဝတီခရိုင် ပညာရေးကဏ္ဍမြှင့်မားရေးအတွက် မြဝတီမြို့ရှိကုမ္ပဏီများမှလှူဒါန်းသော အလှူငွေကျပ်ရှစ်သိန်း၊ စာသင်ခုံများ ပြုလုပ်ရန်နှင့် ပြည်သူ့အားကစားကွင်း ပွဲကြည့်စင်တည်ဆောက်ရေးအတွက် ဆောက်လုပ်ရေးတာဝန်ခံ အင်ဂျင်နီယာ ဦးဘမြင့်က ငွေကျပ် ငါးသိန်းလှူဒါန်းရာ ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးခင်ကြူးက လက်ခံသည်။

အသင်းဝင်အဆိုပြုလွှာပေး

မတ် ၁၉ရက် နံနက်ပိုင်းက ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင်၊ ကရင်ပြည်နယ်တာဝန်ခံ သာသနာရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ် သူရမြင့်မောင်သည် ကရင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီး ခင်ကြူးနှင့်အဖွဲ့ဝင်များ လိုက်ပါလျက်ဘားအံပညာရေးကောလိပ်သီရိခန်းမ၌ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းဝင်အဆိုပြုလွှာပေးအပ်ပွဲ အခမ်းအနားသို့တက်ရောက် အမှာစကားပြောကြားပြီး အသင်းဝင်အဆိုပြုလွှာ ၅၂၇စောင်ကိုလက်ခံသည်။

ဆက်လက်၍ ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးနှင့် ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌတို့သည် ဘားအံမြို့အမှတ် (၆)ရပ်ကွက် စိန်စီမြလမ်း ကတ္တရာလမ်းသစ်နှင့် ကွန်ကရစ်တံတား လေးစင်းဖွင့်ပွဲသို့ တက်ရောက်ရာ ဘားအံမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးသက်ဦးရှိန်က လုပ်ငန်းဆောင်ရွက်မှုများကို ရှင်းလင်းတင်ပြပြီး ပြည်နယ်အေး ချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီး ခင်ကြူးနှင့် ကရင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးမောင်မောင်အောင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ဗဟိုအလုပ်အမှုဆောင်ဝန်ကြီးက စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

လက်ဆောင်ပစ္စည်းပေး

ထို့နောက် ဗဟိုအလုပ်အမှုဆောင်ဝန်ကြီးနှင့် ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌတို့သည်ကရင်ပြည်နယ်ခရစ်ယာန်အသင်း သာသနာပိုင်ရုံး၊ ဘိုးဘွားများအောက်မေ့ဘွယ်ခန်းမဆောင်၌ ခရစ်ယာန်ဘာသာရေးခေါင်းဆောင်များနှင့်တွေ့ဆုံပြီး ကွန်ပျူတာတစ်စုံနှင့် လက်ဆောင်ပစ္စည်းများ ပေးအပ်သည်။

ထို့နောက် ဗဟိုအလုပ်အမှုဆောင်ဝန်ကြီးနှင့် ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌတို့သည် ရသေ့ပုံရွာဘုန်းကြီးကျောင်းသို့ ရောက်ရှိပြီးဆရာတော်ဦးဝိသုတိနှင့်သံဃာတော်များအား ဖူးမြော်ကြည်ညို၍ လှူဖွယ်ပစ္စည်းများ ဆက်ကပ်ပြီး ဓမ္မာရုံ၌ ကျင်းပသော ရပ်မိရပ်ဖများနှင့် တွေ့ဆုံပွဲနှင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင် အဆိုပြုလွှာများပေးအပ်ပွဲသို့တက်ရောက်၍ အမှာစကား ပြောကြားပြီး **(ဝဲပုံ)** ရသေ့ပုံကျေးရွာအုပ်စုရွာလေးရွာမှ အသင်းဝင် အဆိုပြုလွှာ ၁၀၅၀ ပေးအပ်ရာ ဗဟိုအလုပ်အမှုဆောင်ဝန်ကြီး လက်ခံရယူကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မတ် ၂၅ ရက်က သဃ်န်းကျွန်းမြို့နယ် (ခ)ရပ်ကွက် အမှတ်(၁၀)အခြေခံပညာမူလတန်းကျောင်း ၂၀၀၅-၂၀၀၆ ပညာသင်နှစ် ပညာရည်ချွန်ဆုပေးပွဲ အခမ်းအနား၌ စတုတ္ထတန်း(ခ)မှ ကာယထူးချွန်ဆုရ မောင်ချမ်းမြေ့သူအား ကျောင်းအုပ်ဆရာကြီး ဦးအောင်ဝင်း ဆုချီးမြှင့်စဉ်။ (က-ပ)

အဘွားဒေါ်နန်း (သုခမ ရပ်ရှင်) (၉၈) နှစ် ပြည့် မွေးနေ့နှင့် မြေးကို အောင် အောင် ဦး (ခေတ္တ၊ စင်ကာပူ) က ဒဂုံမြို့ နယ် အ မှတ် ၁၆ စ ကား ဝါ လမ်း မင်း ကွန်း ဆ ရာ တော် ကြီး ၏ တိ ပိ ဋ က ကျောင်း တော် ကြီး ဆွမ်း ပဒေသာပင် အ တွက် အ လှူငွေကျပ် ငါးသိန်းကို ပိဋကနှစ်ပုံခွဲဆောင် ဆရာတော် ဘဒ္ဒန္တ ကေသရိန္ဒထံ ရေစက်ချ အနုမောဒနာတရားနာယူပြီး တိ=နိ(ရန်ကုန်ဌာန)အတွင်းရေးမှူး ဦးကျော်စိန်ထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

လမ်းများ ကတ္တရာကွန်ကရစ် ထပ်ပိုးခင်းခြင်းလုပ်ငန်း မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း ကြည့်ရှုစစ်ဆေး

ရန်ကုန် မတ် ၃၀

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းသည် တာဝန်ရှိသူများလိုက်ပါ၍ တာမွေမြို့နယ် လေးထောင့်ကန်လမ်းသို့ ယမန်နေ့ နံနက်၇နာရီခွဲ က ရောက်ရှိပြီး ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာဌာန (လမ်းနှင့်တံတား)က တာမွေမြို့နယ် အရှေ့မြင်းပြိုင်ကွင်းလမ်းဆုံမှ သဃ်န်းကျွန်းမြို့နယ် ဝေဇယန္တာလမ်းဆုံအထိ စက်ယန္တရားများဖြင့် ကတ္တရာကွန်ကရစ် ထပ်ပိုးခင်းခြင်းလုပ်ငန်းပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်နေမှုအား ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ မြို့တော်ဝန်သည် ရန်ကုန်မြို့အင်းစိန်လမ်း လှိုင်မြို့နယ် ပါရမီလမ်းဆုံမှ ကမာရွတ်မြို့နယ် လှည်းတန်းလမ်းဆုံအထိ စက်ယန္တရားများဖြင့် ကတ္တရာကွန်ကရစ် ထပ်ပိုးခင်းခြင်းလုပ်ငန်းပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး သက်ဆိုင်ရာ လုပ်ငန်းတာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

ဖြည့်ဆည်းပေး

ထို့နောက် မြို့တော်ဝန်နှင့် အဖွဲ့သည် လှိုင်မြို့နယ် အမှတ်(၁၃) ရပ်ကွက် ပန်းခြံလမ်းရှိ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ပန်းဥယျာဉ်နှင့်အားကစားကွင်းများဌာနက ဆောင်ရွက်လျက်ရှိသော ဘောလုံးကွင်းနှင့် ကလေးအားကစားကွင်း တည်ဆောက်ရေး စီမံကိန်းလုပ်ငန်းများ၊ မရမ်းကုန်းမြို့နယ် ကျိုက်ဝိုင်းဘုရားလမ်းနှင့် အင်းစိန်လမ်းထောင့်ရှိ RC ခုနစ်ထပ် အဆောက်အအုံကို ဆေးကုခန်း ဖွင့်လှစ်ဆောင်ရွက်ရေးအတွက် ပြုပြင်မွမ်းမံဆောင်ရွက်ခြင်း လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြား ဖြည့်ဆည်းဆောင်ရွက်ပေးကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

သုညတဓမ္မ သင်္ကြိန်တရားစခန်းနှင့် ဒုလ္လဘရဟန်းခံပွဲ

ရန်ကုန် မတ် ၃၀

ရန်ကုန်တိုင်း သာကေတမြို့နယ် (၇)အနောက်ရပ်ကွက် ဧရာဝဏ်လမ်း ဇိနမာန်အောင်စေတီအနီး မိုးကုတ်ဝိပဿနာ သုညတဓမ္မကျောင်းတိုက်၌ (၃)ကြိမ်မြောက် ဒုလ္လဘရဟန်းခံနှင့် တရားစခန်းကို တန်ခူးလပြည့်ကျော် ၁၂ရက်(ဧပြီ၃ရက်မှဧပြီ၈ရက်) အထိ တရားစခန်းဖွင့်မည်ဖြစ်သည်။ ဒုလ္လဘရဟန်းခံလိုသူများ သင်္ကြန်အကြိုနေ့ မွန်းတည့်၁၂နာရီအရောက် ကြွရောက်ကြရန်နှင့် လှူဒါန်းလိုသူများ ဒုတိယဗိုလ်မှူးကြီးမြင့်ထွန်း ဖုန်း-၂၀၂၃၉၊ ဒေါ်ပို့ပို့ ဖုန်း-၀၉-၅၀-၁၂၈၇၄၊ ၅၄၈၆၈၉၊ ဒေါ်သိန်းနုခိုင် ဖုန်း-၃၈၀၂၅၂၊ ၃၈၀၂၆၂နှင့် ဦးထွန်းအေး ဖုန်း-၀၉-၅၁-၃၈၅၁၆တို့သို့ ဆက်သွယ်လှူဒါန်းရန် နှိုးဆော်ထားကြောင်း သိရသည်။ **(က-ပ)**

မီးဘေးရှောင် မလောင်ခင်တား

ချင်းတွင်းမြစ်ကူး(ဆင်ဖြူရှင်တံတား) ရေလမ်းကြောင်း ပြောင်းလဲသတ်မှတ်

ရန်ကုန် မတ် ၃၀

ချင်းတွင်းမြစ်ကူး(ဆင်ဖြူရှင်တံတား) ရေလမ်းကြောင်း၌ ရေယာဉ်များ ဖြတ်သန်းသွားလာရန် ရေလမ်းကြောင်းကို အစုန်/အဆန်လမ်းအဖြစ် ရေလယ်တိုင် အမှတ်(၈)နှင့် (၉) အကြားမှ ဖွင့်လှစ်ထားခဲ့သည်။ ယခုအခါ ရေလမ်းကြောင်း အခြေအနေအရ ရေယာဉ်များဖြတ်သန်းသွားလာရန် ရေလမ်းကြောင်းကို မတ် ၂၀ရက်မှ စ၍ အစုန်/အဆန်လမ်းအဖြစ် ရေလယ်တိုင် အမှတ်(၇)နှင့်(၈)အကြားမှ ပြောင်းလဲဖွင့်လှစ်ထားသည်။

အမှတ်အသား

ပြောင်းလဲထားသည့် ရေလမ်းကြောင်း၏ ကင်းလွတ်အကျယ်မှာ ၆၄ မီတာရှိ၍ ကင်းလွတ်အမြင့်မှာ ၁၁ မီတာ ရှိသည်။ ရေယာဉ်များ ဖြတ်သန်းရမည့် ဝင်ပေါက်၌ အစိမ်းရောင် တြိဂံအမှတ်အသားပြသထားပြီး ညအခါ မီးစိမ်း ထွန်းပြသထား သည်။ မဝင်ရမည့်ရေလမ်း၌ အနီရောင်ကြက်ခြေခတ် အမှတ်အသား ပြသထားပြီး ညအခါ မီးနီထွန်း ပြသထားသည်။ ဝင်ပေါက်ရေလယ်တိုင်များတွင် မြားအမှတ်အသား ပြထားသည်။

ထုတ်ပြန်

တံတားရေလယ်တိုင်များ၏ အောက်ခြေပိုင်တိုင်အုတ်ခုံမှာ ရေလယ်တိုင်၏ တစ်ဖက်တစ်ချက်၌ ၁၅ ပေခန့် အစွန်းထွက်နေသဖြင့် ရေယာဉ်များ ရေလယ်တိုင်နှစ်ခုအကြားမှ ဖြတ်သန်းရာတွင် ယှဉ်ပြိုင်ခုတ်မောင်းခြင်း မပြုကြရန်နှင့် အစုန်ဦးစားပေး၍ ဝင်ပေါက်သို့ ချဉ်းကပ်ရာတွင် ရေစီးနှုန်း၊ လေတိုက်နှုန်းတို့ကို ချိန်ဆပြီး လုံလောက်သော အကွာအဝေးမှ ချဉ်းကပ်လမ်းကြောင်းမှန်ဖြင့် ထိန်းသိမ်းခုတ်မောင်းကြရန်၊ တွဲရေယာဉ်များ နှစ်စီးတွဲ မောင်းနှင်ခြင်းမပြုဘဲ တစ်တွဲချင်း မောင်းနှင်ကြရန် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ရေလမ်းသတိပေးနှိုးဆော်ချက် ထုတ်ပြန်ထားသည်။ **(သတင်းစဉ်)**

HIV ရောဂါပိုးကူးစက်မှုတားဆီးရေး စီမံချက်အပေါ် ကွင်းဆင်းလေ့လာတွေ့ရှိမှု အစီရင်ခံစာတင်ပြသည့် အခမ်းအနားကျင်းပ

ရန်ကုန် မတ် ၃၀

ကိုယ်ဝန်ဆောင်မိခင်မှကလေးသို့ HIV ရောဂါပိုးကူးစက်မှု တားဆီးရေးစီမံချက်နှင့်ပတ်သက်၍ ကမ္ဘာ့ကျန်းမာရေးအဖွဲ့၊ ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့နှင့် ကုလသမဂ္ဂလူဦးရေ ရန်ပုံငွေအဖွဲ့တို့မှ ဦးဆောင်သော လေ့လာရေးအဖွဲ့က လုပ်ငန်းစီမံချက်များအပေါ် ကွင်းဆင်းလေ့လာတွေ့ရှိချက်များကို ကျန်းမာရေးဝန်ကြီးဌာနဝန်ကြီး ဒေါက်တာကျော်မြင့်ထံ အစီရင်ခံတင်ပြသည့်အခမ်းအနား (Debriefing on Joint PMCT Programme Review,2007)ကို ယနေ့မွန်းလွဲ ၁ နာရီခွဲတွင် ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ ကျန်းမာရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့် တက်ရောက်သည်။

ကျန်းမာရေးဝန်ကြီးဌာနဝန်ကြီး ဒေါက်တာကျော်မြင့် မိခင်နှင့်ကလေးသို့ ကူးစက်တတ်သော HIV ကာကွယ်တားဆီးရေး ပြန်လည်သုံးသပ်ဆွေးနွေးပွဲတွင် အမှာစကား ပြောကြားစဉ်။ (ကျန်းမာရေး)

အခမ်းအနားသို့ ကျန်းမာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာစံရွှေဝင်း၊ ညွှန်ကြားရေးမှူးများနှင့် တာဝန်ရှိသူများ၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့၊ ကုလသမဂ္ဂ ကလေးများရန်ပုံငွေအဖွဲ့၊ ကုလသမဂ္ဂလူဦးရေ ရန်ပုံငွေအဖွဲ့၊ ကုလသမဂ္ဂ အေအိုင်ဒီအက်စ် တိုက်ဖျက်ရေးအစီအစဉ်တို့မှ ဌာနေ ကိုယ်စားလှယ်များ၊ ကုလသမဂ္ဂအဖွဲ့အစည်းများမှ လေ့လာရေးအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

တွေ့ရှိချက်

ရှေးဦးစွာ ကုလသမဂ္ဂအဖွဲ့အစည်းများမှ လေ့လာရေးအဖွဲ့ဝင်များနှင့် မိတ်ဆက်ပေးပြီး ကုလသမဂ္ဂ လေ့လာရေးအဖွဲ့ အဖွဲ့ခေါင်းဆောင် Burnet Institute မှ Dr. Wendy Holmes က မြန်မာနိုင်ငံအတွင်း ကိုယ်ဝန်ဆောင်မိခင်မှကလေးသို့ အိပ်ချ်အိုင်ဗွီရောဂါကူးစက်မှု တားဆီးရေးစီမံချက်လုပ်ငန်းများအပေါ် ကွင်းဆင်းလေ့လာတွေ့ရှိချက် လုပ်ငန်းစဉ် နည်းဗျူဟာများ အကောင်အထည်ဖော် ဆောင်ရွက်မှုအခြေအနေများ၊ ကျွမ်းကျင်မှုဆိုင်ရာ လုပ်ငန်းများကို ရှင်းလင်းတင်ပြသည်။

အောင်မြင်မှု

ယင်းနောက် လေ့လာရေးအဖွဲ့ဝင်များက ကိုယ်ဝန်ဆောင်မိခင်မှ ကလေးသို့ အိပ်ချ်အိုင်ဗွီရောဂါပိုး မကူးစက်နိုင်ရေးအတွက် ဆောင်ရွက်ရာတွင် ခုခံကျကာလသားရောဂါ တိုက်ဖျက်ရေးအဖွဲ့က အမျိုးသား အာဟာရဖွံ့ဖြိုးရေးစီမံချက်၊ မျိုးဆက်ပွား ကျန်းမာရေးစီမံချက်နှင့် ဗဟိုကျန်းမာရေးပညာဌာနတို့နှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း၊ ရောဂါမဖြစ်ပွား မကူးစက်မီကာကွယ်ရေးလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်မှုကို တွေ့ရှိရကြောင်း၊ မိတ်ဖက်အဖွဲ့အစည်းများ၊ပြည်သူများနှင့်ပူးပေါင်းဆောင်ရွက်မှုကြောင့် အောင်မြင်မှုများ ရရှိနေသည်ကိုတွေ့ရှိရကြောင်း၊ လက်ရှိလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်မှုအား ပိုမိုကျယ်ပြန့်စွာ တိုးချဲ့ဆောင်ရွက်ရန် အကြံပြုကြောင်း တင်ပြသည်။

ဆက်လက်၍ အခမ်းအနားတက်ရောက်သူများက ဝိုင်းဝန်း အကြံပြုဆွေးနွေးကြသည်။

မှာကြား

ထို့နောက် ဝန်ကြီး ဒေါက်တာကျော်မြင့်က လက်ရှိလုပ်ငန်းများ တိုးချဲ့အကောင်အထည်ဖော် ဆောင်ရွက်ရန်နှင့် မိတ်ဖက်အဖွဲ့အစည်းများနှင့် ပိုမိုပူးပေါင်း အကောင်အထည်ဖော်ဆောင်ရွက်သွားရန် မှာကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

လှူဒါန်း

အမှတ်၂၂၃/၂၂၅၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်နေ မိတ်ကပ်အောင်အောင် (တောင်ကြီး)က မွေးနေ့အလှူအဖြစ် ဗဟန်းမြို့နယ် ဇီဝိတဒါန သံဃာ့ဆေးရုံကြီးသို့ ထာဝရဆေးပဒေသာပင် ငွေကျပ်တစ်သိန်း လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ဒုတိယဥက္ကဋ္ဌ (၂) ဦးသန်းအောင် လက်ခံယူစဉ်။ (က-ပ)

ယူနန်ပြည်နယ်အုပ်ချုပ်ရေးမှူး ခေါင်းဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များ ပြန်လည်ထွက်ခွာ

နေပြည်တော် မတ် ၃၀

ဧည့်သည်တော် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် အုပ်ချုပ်ရေးမှူး H.E. Mr. Qin Guangrong ခေါင်းဆောင်သည့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များသည် ပြည်ထောင်စုမြန်မာနိုင်ငံတော်၌ ချစ်ကြည်ရေးခရီးလည်ပတ်ခဲ့ပြီးနောက် ယမန်နေ့ညပိုင်းတွင် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ပြန်လည်ထွက်ခွာသွားကြသည်။

ပို့ဆောင်နှုတ်ဆက်

ဧည့်သည်တော် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ်အုပ်ချုပ်ရေးမှူး H.E. Mr. Qin Guangrong ခေါင်းဆောင်သည့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များအား ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ မြို့တော်ဝန်ဗိုလ်မှူးချုပ်အောင်သိန်းလင်း၊ အတွင်းရေးမှူး ဦးတင်စိုးနှင့် ကော်မတီဝင်များနှင့် ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံအမတ်ကြီး မစ္စတာကွမ်မုတို့က ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။ **(သတင်းစဉ်)**

ပို့ဆောင်နှုတ်ဆက်

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် အုပ်ချုပ်ရေးမှူး H.E. Mr. Qin Guangrong ခေါင်းဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များ၊ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ထွက်ခွာရာ ရန်ကုန်မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းနှင့် အဖွဲ့ဝင်များ ပို့ဆောင်နှုတ်ဆက်ကြစဉ်။ (သတင်းစဉ်)

ရန်ကင်းမြို့နယ် နိကာယုဇ္ဇောတကသမိတိ၊ နိကာယ်သာသနာတော်ထွန်းကားရေးအသင်း၏ ငွေရတုပဒေသာပင်အတွက် တာမွေမြို့နယ် ကျိုက္ကစံအိမ်ရာတိုက်၆၊အခန်း ၄၃၀နေ ဦးညီညီ-ဒေါ်သန်းသန်းဦး၊ သမီး လျှမ်းပြည့်သျှံမိသားစုတို့က အလှူတော်ငွေ ကျပ်တစ်သိန်းကို အသင်းဥက္ကဋ္ဌ ဦးသောင်းလွင်ထံ ပေးအပ်လှူဒါန်းရာ ဂုဏ်ပြုမှတ်တမ်းလွှာပြန်လည်ပေးအပ်စဉ်။(က-ပ)

မင်းလှဓမ္မရိပ်သာ သင်္ကြန်တရားစခန်း

ရန်ကုန် မတ် ၃၀

ရန်ကုန်တိုင်းဗဟန်းမြို့နယ် မင်းလှဓမ္မရိပ်သာကျောင်းတွင် နှစ်စဉ်ကျင်းပမြဲဖြစ်သော သင်္ကြန် ၁၀ ရက် တရားစခန်းကို ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ကြီး၏ ဩဝါဒတော်အတိုင်း ဧပြီ ၁၂ရက်မှ ၂၁ရက်အထိ ကျင်းပမည်ဖြစ်သည်။ တရားစခန်းဝင်လိုသည့် ယောဂီများနှင့် ဒုလ္လဘရဟန်းဝတ်လိုသူများသည် ဧပြီ ၇ ရက်နောက်ဆုံးထား၍ မင်းလှဓမ္မရိပ်သာ ဖုန်း- ၅၄၀၂၈၉ သို့ ဆက်သွယ်စာရင်းပေးနိုင် ကြောင်း သိရသည်။ **(က-ပ)**

ထွန်းဖောင်ဒေးရှင်း စာပေဆုများချီးမြှင့်ပွဲကျင်းပမည်

ရန်ကုန် မတ် ၃၀

ထွန်းဖောင်ဒေးရှင်းဘဏ်က မြန်မာစာပေဖွံ့ဖြိုးရေးအတွက် တစ်တပ်တစ်အား ကူညီဆောင်ရွက်ပေးသောအားဖြင့် မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့နှင့် မြန်မာစာပေပညာရှင်များ အကူအညီဖြင့် ပထမအကြိမ် စာအုပ်ဆုနှင့် စာမူဆုများ ရွေးချယ်ကြေညာပြီး ဖြစ်သည်။

ပထမအကြိမ် ထွန်းဖောင်ဒေးရှင်း စာပေဆု ဆုပေးပွဲ အခမ်းအနားကို ရန်ကုန်မြို့ ရန်ကင်းမြို့နယ် စည်ပင်လမ်း အမှတ်(၁)ရှိ မြန်မာနိုင်ငံဘဏ်များအသင်း၌ ဧပြီ ၄ ရက် နံနက် ၁၀ နာရီတွင် ကျင်းပမည်ဖြစ်သည်။

ဆုရရှိသူများသည် ထွန်းဖောင်ဒေးရှင်း စာပေဆုကော်မတီ အမှတ်(၅၃/၆၁)သိမ်ဖြူလမ်းနှင့် ကမ်းနားလမ်းထောင့် ရန်ကုန်မြို့ ဖုန်း-၀၁-၂၉၁၈၈၀ သို့ ဆက်သွယ်ကြရန် မေတ္တာရပ်ခံထားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အမေရိကန် ပြည်နယ်အချို့၌ လေဆင်နှာမောင်းတိုက်ခတ်၊ နေအိမ်များပျက်စီး

မြန်မာ့အလင်း အင်တာနက် ဖောင်ပိတ်သတင်း

တက္ကဆက် မတ် ၃၀

အမေရိကန်နိုင်ငံ ပြည်နယ်အချို့တွင် မတ် ၂၈ရက်က နွေရာသီ အဓိကမုန်တိုင်းကြီးများ၏ တစ်စိတ်တစ်ဒေသဖြစ်သည့် အားပြင်းလေဆင်နှာမောင်းဝင်ရောက်တိုက်ခတ်ခဲ့ရာ လူလေးဦးသေဆုံးပြီး ရှစ်ဦးဒဏ်ရာရရှိသွားကြောင်း မတ် ၃၀ ရက်က အင်တာနက်တွင် သတင်းဖော်ပြသည်။

သေဆုံး

ယင်းမုန်တိုင်းတိုက်ခတ်မှုကြောင့် အော့ကလန်ဟိုးမား၌ စုံတွဲတစ်တွဲ၊ ကော်လိုနာဒိုပြည်နယ်၌ အမျိုးသမီးတစ်ဦးနှင့် တက္ကဆက်ပြည်နယ်၌ အမျိုးသားတစ်ဦး သေဆုံးခဲ့ကြောင်း သိရသည်။

တိုက်ခတ်ခဲ့

အော့ကလန်ဟိုးမား၊ တက္ကဆက်၊ ကန်ဆက်၊ ကော်လိုရာဒိုနှင့် နီဘရာစကာပြည်နယ်များတွင် မတ် ၂၈ရက်မှစပြီး ဒါဇင်ပေါင်းများစွာ လေဆင်နှာမောင်းများ ဝင်ရောက်တိုက်ခတ်ခဲ့သည်ဟု ဆိုသည်။

ပျက်စီး

ယင်းမုန်တိုင်းကြောင့် ကော်လိုရာဒိုပြည်နယ်၌ အခြားရှစ်ဦးလည်း ဒဏ်ရာရရှိခဲ့ကြောင်း မုန်တိုင်းကြောင့် နေအိမ်များ၊ လမ်းများ၊ ခြံဝင်းများ၊ လျှပ်စစ်ဓာတ်တိုင်များနှင့် သစ်ပင်ကြီးများ ကျိုးကျပျက်စီးခဲ့ကြောင်း သိရသည်။ **(အင်တာနက်)**

31-3 (08) 1 3/31/07, 2:34 PM

လှိုင်သာယာမြို့နယ် ပြည်သူ့ဆေးရုံသန့်ရှင်းရေးနှင့် ဆေးပဒေသာပင်လှူဒါန်းပွဲ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ကြီးမှူးကျင်းပ

ရန်ကုန် မတ် ၃၀

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်ကကြီးမှူး၍ ရန်ကုန်မြောက်ပိုင်းခရိုင် လှိုင်သာယာမြို့နယ် ပြည်သူ့ဆေးရုံသန့်ရှင်းရေးနှင့် စိမ်းလန်းစိုပြည်သာယာလှပရေး စုပေါင်းဆောင်ရွက်မှုနှင့် ဆေးပဒေသာပင်လှူဒါန်းပွဲကို ယနေ့နံနက် ၇နာရီတွင် အဆိုပါ ဆေးရုံ၌ကျင်းပသည်။

ရှင်းလင်းတင်ပြ

ရှေးဦးစွာ မြို့နယ်ပြည်သူ့ဆေးရုံ အုပ်ကြီး ဒေါက်တာကြည်ဆန်းထက်က ဆေးရုံဝင်းအတွင်း သန့်ရှင်းရေးနှင့်စိမ်းလန်းစိုပြည်စေရေးတို့အတွက် အမှိုက်များရှင်းလင်းသိမ်းဆည်းခြင်းနှင့်ခြံစည်းရိုး ကြက်ဆူပင်များစိုက်ပျိုးမည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ကြည့်ရှုအားပေး

ထို့နောက် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်သက်ဌေး၊စီမံရေးရာဌာနကြီးမှူးဒေါက်တာဒေါ်ခင်ဆန်းနွယ်နှင့် အဖွဲ့ဝင်များသည် ဆေးရုံဝင်းအတွင်း၌ ခြံစည်းရိုးကြက်ဆူပင်များကို အမှတ်တရစိုက်ပျိုးပေးကြပြီး သန့်ရှင်းရေးစုပေါင်းဆောင်ရွက်နေမှုတို့ကို လိုက်လံကြည့်ရှုအားပေး ကြသည်။

ပေးအပ်လှူဒါန်း

ယင်းနောက် ဆေးပဒေသာပင်လှူဒါန်းပွဲကိုအဆိုပါဆေးရုံခန်းမ၌ကျင်းပရာ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်စီမံရေးရာဌာနကြီးမှူးဒေါက်တာဒေါ်ခင်ဆန်းနွယ်က မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်က လှိုင်သာယာမြို့နယ် ပြည်သူ့ဆေးရုံသို့ ငွေလှူဒါန်းရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ဂုဏ်ပြုလွှာပေးအပ်

ဆက်လက်၍ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ငွေကျပ်နှစ်သိန်း၊ ရန်ကုန် မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းနှင့် ဇနီး ဒေါက်တာဒေါ်ခင်ဆန်းနွယ်တို့က ငွေကျပ်တစ်သိန်း၊ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်က ငွေကျပ်နှစ်သိန်း၊ ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့က ငွေကျပ်နှစ်သိန်း၊ ဗိုလ်မှူးချုပ်စည်သူ တင်ဖေ(ငြိမ်း)-ဒေါ်သိန်းဆိုင်(စာရေးဆရာမကြီးမမြတ်လေး)နှင့် သားသမီးမြေး တစ်စုကငွေကျပ်တစ်သိန်း၊ လှိုင်သာယာစက်မှုမြို့ စက်မှုဇုန်စီမံခန့်ခွဲရေးကော်မတီက ငွေကျပ် ၅၇၀၀၀၀ အပါအဝင် အလှူရှင်များက အလှူငွေစုစုပေါင်း ငွေကျပ်သိန်းသုံးဆယ်ကို ပေးအပ်လှူဒါန်းကြရာ ရန်ကုန်တိုင်းကျန်းမာရေးဦးစီးမှူး ဒေါက်တာလှမြင့်နှင့်ဆေးရုံအုပ်ကြီးဒေါက်တာကြည်ဆန်းထက်တို့က လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကြသည်။

ထို့နောက် ဆေးရုံအုပ်ကြီးက ကျေးဇူးတင်စကားပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

သက်တန်းအလိုက်တံခွန်စိုက်စစ်တုရင်ပြိုင်ပွဲများကျင်းပမည်

ရန်ကုန် မတ် ၃၀

မြန်မာနိုင်ငံ စစ်တုရင်အဖွဲ့ချုပ်နှင့် TOTAL Learning Academy တို့ ပူးပေါင်းကျင်းပမည့် ၂၀၀၇ခုနှစ် သက်တန်းအလိုက် အမျိုးသား၊ အမျိုးသမီးအသက် ၁၀၊ ၁၂၊ ၁၄၊ ၁၆၊ ၁၈၊ ၂၀နှစ်နှင့်အောက် လူငယ်တံခွန်စိုက်နှင့် စီနီယာ ၅၀နှင့်အထက် တံခွန်စိုက်စစ်တုရင်ပြိုင်ပွဲ များကို ဧပြီ၃၀ရက်မှ မေ၆ရက်အထိ မိုးလုံလေလုံအားကစားခန်းမ (အောင်ဆန်းအားကစားပြိုင်ဝင်း)တွင် ကျင်းပမည် ဖြစ်သည်။

စေလွှတ်ယှဉ်ပြိုင်မည်

အဆိုပါပြိုင်ပွဲများမှ ဆုရရှိသူများကို ဆုကြေးငွေများ ထိုက်ထိုက်တန်တန် ချီးမြှင့်မည့်အပြင် ထူးချွန်ထက်မြက်သည့် အားကစားသမားများအား ယခုနှစ် ဇွန်လအတွင်း ထိုင်းနိုင်ငံ ပတ္တယားကမ်းခြေတွင် ကျင်းပမည့် (၈)ကြိမ်မြောက် အာဆီယံသက်တန်းအလိုက် တံခွန်စိုက်စစ်တုရင်ပြိုင်ပွဲများသို့ စေလွှတ်ယှဉ်ပြိုင်စေမည် ဖြစ်သည်။

စာရင်းပေး

ပါဝင်ယှဉ်ပြိုင်ကြမည့် အားကစားသမား မောင်မယ်များသည် ဧပြီ ၂၈ရက် နောက်ဆုံးထား၍ မြန်မာနိုင်ငံစစ်တုရင်အဖွဲ့ချုပ် (အောင်ဆန်းအားကစားပြိုင်ဝင်း)သို့ စာရင်းပေးသွင်းရမည်ဖြစ်သည်။

(သတင်းစဉ်)

စိုက်ပျိုးပေး

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်သက်ဌေး လှိုင်သာယာမြို့နယ် ပြည်သူ့ဆေးရုံဝင်းအတွင်း ခြံစည်းရိုး ကြက်ဆူပင်ကို စိုက်ပျိုးပေးစဉ်။

(မြို့တော်စည်ပင်)

မြန်မာ့ရုပ်မြင်သံကြား

၃၁-၃-၂၀၀၇ရက် (စနေနေ့)
(၁၃၆၈ ခုနှစ်၊ နှောင်းတန်ခူး လဆန်း ၁၄ ရက်)
(အဖိတ်နေ့)

၇:၀၀ ၁။ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီးဦးဥတ္တမသာရ၏ ပရိတ်တရားတော်
၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ သံသာချိုအေး မင်္ဂလာတေး
၇:၅၅ ၅။ အတီးပြိုင်ပွဲ
၈:၀၀ ၆။ တံတားအလှပန်းလောင်
၈:၀၅ ၇။ အကပြိုင်ပွဲ
၈:၁၅ ၈။ တေးဂီတအစီအစဉ်
၈:၃၀ ၉။ International News
၈:၄၅ ၁၀။ Grammar Made Easy
၉:၀၀ ၁၁။ အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

၁၁:၀၀ ၁။ စစ်သည်တေး
၁၁:၁၅ ၂။ တေးဂီတအစီအစဉ်
၁၁:၃၀ ၃။ ချစ်စရာ့အရွယ် ကစားကြမယ်
၁၂:၀၀ ၄။ တစ်ပတ်အတွင်း ရုပ်မြင်သံကြား ပြည်တွင်းသတင်းများ
၁၃:၀၅ ၅။ **"ခံစားရင်းစံစားပါ"** ကျော်ရဲအောင်၊ပန်းဖြူကုသိုလ် (ဒါရိုက်တာ-မြင့်မိုရ်ဆွေ)
၁၃:၃၅ ၆။ နိုင်ငံ့စီးပွားအလေးထား ကျေးလက် ထုတ်ကုန်များ(ငါးသိုင်းချောင်းမှ ဝါးထည်အလှ)
၁၃:၄၅ ၇။ ပြည်ထောင်စု တိုင်းရင်းသားရိုးရာအက
၁၄:၀၀ ၈။ အဆိုပြိုင်ပွဲ
၁၄:၁၀ ၉။ ရန်ကုန်တိုင်း မဟူရာ ရေလှောင်တမံ
၁၄:၂၀ ၁၀။ လက်ဆင့်ကမ်းပေး ဂီတတေး(ဆိုင်း)
၁၄:၃၅ ၁၁။ **"ပြေးပြေးလွှားလွှား သွားသွားလာလာ"** (မောင်မောင်မြင့်၊ မအေးမြင့်၊ စိန်ဂွက်ထော်၊မောင်မောင်မျိုးသန့်) (ဒါရိုက်တာ-မောင်မောင်မြင့်)
၁၄:၅၀ ၁၂။ စံပြပုံဆောင်နှောင်ကား ကျေးရွာ
၁၄:၅၅ ၁၃။ International News.
၁၅:၀၀ ၁၄။ အစီအစဉ်ပြီး၏။

ညပိုင်း

၁၆:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၁၆:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၁၆:၃၀ ၃။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ စတုတ္ထနှစ်(ဥပဒေပညာ အထူးပြု) [ဥပဒေပညာ]
၁၆:၄၅ ၄။ မြူးမြူးကြွကြွ ယဉ်ကျေးမှုအက
၁၇:၀၀ ၅။ ချစ်စရာ့အရွယ်ကစားကြမယ်
၁၇:၃၀ ၆။ ရသပေါ်လွင် သရုပ်ဆောင်လွှင်ပြင်
၁၈:၀၀ ၇။ ညနေခင်းသတင်း
၁၈:၃၀ ၈။ မိုးလေဝသ အခြေအနေ
၁၈:၃၅ ၉။ အလှရှာမယ် လှကမ္ဘာဝယ်
၁၉:၀၀ ၁၀။ နိုင်ငံ့စီးပွားအလေးထား ကျေးလက်ထုတ်ကုန်များ (မဲခရဲတိုက်နယ် ရောဝတီတိုင်းမှ ဆားလုပ်ငန်းအကြောင်း)
၁၉:၁၀ ၁၁။ နိုင်ငံခြားဇာတ်လမ်းတွဲ **"သမားတော်"** (အပိုင်း-၁၄)
၂၀:၀၀ ၁၂။ ပြည်တွင်းသတင်း
၁၃။ နိုင်ငံတကာသတင်းများ
၁၄။ မိုးလေဝသအခြေအနေ
၁၅။ လပတ်မိုးလေဝသနှင့်ဇလဗေဒ ခန့်မှန်းချက်
၁၆။ နိုင်ငံခြားဇာတ်လမ်းတွဲ **"ချစ်ပန်းနှင်းဆီ"(အပိုင်း-၅)**
၁၇။ နောက်တစ်နေ့ အစီအစဉ်
၁၈။ အစီအစဉ်ပြီး၏။

ပြင်ဦးလွင် မဟာသင်္ကြန် ရွှေဖလား ဂေါက်သီးရိုက်ပြိုင်ပွဲကျင်းပမည်

ရန်ကုန် မတ် ၃၀

မြန်မာနိုင်ငံ ဂေါက်သီးရိုက်အဖွဲ့ချုပ်နှင့် ပြင်ဦးလွင် ဂေါက်သီးရိုက်အသင်းတို့ကကြီးမှူး၍ နှစ်စဉ်ကျင်းပမြဲဖြစ်သော (၄၉)ကြိမ်မြောက် မဟာသင်္ကြန် ရွှေဖလားဂေါက်သီးရိုက်ပြိုင်ပွဲ (49th Pyin Oo Lwin Thingyan Gold Cup 2007)နှင့် Pyin Oo Lwin KM Golf Open Championship ပြိုင်ပွဲတို့ကို ဧပြီ ၁၂ရက်မှ ၁၅ရက်အထိ မန္တလေးတိုင်း ပြင်ဦးလွင်မြို့ရှိ ပြင်ဦးလွင်ဂေါက်သီးရိုက်ကွင်း၌ စည်ကားသိုက်မြိုက်စွာ ပူးတွဲကျင်းပမည်ဖြစ်သည်။

ကျင်းပမည်

ယင်းပြိုင်ပွဲတို့တွင် Professional Golfer အဆင့်ပြိုင်ပွဲ၊ Amateur ပြိုင်ပွဲ၊ ရွှေ၊ ငွေ၊ ကြေးအဆင့်လိုက် တစ်ဦးချင်းနှင့်အသင်းလိုက်ပြိုင်ပွဲများ၊ သက်ကြီးတန်းနှင့်အမျိုးသမီးပြိုင်ပွဲများဟူ၍ ခွဲခြားကျင်းပသွားမည် ဖြစ်သည်။

ပြိုင်ပွဲဖြစ်မြောက်အောင်မြင်ရေးအတွက် KM Golf Centre က အဓိကပံ့ပိုးကူညီပြီး ဆုကြေးအဖြစ် ငွေကျပ်သိန်းတစ်ရာကျော်ကို ချီးမြှင့်သွားမည်ဖြစ်သည်။

ပါဝင်ယှဉ်ပြိုင်လိုသော ဂေါက်သီးရိုက်အသင်းများနှင့် ဂေါက်သီးရိုက်အားကစားသမားများသည် ဧပြီ၁၀ရက် မွန်းလွဲ၁နာရီနောက်ဆုံးထား၍ ပြင်ဦးလွင်ဂေါက်သီးရိုက်အသင်း ဖုန်း-၀၈၅-၂၂၃၈၂သို့ စာရင်းပေးသွင်းနိုင်သည်။

ဆက်သွယ်နိုင်

အသေးစိတ်ကို ဦးချစ်ထူး(အတွင်းရေးမှူး) ဖုန်း-၀၈၅-၂၁၇၄၁၊ မန်နေဂျာ(ပြင်ဦးလွင်ဂေါက်သီးရိုက်အသင်း) ဖုန်း-၀၈၅-၂၂၃၈၂ နှင့် ဦးကျော်ဌေးကို ဖုန်း-၀၉-၂၀၄၄၀၇၅တို့သို့ ဆက်သွယ်နိုင်သည်။ တည်းခိုနိုင်ရေးအတွက် ပြင်ဦး လွင်ဂေါက်သီးရိုက်အသင်းနှင့် ကြိုတင်ဆက်သွယ်နိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

သစ်တောရေးရာဝန်ကြီးဌာန
ဝန်ထမ်းများ မမှန်မကန်ဆောင်ရွက်မှုရှိပါက မည်သူမဆို တိုင်ကြားနိုင်

နေပြည်တော် မတ် ၃၀

နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတော်နှင့်နိုင်ငံသားတို့၏ အကျိုးစီးပွားကို ထာဝစဉ်သယ်ပိုးလျက်ရှိရာ မှန်ကန်သည့် တာဝန်ထမ်းဆောင်မှုများ ပေးနိုင်ရေးအတွက် အထက်အကြီးအကဲများက အခါမလပ် လမ်းညွှန်မှာကြားလျက်ရှိပြီး သစ်တောရေးရာဝန်ကြီးဌာနအနေဖြင့်လည်း အစဉ်တစိုက် ပြည်သူလူထု၏ အကျိုးကိုကဏ္ဍအလိုက် ကောင်းမွန်မှန်ကန်သော နည်းလမ်းများဖြင့် ကြပ်မတ်ဆောင်ရွက်ပေးလျက်ရှိပါသည်။

သစ်တောရေးရာဝန်ကြီးဌာနအနေဖြင့် ယင်းသို့ ကြိုးပမ်းဆောင်ရွက်လျက်ရှိရာတွင် တည်ဆဲလုပ်ထုံးလုပ်နည်း၊ ဥပဒေများနှင့် မကိုက်ညီသော၊ မိမိတာဝန်နှင့် လုပ်ပိုင်ခွင့်ကို အလွဲသုံး၍ ကိုယ်ကျိုးရှာမှု၊ အနိုင်အထက်ပြုမှုများပြုလုပ်ခဲ့ပါက ထိခိုက်နစ်နာသည့် ပြည်သူလူထုများကိုယ်တိုင် စာဖြင့်ဖြစ်စေ၊ တယ်လီဖုန်း ဖြင့်ဖြစ်စေ ဖော်ပြပါလိပ်စာနှင့် ဖုန်းနံပါတ်များသို့ တိုင်ကြားနိုင်သည်။

ယင်းတို့မှာ ဝန်ကြီး ဖုန်း ၀၆၇-၄၀၅၀၀၅၊ ရုံးအဖွဲ့မှူး ဖုန်း ၀၆၇-၄၀၅၀၀၄၊ ဖက်(စ်) ၀၆၇-၄၀၅၀၇၀၊ သစ်တောရေးရာဝန်ကြီးဌာန ရုံးအမှတ်(၂၈)နေပြည်တော် e-mail;mofofficepma@mptmail.net.mm တို့ဖြစ်သည်။

ထိုသို့ တိုင်ကြားလာပါက ဝန်ကြီးရုံးအနေဖြင့် ဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ ထိရောက်မြန်ဆန်စွာ စုံစမ်းဖော်ထုတ်အရေးယူသွားမည်ဖြစ်ပြီး ပြည်သူလူထုများကလည်း နည်းလမ်းမှန်ကန်စွာ ပါဝင်ဆောင်ရွက်ကြရန် အသိပေးအကြောင်းကြားထားသည်။ **(သတင်းစဉ်)**

ပြည်ထဲရေးဝန်ကြီးဌာန ဝန်ထမ်းများ မမှန်မကန် ဆောင်ရွက်မှုရှိပါက မည်သူမဆို တိုက်ရိုက်တိုင်ကြားနိုင်

နေပြည်တော် မတ် ၃၀

နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်ဖြစ်သည့် **"ကိုလိုနီစရိုက်ကို ဖျောက်၊ နိုင်ငံတော်နှင့် ပြည်သူ့အကျိုးကို စောင့်ရှောက်"** ဟူသော ဆောင်ပုဒ်နှင့်အညီ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီးရုံးအဖွဲ့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ အကျဉ်းဦးစီးဌာနတို့ကို ဖွဲ့စည်းလျက် နိုင်ငံတော်နှင့် ပြည်သူလူထု အကျိုးစီးပွားကို ဖော်ဆောင်ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ ဝန်ကြီးဌာနလုပ်ငန်းကို နိုင်ငံတော်လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် ပြည်သူ့အကျိုးပြုလုပ်ငန်းများဆောင်ရွက်ရေးဟု သတ်မှတ်ထားရှိသည်။

သို့ပါ၍ ပြည်ထဲရေးဝန်ကြီးဌာနရှိ ပြည်သူ့ဝန်ထမ်းအဆင့်အတန်းအားလုံးထဲမှ တစ်ဦးဦးသည် ငွေကြေးပစ္စည်း၊ အခွင့်အရေး၊ အဂတိလိုက်စားမှု ပြုလုပ်လျှင်သော်လည်းကောင်း၊ တည်ဆဲဥပဒေလုပ်ထုံးလုပ်နည်းများနှင့်မကိုက်ညီသော မမှန်မကန်လုပ်ပိုင်ခွင့်တို့ကို အသုံးပြု၍ စီးပွားရေး၊ လူမှုရေး၊ အုပ်ချုပ်ရေးတို့တွင် အနိုင်အထက်ပြုကျင့်မှု ပြုလုပ်ခဲ့လျှင်သော်လည်းကောင်း ကိုယ်တိုင်တွေ့ကြုံခံစားရသော နစ်နာသူ ပြည်သူလူထုကိုယ်တိုင်က ဖော်ပြပါလိပ်စာများနှင့် ဖုန်းနံပါတ်များသို့ ဆက်သွယ်တိုင်ကြားနိုင်သည်။

ယင်းတို့မှာ ဝန်ကြီး ဖုန်း-၀၆၇-၄၁၂၀၄၀၊ ဖက်စ် ၀၆၇-၄၁၂၀၁၆ ပြည်ထဲရေးဝန်ကြီးဌာန ရုံးအမှတ်(၁၀) နေပြည်တော်၊ ဒုတိယဝန်ကြီး ဖုန်း -၀၆၇-၄၁၂၀၇၂ ပြည်ထဲရေးဝန်ကြီးဌာန ရုံးအမှတ်(၁၀) နေပြည်တော်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်(ဖုန်း-၀၆၇-၄၁၂၀၆၉၊ ဖက်စ် ၀၆၇-၄၁၂၄၃၉) ပြည်ထဲရေးဝန်ကြီးဌာန ရုံးအမှတ်(၁၀) နေပြည်တော် e-mail; ddg.gad@gad.gov.mm တို့ ဖြစ်သည်။

ဝန်ကြီးရုံးက တရားဝင်ဖွဲ့စည်းပေးသော စုံစမ်းစစ်ဆေးရေးခုံရုံးအဖွဲ့ဖြင့် ဥပဒေနှင့်အညီ စစ်ဆေးပေးမည်ဖြစ်ပြီး ပြည်သူလူထု၏ နစ်နာမှုမဖြစ်စေရန် တာဝန်ယူသည်။ ပြည်သူလူထုကလည်း မှန်မှန်ကန်ကန် တိုင်ကြားခြင်းဖြင့် ကူညီဆောင်ရွက်ရန် နှိုးဆော်ထားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အဓမ္မအလုပ်ခိုင်းစေမှုမပြုရေး ကြပ်မတ်ဆောင်ရွက်ပေးလျက်ရှိ တာဝန်သိပြည်သူများ၏ မှန်ကန်စွာတိုင်ကြားချက်များအား အလေးထား
ပြစ်မှုကျူးလွန်သူများ၊ မသမာမှုပြုသူများကို အရေးယူအပြစ်ပေးနေ

နေပြည်တော် မတ် ၃၀

မြန်မာနိုင်ငံအနေဖြင့် အဓမ္မအလုပ်ခိုင်းစေမှုဆိုင်ရာ သတ်မှတ်ပြဋ္ဌာန်းထားသော နိုင်ငံတကာစံနှုန်းများနှင့်အညီကျင့်သုံးဆောင်ရွက်နိုင်ရေးအတွက် သက်ဆိုင်ရာများနှင့်ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။ အဓမ္မအလုပ်ခိုင်းစေမှုမပြုရေးအတွက် ပြည်ထဲရေးဝန်ကြီးဌာနက အမိန့်ညွှန်ကြားချက်များ ကျယ်ကျယ်ပြန့်ပြန့်ထုတ်ပြန်ပြီး ကြပ်မတ်ဆောင်ရွက်လျက်ရှိသကဲ့သို့ အဓမ္မအလုပ်ခိုင်းစေမှုပြုခဲ့လျှင်လည်း တိုင်ကြားနိုင်သည့်လမ်းကြောင်းများ ဖွင့်ပေးထားလျက်ရှိသည်။

ထို့အတူ ဌာနဆိုင်ရာဝန်ထမ်းများအနေဖြင့် ပြည်သူလူထုအပေါ် မမှန်မကန်မပြုနိုင်ရေးအတွက် ထိခိုက်နစ်နာသူဘက်မှ နည်းလမ်းတကျ တိုင်ကြားနိုင်သည့် လမ်းကြောင်းများကိုလည်း ဖွင့်ပေးလျက်ရှိပြီး တိုင်ကြားမှုတိုင်းအပေါ် စနစ်တကျစုံစမ်းစစ်ဆေးမှုပြုလုပ်၍ မှန်ကန်ပါက ထိရောက်စွာ အပြစ်ပေးအရေးယူလျက်ရှိကြောင်း သိရသည်။

ယင်းသို့ ပူးပေါင်းဆောင်ရွက်မှုများအရ ၂၀၀၇ခုနှစ် ဖေဖော်ဝါရီ ၂၆ရက်က မကွေးတိုင်း၊ အောင်လံမြို့နယ် အောင်လံ-သမ္ဘုလကားလမ်းဘေးရှိ သစ်တောမျှော်စင်မှ စိမ်းစိုတဲတိုက်သို့ ဖောက်လုပ်ထားသည့် လမ်းဟောင်းပြုပြင်မှုလုပ်ငန်းတွင် ကျေးရွာအုပ်စုဥက္ကဋ္ဌနှင့်အဖွဲ့က ရွာသူရွာသားအချို့အား အဓမ္မလုပ်အားပေး စေခိုင်းမှုပြုခဲ့ကြောင်း တိုင်ကြားလာသဖြင့် အမှုဖွင့်စုံစမ်းစစ်ဆေးအရေးယူဆောင်ရွက်ခဲ့သည်။

ယင်းအမှုကို အောင်လံမြို့နယ်တရားရုံး၌ မတ်၂၈ရက် နံနက်၉နာရီခွဲကစစ်ဆေးခဲ့ရာ အမှုတရားခံ ဦးညိုတုတ်နှင့် ဦးမြလှိုင်တို့အား ပြစ်မှုထင်ရှားသဖြင့် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၇၄အရ ထောင်ဒဏ်၆လစီကျခံစေရန် အမိန့်ချမှတ်ခဲ့ပြီး ကိုလတ်အား ပုဒ်မ ၂၅၇(၁)အရ အမှုမှ တရားသေလွှတ်ခဲ့ကြောင်း၊ အဆိုပါ ပြစ်ဒဏ်ကျခံရသူတရားခံနှစ်ဦးအား ထိုနေ့မှာပင် သရက်အကျဉ်းထောင်သို့ ပို့ဆောင်ခဲ့ကြောင်း သတင်းရရှိသည်။

အလားတူ မကွေးတိုင်း၊ အောင်လံမြို့နယ် စိမ်းစိုကျေးရွာနေ ရွာသူရွာသားအချို့က ၎င်းတို့အား မြို့နယ်သစ်တောဦးစီးဌာန ဝန်ထမ်းများက အဓမ္မထင်းခုတ်ခိုင်းမှု၊ လမ်းဖောက်ခိုင်းမှုပြုလုပ်ခဲ့ကြောင်းတိုင်ကြားချက်နှင့် အောင်လံမြို့နယ် စမ်းကလေးကျေးရွာနေ ရွာသူရွာသားငါးဦး၏ မြေယာကိစ္စ တိုင်ကြားချက်များကို အလုပ်သမားဝန်ကြီးဌာနမှ သစ်တောရေးရာဝန်ကြီးသို့ ဆက်လက်ပေးပို့ခဲ့ရာ သစ်တောရေးရာဝန်ကြီးဌာနကဌာနဆိုင်ရာ စုံစမ်းစစ်ဆေးရေးအဖွဲ့ဖွဲ့ပြီး စုံစမ်းစစ်ဆေးခဲ့ကြောင်း သိရသည်။

စုံစမ်းစစ်ဆေးချက်အရ အတိုင်းအတာတစ်ခုထိမှန်ကန်ကြောင်း ပေါ်ပေါက်သဖြင့် သစ်တောရေးရာဝန်ကြီးဌာနက မြို့နယ်သစ်တော ဦးစီးအရာရှိတစ်ဦး၊ တောအုပ်နှစ်ဦးနှင့် တောခေါင်းနှစ်ဦးတို့အား နိုင်ငံ့ဝန်ထမ်းအဖြစ်မှ ထုတ်ပယ်သောပြစ်ဒဏ်များ အသီးသီးချမှတ်ခဲ့ကြောင်း သတင်းရရှိသည်။

ထို့အတူ ကရင်ပြည်နယ် မြဝတီမြို့နယ်မှ တာဝန်သိပြည်သူတစ်ဦးက မြဝတီခရိုင်နှင့် မြို့နယ်သစ်တောဦးစီးဌာန ဝန်ထမ်းများ၏ မသမာမှုများကို အရေးယူပေးနိုင်ပါရန် သစ်တောရေးရာဝန်ကြီးဌာနသို့ စာရေးသားပေးပို့တိုင်ကြား လာသဖြင့် သစ်တောရေးရာဝန်ကြီးဌာနက ဌာနဆိုင်ရာစုံစမ်းစစ်ဆေးရေးအဖွဲ့ဖြင့် ကွင်းဆင်းစစ်ဆေးပြီး တာဝန်ရှိသူ ခရိုင်ဦးစီးအရာရှိ (လက်ထောက်ညွှန်ကြားရေးမှူး)တစ်ဦးအား မယူမနေရအငြိမ်းစားယူစေရန်နှင့် မြို့နယ်ဦးစီးအရာရှိအပါအဝင် ဝန်ထမ်း၁၄ဦးအား နိုင်ငံ့ဝန်ထမ်းအဖြစ်မှ ထုတ်ပယ်သည့်အထိ ပြစ်ဒဏ်များချမှတ်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

စာဖတ်ခြင်းအလေ့အထ တိုးပွားမြှင့်တင်ကြပါစို့

မြန်မာနိုင်ငံတစ်ဝန်းရှိ ကျေးရွာများတွင် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ဖွင့်လှစ်ထူထောင်ပေးလျက်ရှိသည်။ ကမ္ဘာပေါ်တွင် ကျေးရွာ စာကြည့်တိုက်အများဆုံး ဖွင့်လှစ်နိုင်သည့် နိုင်ငံအဖြစ်လည်း ဂုဏ်ယူနိုင်ခဲ့ပြီ ဖြစ်သည်။ "မြန်မာနိုင်ငံတွင် စာကြည့်တိုက်တွေ ဖွင့်လှစ်နိုင်အောင် အလေးထားဆောင်ရွက်နေခြင်းက ဘာ့ကြောင့်လဲ၊ စာကြည့်တိုက်တွေ ရှိနေခြင်းက ဘယ်လိုအကျိုးဖြစ်စေသလဲ၊ သည် စာကြည့်တိုက်တွေကို ဘာလို့ တခမ်းတနား ဖွင့်နေကြတာလဲ"ဟု တွေးမိ ကြလိမ့်မည်။

လိုရင်းကို ပြောရမည်ဆိုလျှင် စာပေသည် လူမျိုး၏ လူနေမှု အဆင့်အတန်းကို ညွှန်းဆိုပြနိုင်သည့် သာဓကတစ်ခုပဲ ဖြစ်သည်။ စာပေမြင့်လျှင် လူမျိုးတင့်မည်ဆိုသကဲ့သို့ စာပေအဆင့်အတန်း မြင့်မားလာလျှင် ထိုနိုင်ငံရှိ လူမျိုး၏ လူနေမှုအဆင့်သည်လည်း ဖွံ့ဖြိုးတိုးတက်လာမည်ကို မပြောဘဲ သိနိုင်ပါသည်။ စာပေဗဟုသုတ နည်းပါးသူတို့ နေထိုင်ရာအရပ်သည် ဖွံ့ဖြိုးတိုးတက်မှုမရှိသဖြင့် ကမ္ဘာပေါ်ရှိ ဖွံ့ဖြိုးပြီး နိုင်ငံများနှင့် နှိုင်းယှဉ်လျှင် လွန်စွာနိမ့်ကျရုံမက သူတစ်ပါး၏ လွှမ်းမိုး ခြယ်လှယ်မှုကိုပါ ခံရနိုင်ဖွယ်ရှိပါသည်။

ကိုယ့်ရပ်၊ ကိုယ့်ရွာ၊ ကိုယ့်ဒေသ ဖွံ့ဖြိုးတိုးတက်လာစေရန် ကြံဆ လုပ်ကိုင်ရမည့်တာဝန်သည် သည်မြေမှာ မွေး၊ သည်ရေကိုသောက်ပြီး သည်မြေပေါ်မှာ ပေါက်ဖွားကြီးပြင်းလာခဲ့သူတိုင်းက အသိတရားရှိရှိဖြင့် လုပ်ဆောင်သွားရမည့် တာဝန်တစ်ရပ်ဖြစ်ပါသည်။

သို့ဆိုလျှင် ကိုယ့်ရပ်၊ ကိုယ့်ရွာ၊ ကိုယ့်ဒေသ ခေတ်မီတိုးတက်စေရန် မည်သို့ကြံဆောင် ကြိုးပမ်းကြမည်နည်း။ ပညာဉာဏ် အသိတရားနှင့် ဗဟုသုတကြွယ်ဝပြည့်စုံသူတို့က ဦးဆောင်၊ ဦးရွက်ပြု၍ ကြိုးပမ်းလုပ်ဆောင် ကြရမည်ဖြစ်သည်။ ပညာမရှိသူကို ပညာရှိလာစေရန်၊ ဗဟုသုတ ဆင်းရဲချို့တဲ့သူကို ဗဟုသုတပြည့်စုံကြွယ်ဝလာစေရန် သွန်သင်ညွှန်ပြ ဖေးမလက်တွဲ ခေါ်ဆောင်သွားရမည် ဖြစ်သည်။

စာမတတ်သူကိုပင် စာတတ်လာအောင် သွန်သင်ပြသပေးနိုင်လျှင် စာမဖတ်ချင်သူကို စာဖတ်ချင်လာအောင် စည်းရုံးဆွဲဆောင်နိုင်ဖို့က ခဲယဉ်းသည့် အလုပ်မဟုတ်ပေ။ ဦးဆုံး ကျောင်းသားဘဝမှ အခြေခံကာ စာပေကို သင်ကြားစေခဲ့သည်။ စာဖတ်တတ်လာလျှင် ကာတွန်းရုပ်ပြ၊ ပုံပြင်စာအုပ်များကို စိတ်ဝင်တစား ဖတ်လာကြမည် ဖြစ်သည်။

ထိုမှတစ်ဆင့် သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်း စသည့် စာပေမျိုးကို လက်လှမ်းမီရာ ဖတ်ရှုနိုင်အောင် လေ့ကျင့်ပေးဖို့ လိုပေသည်။ စာဖတ်နိုင်ဖို့ စာသင်ကျောင်းများမှာ ကျောင်းစာကြည့်တိုက်များ ရှိသည်။ ရပ်ကွက်များတွင် ရပ်ကွက် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များရှိသည်။ ယင်းသို့ စာကြည့်တိုက်များ ရှိလာစေရန် သက်ဆိုင်ရာ တာဝန်ရှိသူများက တည်ထောင်ဖွင့်လှစ်ပေးခဲ့ကြခြင်းဖြစ်သည်။

ပညာတတ်မှ နိုင်ငံတိုးတက်အောင် ဦးဆောင်ကြိုးပမ်းနိုင် မည် ဖြစ်သည်။ စာပေဖတ်ရှုခြင်းက အသိတရားနှင့် အတွေးအခေါ်ကို ရင့်ကျက်စေနိုင်ပြီး လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်လာစေရန် အထောက်အကူပြုရာ ရောက်ပေသည်။

အသိဉာဏ်ရှိသူများက စာကြည့်တိုက်ကို မျှော်ကိုးကြသည်။ ဗဟုသုတ နည်းပါးသူတို့က စာကြည့်တိုက် ရှိခြင်း၊ မရှိခြင်းကို ကွဲကွဲပြားပြား နားလည်ပုံ မရကြချေ။ စာကြည့်တိုက်ရှိခြင်း၏ အရေးပါမှုကို ခွဲခွဲခြားခြား သိဖို့လိုပါသည်။

စာကြည့်တိုက်တစ်ခုသို့ သွားရောက်စာဖတ်ခြင်းသည် မည်သည့် အရာနှင့်မျှ တန်ဖိုးချင်း လဲလှယ်၍ မရသည့် အရာဖြစ်သည်။ စာကြည့် တိုက်သို့သွားရန်အတွက် ပေးဆပ်ရမည့်အရင်းအနှီးက အချိန်ဖြစ်သည်။ ပြန်လည်ရရှိနိုင်သော အကျိုးအမြတ်က အတွေးအခေါ်၊ ဗဟုသုတ တစ်ပုံတစ်ပင်ကြီး ဖြစ်သည်။

မြဖူး (ပြန်/ဆက်)

စာကြည့်တိုက်ဟူသည် စာလာဖတ်ရုံသက်သက် တည်ထောင်ဖွင့်လှစ်ထားသည့် နေရာတစ်ခု မဟုတ်ပါ။ အမှန်တကယ် စာပေနှင့် စာဖတ်သူ အကြား အတွေးအမြင်ချင်းဖလှယ်ရာ ပေါင်းကူးတံတားတစ်ခုပင် ဖြစ်သည်။ စာအုပ်ထဲမှ အယူအဆတချို့ စာဖတ်သူဦးနှောက်ထဲပါသွားသလို၊ စာဖတ်သူထံမှ အတွေးအခေါ်များလည်း သည်နေရာမှာ ကျန်ခဲ့တတ်ပေသည်။

စာကြည့်တိုက်၏ တန်ဖိုး၊ စာကြည့်တိုက်၏ အရေးပါမှုများ ကျယ်ကျယ်ပြန့်ပြန့် သိရှိဖို့လိုပါသည်။ ကျွန်မတို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဝန်ထမ်းများက စာကြည့်တိုက်လုပ်ငန်း အတွက် ဌာနဆိုင်ရာများ၊ စာသင်ကျောင်းများ၊ ရပ်ကွက်များတွင် လက်တွေ့ ဟောပြော ကွင်းဆင်းဆောင်ရွက်သည့်အခါ အချိန်တိုတိုအတွင်း ထိထိမိမိ သိရှိနားလည်သဘောပေါက် လိုက်နာနိုင်အောင် ဆောင်ရွက်ပေးလျက် ရှိသည်။ စာကြည့်တိုက်ရှိပြီး စာဖတ်ဖို့အချိန်မပေးနိုင်သေးသည့် ကျေးရွာ၊ ရပ်ကွက်များမှ ပြည်သူများ စာဖတ်ချင်လာအောင်၊ မျက်စိပွင့်လာအောင် ဟောပြော နှိုးဆော်ပေးလျက် ရှိပါသည်။

ပြည်သူတွေအားလုံး စာပေဖတ်ရှုခြင်းဖြင့် အသိတရားများရရှိလာပြီး မိမိဘဝကို အဓိပ္ပာယ်ရှိရှိ ရွေးချယ်ပုံဖော် တည်ဆောက်နိုင်ကြမှာ ဖြစ်သည်။ ပြည်သူအားလုံး အမြဲတမ်းစာဖတ်နိုင်အောင် နှိုးဆော်တိုက်တွန်းရမည့် တာဝန်ကို သာမန်ကိစ္စတစ်ရပ်အဖြစ် ပေါ့ပေါ့တန်တန် မမှတ်ယူသင့်ကြပေ။

စာဖတ်ခြင်း အလေ့အကျင့်သည် လူ့အသိဉာဏ်ကို ပိုမိုမြင့်မား စေနိုင်သည်။ အသိဉာဏ် မြင့်မားလာလျှင် စွမ်းဆောင်ရည်လည်း မြင့်မားလာမည်ဖြစ်သည်။ စွမ်းဆောင်ရည် မြင့်မားသူသည် မည်သည့် အခါမျှ နိမ့်ကျသည့်ဘဝတွင် ရပ်တည်နေထိုင်ရမည် မဟုတ်ပါ။

စာကြည့်တိုက်များထူထောင်ဖို့ နိုင်ငံတော်က လုပ်ငန်းလမ်းညွှန်မှု များ ပေးခဲ့သည်။ သက်ဆိုင်ရာ တာဝန်ရှိသူများက အနီးကပ်ကြီးကြပ်၍ ဆောင်ရွက်ရမည့် တာဝန်များကို သတ်မှတ်ပေးခဲ့သည်။ ကျွန်မတို့က မိမိမှာရှိသည့် ဉာဏ်ရည်ဉာဏ်သွေး၊ အသိပညာ၊ ဗဟုသုတတွေပေါင်းစပ် ပြီး ပြည်သူများအတွက် စာကြည့်တိုက်များ ဖွင့်လှစ်ပေးနိုင်ခဲ့သည်။

စာပေကြောင့် ပညာရသူ ရခဲ့သည်။ စာပေကြောင့် လောကကို အကောင်းဘက်မှ ကြည့်မြင်တတ်သူ များလာခဲ့သည်။ စာပေကြောင့် အချင်းချင်း အမုန်းသံသယပြေပျောက်ကာ ချစ်ခင်စည်းလုံးညီညွတ်မှု ရခဲ့သည်။ စာပေကြောင့် အသိတရားနှင့် ချင့်ချိန်ကာ အမှား၊ အမှန်ကို တိတိပပ ခွဲခြားတတ်လာခဲ့ကြသည်။ အသိရှိမှသာ ရန်သူနှင့်မိတ်ဆွေ ကို ခွဲခြားသိမြင် ဆက်ဆံတတ်လာမည် ဖြစ်သည်။ စာပေသည် သည်မျှ စွမ်းအားကြီးမားလှသည်ကို မျက်ဝါးထင်ထင် တွေ့မြင်ခဲ့ရပြီ ဖြစ်သည်။

အသိတရားရှိလာလျှင် နိုင်ငံတော်အကျိုးကို လိုလားစွာ ထမ်းဆောင် လိုစိတ် ရှိလာမည်ဖြစ်သည်။ အသိတရား ကင်းမဲ့သူက နိုင်ငံနှင့်လူမျိုး အကျိုးကို ဆောင်ရွက်ဖို့ဝေးစွ၊ နိုင်ငံတော်ကြီး ပျက်စီးရာပျက်စီးကြောင်း ကိုသာ အစဉ်တွေးတောကြံဆ လုပ်ဆောင်နေကြမည် ဖြစ်သည်။ အသိ တရားရှိစေရန် စာပေကသာလျှင် လမ်းပြပေးနိုင်သည်။

အသိတရားရှိဖို့ စာကြည့်တိုက်များ မရှိမဖြစ် လိုအပ်သည်။ အလိမ္မာ စာမှာရှိသည်။ လူတွေမှာ အလိမ္မာရှိလာအောင် စာထဲက အသိတရား တွေကို ထုတ်နုတ်တတ်အောင် စာဖတ်စေချင်သည်။ အသိကြွယ်ဖို့၊ အမြင်ကျယ်ဖို့၊ အတွေးနက်ဖို့ လိုသည်။ ကိုလိုနီခေတ်က ကိုလိုနီ အုပ်ချုပ်မှုစနစ်ဒဏ်ကြောင့် မြန်မာတို့ စာမတတ်ခဲ့၊ အောက်တန်းကျ ခဲ့သည်ကို မေ့ပစ်၍ မရနိုင်ပါ။ တချို့က အသိခေါက်ခက် အဝင်နက်ခဲ့၍ သူများ ကြိုးဆွဲရုပ်ဘဝမှာ ကနေဆဲဖြစ်သည်။ လက်ညှိုးထောင် ခေါင်းညိတ်ဆိုသည့်ဘဝက မလွတ်နိုင်ဘဲ ဖြစ်နေသည်။ အသိတရား ကင်းမဲ့သွားလျှင် လူ့ဘောင်အကျိုးကို သယ်ပိုးနိုင်သည့် အရည်အချင်းပါ မဲ့သွားနိုင်သည်။ စာပေက လူ့အရိုင်းကို အယဉ်ဖြစ်အောင် လမ်းပြနိုင် သလို၊ ယုံကြည်ချက်၊ ခံယူချက် လွဲမှားနေသူကိုလည်း လမ်းကြောင်းမှန် ပေါ်ရောက်အောင် ဆွဲတင်ပေးနိုင်သည့် စွမ်းအားရှိသည်။

ပြည်သူတွေ စာဖတ်လာစေရန် ဖွင့်လှစ်ပြီး စာကြည့်တိုက်များ ရှင်သန်ခိုင်မာအောင် (ဝါ) ရေရှည်တည်တံ့ခိုင်မြဲအောင် ကြိုးပမ်းဆောင်ရွက် သွားရမည် ဖြစ်သည်။

လုပ်ငန်းတစ်ခု အောင်မြင်ရန်အတွက် နိုင်ငံတော်ကိုသာ အားထား နေ၍မရ။ ပြည်သူများကလည်း စိတ်ပါလက်ပါ စေတနာရှိရှိ အားသွန် ကြိုးပမ်းဆောင်ရွက်ပါမှ အချိန်မီပြီးစီး အောင်မြင်နိုင်မည် ဖြစ်သည်။

သို့ဖြစ်၍ အပြောနှင့်မဟုတ်၊ လက်တွေ့လုပ်ဆောင်ကြဖို့ ကျေးရွာ၊ ရပ်ကွက် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ အမြဲတမ်း ရှင်သန် ခိုင်မာနေစေရန် စာကြည့်တိုက်များ ရှင်သန်ခိုင်မာရေး လမ်းညွှန်ချက် (၅)ရပ်နှင့်အညီ ကြိုးကြိုးစားစား လုပ်ဆောင်သွားကြရန် ရေးသား တင်ပြလိုက်ရပါသည်။ ။

ရန်ကုန်မြို့ မြောက်ဥက္ကလာပ အထွေထွေရောဂါကုနှင့် သင်ကြားရေး ဆေးရုံကြီးတွင် တက်ရောက်ဆေးကုသမှုခံယူနေသော ကလေးလူနာများ အသုံးပြုရန်အတွက် MO Asia Co., Ltd. Dumex မှ ကျပ်သိန်းနှစ်ဆယ်တန်ဖိုးရှိ Dumex အာဟာရနို့မှုန့်ကို မတ် ၂၉ ရက်က လာရောက် လှူဒါန်းရာ ဆေးရုံအုပ်ကြီး ဒေါက်တာ ဦးမြသောင်းက လက်ခံယူစဉ်။ (က–ပ)

မြောင်းမြမြို့နယ်အသင်း ဆွမ်းဆန်စိမ်းလောင်းလှူမည်

ရန်ကုန် မတ် ၃၀

မြောင်းမြမြို့နယ်တွင် နှစ်စဉ် ကျင်းပသော မြို့နယ်လုံးကျွတ် သံဃာ့ဒါန ဆွမ်းဆန်စိမ်းနှင့် ပဒေသာပင် လောင်းလှူပူဇော်ပွဲကို မြန်မာနှစ်ဆန်း တစ်ရက် ဧပြီ ၁၇ ရက် (အင်္ဂါနေ့) ညနေပိုင်းတွင် ကျင်းပမည်ဖြစ်သည်။

လှူဒါန်းနိုင်

မြောင်းမြမြို့နယ်အသင်း(ရန်ကုန်)က ရန်ကုန်မြို့ရောက် မြောင်းမြမြို့နယ်သူ မြို့နယ်သားများအား ယခင်နှစ်များကဲ့သို့ ပဒေသာပင် တစ်ပင်လျှင် ငွေကျပ် ငါးထောင် နှုန်းဖြင့် လှူဒါန်းနိုင်ရန် အသင်းမှစီစဉ်ထားသည်။ မြောင်းမြမြို့သို့ သွားရောက်ရေးကို မိမိတို့အစီအစဉ်ဖြင့် သွားရောက် ရန်နှင့် ပဒေသာပင် လှူဒါန်းလိုသူများသည် ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ဝင်းကြည် (ငြိမ်း) ဖုန်း–၅၇၃၀၇၄၊ ဒုတိယဥက္ကဋ္ဌများဖြစ်ကြသည့် ဦးမျိုးကြည် ဖုန်း–၀၉–၅၁၂၃၇၂၃၊ ၅၇၈၆၃၈၊ ဦးသန့်ဇင် ဖုန်း–၀၉–၉၉–၇၂၅၇၃၊ ၀၁–၂၂၅၃၇၅၊ ဒုတိယ ဗိုလ်မှူးကြီးသက်စိုး(ငြိမ်း) ဖုန်း–၇၀၇၅၇၄၊ အတွင်းရေးမှူးများအဖွဲ့ ဖုန်း – ၃၈၉၂၆၅၊ ၂၉၁၃၇၉၊ ၂၅၁၃၂၃ နှင့် ဘဏ္ဍာရေးမှူး ဒေါ်သန်းမြင့် ဖုန်း–၅၂၆၁၆၈ တို့သို့ (ဧပြီ ၁၀ ရက်) အင်္ဂါနေ့ နောက်ဆုံး ထား၍ စာရင်းနှင့် အလှူငွေများ ပေးပို့ လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က–ပ)**

နယ်လှည့်စာကြည့်တိုက်ဖွင့် အလှူရှင်များက ငွေနှင့်စာအုပ်များလှူဒါန်း

ရန်ကုန် မတ် ၃၀

ဒဂုံမြို့သစ် (အရှေ့ပိုင်း)မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲ၊ နယ်လှည့် စာကြည့်တိုက်ဖွင့်ပွဲနှင့် စာကြည့်တိုက် ဖွံ့ဖြိုးတိုးတက်ရေး ဟောပြော ဆွေးနွေးပွဲအခမ်းအနားကို (၁–၂) ရပ်ကွက် ရောင်ခြည်သစ် ကိုယ့်အား ကိုယ်ကိုး စာကြည့်တိုက်တွင် မတ် ၇ ရက်က ကျင်းပရာ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဦးတင့်ကျော်လွင်၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ယဉ်ယဉ်သွယ်၊ မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း တွဲဖက်အတွင်းရေးမှူး ဦးလှမျိုး ရပ်ကွက်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးနိုင်ဝင်းနှင့် စာကြည့်တိုက်ဥက္ကဋ္ဌ ဦးသိန်းငွေတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ **(အောက်ပုံ)**

လှူဒါန်း

ယင်းနောက် အလှူရှင် ခြောက်ဦးတို့က ရပ်ကွက် စာကြည့်တိုက်အတွက် အလှူငွေကျပ် ၅၅၀၀၀နှင့်စာအုပ်များ လှူဒါန်းကြသည်။ **(မြို့နယ် ပြန်/ဆက်)**

ဆရာတော်ဦးရေဝတ(ဝါးခယ်မ) တရားပွဲ

ရန်ကုန် မတ် ၃၀

ရန်ကုန်တိုင်း ဗဟန်းမြို့နယ် အလယ်ရွှေဂုံတိုင် လိပ်ပြာကန်တိုက် ကြာနီကန်ကျောင်း၏ ဦးစီးပဓာနနာယက နိုင်ငံကျော် ဓမ္မကထိက ကြာနီကန် ဦးရေဝတ(ဝါးခယ်မ)ဆရာတော်သည် ဧပြီ၂၅ရက်တွင် ကျောက်တန်းမြို့ ကျိုက်ပြာသာဒ် ဘုရားဝင်း၊ ၂၆ ရက်တွင် ပဲခူးမြို့ ခိုင်းဂနိုင်းမြောက် တရားမဏ္ဍပ်၊ ၂၇ရက်တွင်မအူပင်မြို့နယ် ရွှေတောင်မော် တရားမဏ္ဍပ်၊ ၂၈ရက်တွင် ညောင်ပင်ဝိုင်းကျေးရွာ တရားမဏ္ဍပ်၊ ၂၉ရက်တွင် ဒလမြို့သစ် ကျန်စစ်သား တရားမဏ္ဍပ်၊ ၃၀ ရက်တွင် ဆရာစံမြောက် ဆင်မလိုက် တရားမဏ္ဍပ်၊ ၃၁ ရက်တွင် ဝါးခယ်မ မြို့နယ် ရွှေလောင်းမြို့ တရားမဏ္ဍပ်၊ မေ ၁ရက်တွင် တောင်ဒဂုံ(၁၀၄)ရပ်ကွက် တရားမဏ္ဍပ်၊ ၂ ရက်တွင် စံပြ ဖဆပလ တရားမဏ္ဍပ်၊ ၃ ၊ ၄၊ ၅ ရက်များတွင် ပြွန်တန်ဆာမြို့နယ် အောင်ကြီးကျေးရွာ တရားမဏ္ဍပ်၊၆ ရက်တွင် ကျောက်တန်းမြို့ ဓမ္မသိင်္ဂီဆရာတော်၏ အဂ္ဂမဟာသဒ္ဓမ္မဇောတိကပူဇော်ပွဲနှင့် ၇၊ ၈ ရက်များတွင် ဦးအောင်စိုး–ဒေါ်ချိုမိသားစု ခိုင်းဂနိုင်းမြောက်–ပဲခူး တရားမဏ္ဍပ် တို့တွင် နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ဟောကြားမည်ဖြစ်ကြောင်း သိရသည်။ **(က–ပ)**

ကမ္ဘာလုံးဆိုင်ရာ လမ်းအန္တရာယ်ကင်းရှင်းရေး ရက်သတ္တပတ်လှူဒါန်း ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီ စည်းဝေး

ရန်ကုန် မတ် ၃၀

ပထမအကြိမ် ကုလသမဂ္ဂ ကမ္ဘာလုံးဆိုင်ရာ လမ်းအန္တရာယ်ကင်းရှင်းရေး ရက်သတ္တပတ်လှုပ်ရှားမှု ဒုတိယအကြိမ် အလှူငွေပေးအပ်ပွဲ အခမ်းအနားကို ယမန်နေ့မွန်းလွဲ ၁ နာရီက ရန်ကုန်မြို့ ၅၁လမ်းရှိ ကြိုးမဲ့ကြေးနန်းနှင့် ယာဉ်ထိန်းတပ်ဖွဲ့မှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ပေးအပ်လှူဒါန်း

ရှေးဦးစွာပထမအကြိမ်ကုလသမဂ္ဂ ကမ္ဘာလုံးဆိုင်ရာ လမ်းအန္တရာယ်ကင်းရှင်းရေး ရက်သတ္တပတ်လှုပ်ရှားမှုအခမ်းအနားအတွက် အလှူရှင် ၂၇ ဦးက စုစုပေါင်းငွေကျပ်၂၂၅၀၀၀၀ကို ပေးအပ်လှူဒါန်းကြရာ ယာဉ်စည်းကမ်း ထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီ ဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ်ဒုတိယ တိုင်းမှူး ဗိုလ်မှူးကြီး ကျော်ကျော်ထွန်း **(ယာပုံ)**နှင့် ကော်မတီ ဒုတိယဥက္ကဋ္ဌ ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီ တွဲဖက်အတွင်းရေးမှူး ဦးအောင်သန်းဝင်းတို့က လက်ခံကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာများပြန်လည်ပေးအပ်ကြသည်။

ယင်းနောက် ယာဉ်စည်းကမ်း ထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီ (၁၂၂)ကြိမ်မြောက် အစည်းအဝေးကို ဆက်လက်ကျင်းပရာ ကော်မတီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးကြီးကျော်ကျော်ထွန်းက အဖွင့်အမှာ စကားပြောကြားသည်။

ထို့နောက်ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ အတွင်းရေးမှူး ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့်

ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးလှစိုးက ယခင်အစည်းအဝေး ဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ထားရှိမှု အခြေအနေကို ရှင်းလင်းတင်ပြသည်။

ဆွေးနွေး

ဆက်လက်၍ ယာဉ်စည်းကမ်း ထိန်းသိမ်းရေး ကြီးကြပ်မှု ကော်မတီ တွဲဖက်အတွင်းရေးမှူး ဒုတိယရဲမှူးကြီး အောင်နိုင်က ၂၀၀၇ခုနှစ် ဖေဖော်ဝါရီနှင့် မတ် ၂၇ ရက်အတွင်း ယာဉ်စည်းကမ်း ထိန်းသိမ်းရေး လုပ်ငန်းဆောင်ရွက်ချက်များကိုရှင်းလင်းတင်ပြဆွေးနွေးသည်။

ထို့နောက် ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီဝင်များက လုပ်ငန်းဆောင်ရွက်ချက်များကို အကြံပြုဆွေးနွေးကြပြီး ဒုတိယတိုင်းမှူး ဗိုလ်မှူးကြီးကျော်ကျော်ထွန်းက နိဂုံးချုပ်အမှာစကား ပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

ကဝဆရာတော်အရှင်ဝဏ္ဏိတသရ တရားပွဲများ

ရန်ကုန် မတ် ၃၀

ရန်ကုန်တိုင်း လှိုင်မြို့နယ် အမှတ်(၅)ရပ်ကွက် ဓမ္မရက္ခိတ ဖြူးမဟာစည် သာသနာ့ရိပ်သာ ဖြူးဆရာတော်၏ တပည့် ကဝအရှင်ဝဏ္ဏိတသရ(ဓမ္မာစရိယ) ကမ္မဋ္ဌာနာစရိယ ဖြူးမဟာစည်နယ်လှည့်ဓမ္မကထိက အရှင်သူမြတ်သည် မတ်၃၁ ရက်၌ ကဝမြို့နယ်ကံလှကျေးရွာ၊ ဧပြီ၁ ရက်ညတွင် ကဝမြို့နယ် အောင်ဆုပန် အလှူပွဲ၊ ဧပြီ ၂ ရက်ညတွင် လှိုင်သာယာမြို့နယ် (၆) ရပ်ကွက် ကျန်စစ်သားအိမ်ရာ ဘုရားလမ်း မာရ်အောင်ဓမ္မာရုံ၊ ဧပြီ ၇ ရက်တွင် ခရမ်းမြို့၊ ဧပြီ ၈ရက်နှင့် ၉ရက်တို့တွင် ဧရာဝတီတိုင်း ကျုံပျော်မြို့နယ် ကျီးအိုင်အုပ်စု အုန်းတောစု တိုင်းလုံးချမ်းသာ စေတီတော်မြတ်ကြီး ဗုဒ္ဓပူဇနိယပွဲတော်၊ ဧပြီ ၁၀ ရက်ညတွင် ခရမ်းမြို့နယ် အုတ်ဖိုကျေးရွာ၊ ရဟန်းခံရှင်ပြု အလှူအကြို ဓမ္မသဘင်တို့တွင် ညစဉ် ၇ နာရီမှစ၍ ဟောကြားမည်ဖြစ်ပြီး ဧပြီ ၁၃ရက်မှ ၁၇ ရက်အထိ (ငါးရက်တိုင်တိုင် လှိုင်သာယာမြို့နယ် အမှတ်(၆) ရပ်ကွက် ကျန်စစ်သားအိမ်ရာ ဘုရားလမ်း မာရ်အောင်ဓမ္မာရုံတွင် နေ့စဉ် နံနက်၉ နာရီမှ ၁၁ နာရီအထိ၊ ဓမ္မရက္ခိတ ဖြူးမဟာစည် သာသနာ့ရိပ်သာ နွေရာသီ သင်္ကြန် ၁၀ ရက် တရားစခန်းတို့တွင် မဟာသတိပဋ္ဌာန် ဝိပဿနာ တရားတော်များ ဟောကြားမည်ဖြစ်ကြောင်း သိရသည်။ **(က-ပ)**

နွေရာသီအားကစားသင်တန်းများအတွက် အားကစားပစ္စည်းများ ပေးအပ်

နေပြည်တော် မတ် ၃၀

မြန်မာနိုင်ငံအိုလံပစ်ကော်မတီ ဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်သည် ယမန်နေ့ နံနက်၇နာရီခွဲက နေပြည်တော် အမှတ်(၅) အခြေခံပညာ အထက်တန်းကျောင်း၊ အမှတ်(၆) အခြေခံပညာအထက်တန်းကျောင်း၊ အမှတ်(၃)အခြေခံပညာ အလယ်တန်းကျောင်းနှင့် အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်းများ၌ကျင်းပသည့် ၂၀၀၇ခုနှစ် နွေရာသီ အားကစားသင်တန်းများအတွက် အားကစားပစ္စည်းများပေးအပ်ပွဲ အခမ်းအနားများသို့ တက်ရောက် အမှာစကားပြောကြားပြီး အားကစားပစ္စည်းများ ပေးအပ်ရာ သက်ဆိုင်ရာ ကျောင်းအုပ်ဆရာကြီးများက လက်ခံကြသည်။ **(အပေါ်ပုံ)**

တက်ရောက်

အဆိုပါ နေပြည်တော်ရှိ အခြေခံပညာကျောင်း(၄)ကျောင်း၌ နွေရာသီ အားကစားသင်တန်းများအဖြစ် ဘောလုံး၊ဘော်လီဘော၊ ပိုက်ကျော်ခြင်း၊ အေရိုးဗစ်၊ မြန်မာ့သိုင်း၊ ကရာတေးဒို၊ တိုက်ကွမ်ဒိုစသည့် အားကစားနည်းများကို သက်ဆိုင်ရာ အားကစားအဖွဲ့ချုပ်များမှ ကျွမ်းကျင်သူ နည်းပြများဖြင့် ဧပြီ ၁၀ရက်ထိ ဖွင့်လှစ်သွားမည်ဖြစ်ပြီး သင်တန်းသား သင်တန်းသူ ၁၁၆၅ ဦး တက်ရောက်လျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကိုးနဝင်းရှစ်မျက်နှာဆုတောင်းပြည့်စေတီ စိန်ဖူးတော်၊ ရွှေထီးတော်တင်လှူ

စစ်ကိုင်းတိုင်း ရေဦးမြို့ ချမ်းသာကြီးပရိယတ္တိ တက္ကသိုလ်ကျောင်းတိုက် တောင်ဘက်ရေကန်ကြီးအလယ် ကုန်းတော်ပေါ်တွင် အသစ်တည်ထားသော ဖိနပ်တော် ၁၄တောင် ဉာဏ်တော် ၁၈တောင်ရှိ ကိုးနဝင်းရှစ်မျက်နှာ ဆုတောင်းပြည့် စေတီတော်မြတ်ကြီးအား စိန်ဖူးတော်နှင့် ရွှေထီးတော် တင်လှူပူဇော်ပွဲ၊ အနေကဇာတင်ပွဲနှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲကို မတ် ၂၆ ရက်က ကျင်းပသည်။

ကိုးနဝင်းရှစ်မျက်နှာ ဆုတောင်းပြည့်စေတီတော်ကြီးအား ကုသိုလ်ရှင်များက ငွေကျပ်၄၅သိန်း အကုန်အကျခံ၍ တည်ထားပူဇော်ကြသည်။

မြန်မာ့အလင်း ပြည်တွင်းသတင်း အတိုအထွာ

မဟာသန္တိသုခ ယဉ်ကျေးလိမ္မာ အင်္ဂလိပ်-မြန်မာ သင်တန်းဖွင့်မည်

မဟာသန္တိသုခ ဗုဒ္ဓသာသနာပြုကျောင်းတော်ကြီး၏ သင်တန်းမှူးဆရာတော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တဇနိတ(မဟာဝိဇ္ဇာ မာဂတတက္ကသိုလ်) ကိုယ်တိုင်ဦးစီးပို့ချမည့် တတိယအကြိမ်မြောက် ယဉ်ကျေးလိမ္မာနွေရာသီ အင်္ဂလိပ်-မြန်မာအထူးသင်တန်းကို လာမည့် ဧပြီ ၂ရက် တနင်္လာနေ့ နံနက် ၇နာရီခွဲတွင် ကျောင်းတော်ကြီး သင်တန်းခန်းမဆောင်၌ စတင်ဖွင့်လှစ်မည်ဖြစ်ရာ စာရင်းပေးသွင်းထားသူများ တက်ရောက်ကြရန် နှိုးဆော်ထားသည်။

ဝိပဿနာ စေတီတော်ကြီးအတွက် အလှူတော်ငွေပေးအပ်ပွဲ

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်သံဃမဟာနာယကဆရာတော်ကြီးများ အုတ်မြစ်တော်စီ ပေးခဲ့ပြီး မြန်မာ့ဂုဏ်ဆောင် ကမ္ဘာ့ဗုဒ္ဓဝိပဿနာတရားပြဆရာကြီး မဟာသဒ္ဓမ္မဇောတိကဓဇ ဦးဂိုအင်ကာ ဦးဆောင်၍ အိန္ဒိယနိုင်ငံ၊ မွမ်ဘိုင်းမြို့တွင် တည်ဆောက်လျက်ရှိသော ကမ္ဘာ၏ အဋ္ဌမမြောက် အံ့ချီးဖွယ်ဖြစ်လာမည့် ရွှေတိဂုံစေတီတော်ကြီးနှင့် ပုံတော်တူ ကမ္ဘာ့ဝိပဿနာ လိုဏ်ဂူစေတီတော်ကြီးအတွက် အဋ္ဌမအကြိမ် အလှူတော်ငွေပေးအပ်ပွဲကို ဧပြီ ၈ရက် (တနင်္ဂနွေနေ့) နံနက် ၉နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် ငါးထပ်ကြီးဘုရားလမ်း ဓမ္မဇောတိဝိပဿနာရိပ်သာ၌ ကျင်းပမည်ဖြစ်ရာ အလှူရှင်များ တက်ရောက်ကြပါရန် ဖိတ်ကြားနှိုးဆော်ထားသည်။

စာကြည့်တိုက်များ တည်တံ့ရေးဆွေးနွေး

မန္တလေးတိုင်း မိတ္ထီလာခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ ကျေးရွာစာကြည့်တိုက်များ ရေရှည်တည်တံ့ခိုင်မြဲရေးနှင့် အလုပ်ရုံ ဆွေးနွေးပွဲကို မတ် ၁၁ ရက် နံနက် ၉ နာရီက ကဖြူကျေးရွာအုပ်စု သပြေပင်ကျေးရွာစာကြည့်တိုက်တွင်ကျင်းပရာ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်ဦးစီးအရာရှိ ဦးမောင်မောင်အုန်းက ကဖြူနှင့်ညောင်ကားယားကျေးရွာတို့တွင် စာကြည့်တိုက် အဆောက်အအုံတည်ဆောက်နိုင်ရေး၊ စာအုပ်စာစောင်၊ ပရိဘောဂများရရှိရေး၊ ငွေပဒေသာပင်များရရှိရေး၊ ဖွင့်လှစ်ပြီးဖြစ်သည့် သပြေပင်နှင့် မင်းတဲကုန်း၊ တလင်းကုန်းကျေးရွာ စာကြည့်တိုက်များရေရှည်တည်တံ့ခိုင်မြဲရေးတို့ကို ဆွေးနွေးခဲ့သည်။

စစ်ကိုင်းတိုင်း ကျေးရွာစာကြည့်တိုက်များသို့ အလှူငွေနှင့် စာအုပ်များလှူဒါန်း

စစ်ကိုင်းတိုင်းအတွင်းရှိ ကျေးရွာ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များသို့ ကမ္ဘာလှည့်လက္ခဏာ ဆရာကြီးဦးစံတင်အောင်က စာအုပ်နှင့်အလှူငွေများပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို မတ် ၁၅ရက်နံနက်က ရွှေဘိုမြို့ ရန်ကြီးအောင်ခန်းမ၌ ကျင်းပရာ အလှူရှင် လက္ခဏာဆရာကြီး ဦးစံတင်အောင်၊ ခရိုင်အတွင်းရေးမှူး ဦးတင်မြင့်၊ ခရိုင်နှင့် မြို့နယ်ဌာနဆိုင်ရာတာဝန်ရှိသူများ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ တိုင်း၊ ခရိုင်၊ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ ကြက်ခြေနီနှင့် မီးသတ်တပ်ဖွဲ့ဝင်များ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

မြင်းမူမြို့၌ ကြက်ငှက်တုပ်ကွေးပညာပေး

ကြက်ငှက်တုပ်ကွေးရောဂါ ကာကွယ်တားဆီးရေးပညာပေးဟောပြောပွဲကို မတ် ၁၅ရက် မွန်းလွဲ၁နာရီက မြင်းမူမြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံး ရွှေပြည်သစ် ခန်းမ၌ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးကျော်သောင်းက အမှာစကားပြောကြားပြီး မွေးမြူရေးနှင့်ကုသရေး ဦးစီးဌာန ဦးစီးမှူး ဒေါက်တာဝင်းအောင်က ကြက်ငှက်တုပ်ကွေး ကာကွယ်တားဆီးရေး၊ ရှောင်ရန်၊ ဆောင်ရန် ပညာပေးပြောကြားပြီး တက်ရောက်လာကြသူများက သိလိုသည်များကို ဆွေးနွေးမေးမြန်းကြရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းပြောကြားကြသည်။

မုံရွာပညာရေးကောလိပ် ဒီပလိုမာလက်မှတ်ပေးအပ်

စစ်ကိုင်းတိုင်း မုံရွာပညာရေး ကောလိပ် နဝမအကြိမ်မြောက် ဆရာအတတ်ပညာဒီပလိုမာ လက်မှတ်ပေးအပ်ပွဲနှင့် အလုပ်ခန့်အပ်လွှာပေးအပ်ပွဲကို မတ် ၁၀ ရက် နံနက် ၈ နာရီခွဲက ကျင်းပရာ စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူးကိုယ်စား စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်(၁) ရဲမှူးကြီးမြင့်ဝေ တက်ရောက်၍ သင်တန်းသားများအား ဩဝါဒအမှာ စကားပြောကြားပြီး ကျောင်းအုပ်ကြီးက သင်တန်းဆင်း မောင်မယ်များအား ဒီပလိုမာလက်မှတ်များ အပ်နှင်းသည်။

လုပ်ခွင်ကြိုဆရာအတတ်ပညာ ဒီပလိုမာလက်မှတ်ကို လုပ်ခွင်ကြို ဆရာအတတ်ပညာဒီပလိုမာသင်တန်း အမှတ်စဉ် (၉/၀၄)မှ သင်တန်းသား သင်တန်းသူ ၃၀၀ အား ပေးအပ်သည်။ ၎င်းတို့အနက် လုပ်ငန်းခွင်သို့ ၂၅၈ ဦးဝင်ရောက်ပြီး ၄၂ ဦးမှာ ပညာရေးတက္ကသိုလ်သို့ ဆက်လက် ပညာသင်ကြားကြကြောင်း သိရသည်။

မူလသစ္စာဒီပက ဝိပဿနာအဖွဲ့ချုပ် တရားစခန်းဖွင့်မည်

ဗဟန်းမြို့နယ် ကြားတောရလမ်း အမှတ် (၁၅)ရှိ တိပိဋကဓမ္မရက္ခိတ ဗိမာန်တော်ကြီးတွင် မူလသစ္စာဒီပက ဝိပဿနာအဖွဲ့ချုပ်၏ (၆၅)ကြိမ်မြောက် မဟာသင်္ကြန် ခုနစ်ရက် တရားစခန်းကို ဧပြီ ၁၂ရက်မှ ၁၈ရက်အထိ ကျင်းပမည် ဖြစ်သည်။ အဖွဲ့ချုပ်၏ အာဒိကမ္မိက ကမ္မဋ္ဌာနာစရိယမူလဓမ္မာစရိယ ဆရာကြီး ဦးကြည်၏ ဥပနိဿယမူအတိုင်း ဓမ္မာနုပဿနာ သတိပဋ္ဌာန်တရားကို ဓမ္မကထိက ဘဒ္ဒန္တဝိဇ္ဇာလင်္ကာရ၊ ဦးခင်မောင်ရီ၊ ဦးမောင်အုန်း၊ ဦးသိန်းဆွေ (ရန်ကုန်)နှင့် ဦးခင်မောင်လွင်တို့က ဟောကြားပြသမည်ဖြစ်သည်။ တရားစခန်းဝင်လိုသူ ယောဂီများ ဧပြီ ၁၁ရက် ညနေ ၅နာရီ အရောက်လာကြရန်နှင့် အရဏ်ဆွမ်း၊ နေ့ဆွမ်း လှူဒါန်းလိုသူများနှင့်တရားစခန်းဝင်လိုသူများ ဥက္ကဋ္ဌဦးမြသောင်း ဖုန်း -၂၉၂၀၅၀၊ ဓမ္မကထိက ဦးခင်မောင်ရီ ဖုန်း-၅၇၇၄၉၄၊ ဒုတိယဥက္ကဋ္ဌ ဦးညွှန့်လှိုင် ဖုန်း- ၅၄၆၈၃၈၊ အတွင်းရေးမှူး ဦးမောင်မောင် ဖုန်း-၀၉ ၉၉၂၇၃၈၁နှင့် ဘဏ္ဍာရေးမှူးဦးစိုးလွင် ဖုန်း- ၅၇၂၄၈၆ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

ကချင်ပြည်နယ်ဆင်ဘိုမြို့တွင် အစုလိုက်ဝက်သက်ကာကွယ်ဆေးထိုးနှံ

အစုလိုက် ဝက်သက်ရောဂါကာကွယ်ဆေးထိုးနှံခြင်း အခမ်းအနားကို ကချင်ပြည်နယ် ဆင်ဘိုမြို့ ပြည်သူ့ဆေးရုံတွင် မတ် ၁၇ ရက်က ကျင်းပရာ အုပ်ချုပ်ရေးမှူးက အမှာစကားပြောကြားပြီး မြို့နယ်ဆရာဝန်က အစုလိုက် ဝက်သက်ရောဂါ ကာကွယ်ဆေးထိုး အစီအစဉ်ကို ရှင်းလင်း ပြောကြားကာ အသက် (ကိုး)လမှ (ငါး)နှစ်အောက် ကလေးငယ်များကို ဝက်သက်ကာကွယ်ဆေး ထိုးနှံပေးသည်။ အဆိုပါ အစုလိုက် ဝက် သက် ရော ဂါ ကာ ကွယ် ဆေး ထိုး အစီအစဉ်ကို ဆင်ဘိုမြို့အတွင်း မတ် ၁၇ ရက်မှ ၃၀ ရက် အ ထိ ဆောင်ရွက် ခဲ့ ကြောင်း သိ ရ သည်။

မင်းတပ် စည်ပင်သာယာအဖွဲ့ မြို့သာယာလှပရေးဆောင်ရွက်

ချင်းပြည်နယ် မင်းတပ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ တာဝန်ခံ အင်ဂျင်နီယာ ဦးဆွေးအုပ်နှင့် ဝန်ထမ်းများသည် မင်းတပ်မြို့နယ်သာယာလှပရေးအတွက် မတ် ၂၁ရက်က ခေါ်နူးမသုမိ လမ်းဘေးဝဲယာတစ်လျှောက်၌ ပန်းအလှပင်မျိုးစုံ မြေချစိုက်ပျိုးကြရာ အမှုဆောင်အရာရှိ ဦးအောင်ဆွေ ကြီးကြပ်ဆောင်ရွက်ပေးခဲ့သည်။

ခိုးယူခံရသည့်ပစ္စည်းများ ပိုင်ရှင်ထံပေးအပ်၊ ရဲတပ်ဖွဲ့ဝင်များဂုဏ်ပြုပွဲ ဝိုင်းမော်၌ကျင်းပ

ဝိုင်းမော်မြို့နယ် ရပ်ကွက်၊ ကျေးရွာများမှ ပျောက်ဆုံးခိုးယူခံရသည့်ရွှေ၊ ဆိုင်ကယ်နှင့်အခြားပစ္စည်းများအား ပြည်သူနှင့်မြန်မာနိုင်ငံရဲတပ်ဖွဲ့တို့ ပူးပေါင်းဖော်ထုတ်နိုင်သဖြင့် ပြန်လည်ရရှိသည့် ပစ္စည်းများအား ပိုင်ရှင်များထံ ပြန်လည်ပေးအပ်ခြင်းနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များအား ဂုဏ်ပြုပွဲအခမ်းအနားကို မတ် ၁၆ရက် မွန်းလွဲ၁နာရီက ဝိုင်းမော်မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ဆမားခန်းမတွင် ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်ခေတ္တဥက္ကဋ္ဌ ဒုတိယရဲမှူး သောင်းဖေက အမှာစကားပြောကြားပြီး ခိုးယူခံရသည့်ပစ္စည်းများအား ပိုင်ရှင်များထံသို့ ဒုတိယရဲအုပ်အောင်မြသန်းက ပြန်လည်ပေးအပ်ကာ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များအား ဂုဏ်ပြုဆုငွေကျပ်နှစ်သိန်းကို ပစ္စည်းပိုင်ရှင်များကိုယ်စား ဒေါ်နန်းမြွေက ပေးအပ်ခဲ့ကြောင်းသိရသည်။

ကမ္ဘာ့တစ်လွှား အားကစား

ကမ္ဘာ့လက်ဝှေ့ ဟိုင်းဆင်ဟိုလီဖီး၏ တစ်ကျော့ပြန်ခရီး

ကယ်လီဖိုးနီးယား မတ် ၃၀

ကမ္ဘာပေါ်တွင် ဟဲဗီးဝိတ် လက်ဝှေ့ချန်ပီယံဆုကို ငါးကြိမ်မြောက်ရယူနိုင်သူအဖြစ် အပြင်းအထန် ကြိုးစားနေသူမှာ ကမ္ဘာကျော်လက်ဝှေ့သမားကြီး အီဗင်ဒါဟိုလီဖီးပင် ဖြစ်သည်။



တစ်ကျော့ပြန် လက်ဝှေ့သမား

ကမ္ဘာ့လက်ဝှေ့လောကသို့ တစ်ကျော့ပြန်လာသော ဟဲဗီးဝိတ်ချန်ပီယံဟောင်း အီဗင်ဒါ ဟိုလီဖီး။

(ဓာတ်ပုံ-အင်တာနက်)

ဟိုလီဖီးသည် ၁၉၆၂ခုနှစ် အောက်တိုဘာ ၁၉ရက်က အမေရိကန်နိုင်ငံ အလာဘာမားပြည်နယ် အက်မိုရေးမြို့၌ မွေးဖွားခဲ့သူဖြစ်ရာ ယခုအခါ အသက် ၄၄နှစ်ပြည့်ခဲ့ပြီဖြစ်သည်။ ၁၉၈၄ခုနှစ်က အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားပြည်နယ် လော့စ်အိန်ဂျလိစ်မြို့၌ ကျင်းပခဲ့သည့် နွေရာသီအိုလံပစ်ပြိုင်ပွဲ၌ အငယ်တန်း လက်ဝှေ့ပြိုင်ပွဲတွင် ကြေးတံဆိပ်စတင်ရရှိခဲ့သည်မှစ၍ လက်ဝှေ့လောကကို စိုးမိုးလာခဲ့သူ တစ်ဦးဖြစ်သည်။

ကြေးတံဆိပ်ရရှိခဲ့

ဟိုလီဖီးအနေဖြင့် လက်ဝှေ့ကို အသက်ရှစ်နှစ်အရွယ်မှ စတင်ထိုးသတ်ခဲ့ပြီး ထိုစဉ်က အမေရိကန်နိုင်ငံတွင် ကျင်းပခဲ့သည့် ဘွိုင်းစ်ကလပ် လက်ဝှေ့အကောင်းဆုံးဆုကို ရရှိခဲ့သည်။ ထို့နောက် အသက် ၁၁ နှစ်ကျော်မှာပင် နွေရာသီ အိုလံပစ်ပြိုင်ပွဲ အငယ်တန်းလက်ဝှေ့ပွဲ၌ ကြေးတံဆိပ်ရရှိခဲ့ခြင်း ဖြစ်သည်။

ထင်ရှား

ထိုသို့ငယ်ငယ်ရွယ်ရွယ်ဖြင့်လက်ဝှေ့ဆုတံဆိပ်များ ရရှိခဲ့သော ဟိုလီဖီးသည် အသက် ၁၆နှစ်အရွယ်မှာပင် ဂျူနီယာဝဲလ်တာဝိတ်တန်းနှင့် ဥရောပအရှေ့တောင်ပိုင်းဒေသဆိုင်ရာ အကောင်းဆုံးလက်ဝှေ့သမားဆုကို တစ်နှစ်အတွင်း ရရှိခဲ့ပြန်သည်။ ဟိုလီဖီး၏ လက်ဝှေ့စွမ်းရည်သည်ထင်ရှား ကျော်ကြားခဲ့လေသည်။

လွှမ်းမိုးခဲ့

အောင်မြင်မှု ဆက်တိုက်ရရှိလာသော ဟိုလီဖီးသည် အသက် ၁၉နှစ်အရွယ်တွင် ဗင်နီဇွဲလားနိုင်ငံ ကာရာကတ်မြို့၌ ကျင်းပသည့် အမေရိကအားကစားပြိုင်ပွဲ ခရုဇာဝဲလ်တာဝိတ်တန်းလက်ဝှေ့ပွဲ၌ ငွေတံဆိပ် ရရှိခဲ့ပြန်သည်။ ထို့နောက် ၁၉၈၄ခုနှစ် နိုဝင်ဘာ ၁၁ရက် မက်ဒီ ဆင်စကွဲယား ဥယျာဉ်၌ ခရုဇာဝိတ်တန်း လက်ဝှေ့ပွဲတွင် ပြိုင်ဘက် လီယွန်နယ်ဘယမ်ကို ခြောက်ချီ၌ အလဲထိုးအနိုင်ယူပြီး ကမ္ဘာ့ခရုဇာဝိတ်တန်း လက်ဝှေ့ချန်ပီယံဖြစ်လာခဲ့သည်။

ထိုနှစ်က လက်ဝှေ့ခြောက်ပွဲ ထိုးသတ်ခဲ့ရာ ခြောက်ပွဲစလုံး အနိုင်ရရှိခဲ့သဖြင့် ကမ္ဘာ့လက်ဝှေ့ လောက၌ ဟိုလီဖီးနာမည်ဖြင့် လွှမ်းမိုးခဲ့လေသည်။

အနိုင်ယူ

၁၉၈၆ ခုနှစ်တွင် ဟိုလီဖီးသည် ကမ္ဘာ့ခရုဇာဝိတ်တန်း ချန်ပီယံဟောင်းတစ်ဦးဖြစ်ပြီး စိန်ခေါ်သူ ချီဆန်ဒါမူတီအား သုံးချီတွင် အလဲထိုးကာ အနိုင်ယူခဲ့သလို စိန်ခေါ်သူ နောက်တစ်ဦးဖြစ်သည့် ကာဝီကိုလည်း ပွဲချီအပြည့်ထိုးကာ အနိုင်ယူလိုက်နိုင်ခဲ့သည်။

၁၉၈၇ခုနှစ်တွင် မိုက်တိုင်ဆန်သည် ဒဗလူဘီစီ၊ ၁၉၈၇ခုနှစ် ဩဂုတ် ၁ရက်၌ ဒဗလျူဘီအေနှင့် ဒဗလျူဘီစီ၊ ထို့အပြင် ၁၉၉၀ ပြည့်နှစ်တွင် အိုင်ဘီအက်ဖ်၊ ဒဗလျူ ဘီအေနှင့်ဒဗလျူဘီစီ ဟဲဗီးဝိတ်ချန်ပီယံဖြစ်လာခဲ့ပြီး မိုက်တိုင်ဆန် နာမည်ကြီးလာချိန် ဖြစ်သည်။

ရယူသွား

သို့သော် ၁၉၉၀ပြည့်နှစ် ဖေဖော်ဝါရီ ၁၀ရက်၌ ဂျိမ်းဘူစတာဒေါက်ကလပ်က မိုက်တိုင်ဆန်ကို၁၀ချီထိုးပြီး ချန်ပီယံဆုများ သိမ်းကျုံးယူသွားခဲ့သည်။

၁၉၉၀ပြည့်နှစ် အောက်တိုဘာ ၂၅ရက်တွင် ဒေါက်ကလပ်ကို စိန်ခေါ်ကာ ဟိုလီဖီးက ထိုးသတ်ခဲ့ရာ သုံးချီ၌ပင် အလဲထိုးအနိုင်ယူခဲ့သည်။ ထိုပွဲတွင် ဟိုလီဖီးက ဒေါက်ကလပ်၏ ဘယ်ညာ ဝိုက်လက်သီးများ၊ ထောက်လက်သီးနှင့် ဖြတ်လက်သီးများကိုလှလှပပရှောင်တိမ်းရင်း ဖြောင့်လက်သီးများဖြင့် ထိထိမိမိ ထိုးသတ်နိုင်ခဲ့သဖြင့် ပွဲချိန်းသည်းနည်းဖြင့် ပွဲသိမ်းနိုင်ခဲ့ခြင်း ဖြစ်သည်။ ဟိုလီဖီးသည် ကမ္ဘာ့လက်ဝှေ့ လောက၌ ပြိုင်ဘက်မရှိ ချန်ပီယံဖြစ်လာခဲ့သော်လည်း ၁၉၉၂ ခုနှစ်၌စိန်ခေါ်သူရစ်ဒစ်ဘိုဝီကဟိုလီဖီးကို အနိုင်ထိုးသတ်ကာ ဟိုလီဖီးထံမှအိုင်ဘီအက်ဖ်၊ ဒဗလျူဘီစီနှင့် ဒဗလျူဘီအေ ချန်ပီယံဆုခါးပတ်များကို ရယူသွားခဲ့ပြန်သည်။

လွှဲပေးခဲ့

ဟိုလီဖီးသည် လက်ဝှေ့လေ့ကျင့်မှုများ ပြန်လည်ပြုလုပ်ရင်း ၁၉၉၃ခုနှစ် နိုဝင်ဘာ၆ရက်၌ ရစ်ဒစ်ဘိုဝီကို စိန်ခေါ်ကာ ထိုးသတ်ပြီး အိုင်ဘီအက်ဖ်နှင့် ဒဗလျူဘီအေ ချန်ပီယံခါးပတ်များကို ပြန်ရယူနိုင်ခဲ့သည်။ သို့သော်လည်း ၁၉၉၄ခုနှစ် ဧပြီ ၂၂ရက် ၌ စိန်ခေါ်သူ မိုက်ကယ်မိုရာနှင့်ထိုးသတ်ပွဲတွင်ရှုံးနိမ့်ခဲ့ရပြန်သဖြင့် ဟိုလီဖီး၏ ချန်ပီယံ ခါးပတ်များ လွှဲပေးခဲ့ရပြန်သည်။

ပြန်ဖြစ်လာ

ထို့နောက် ၁၉၉၆ခုနှစ်၌ ဒဗလျူဘီအေ ဟဲဗီးဝိတ်ချန်ပီယံ မိုက်တိုင်ဆန်ကို စိန်ခေါ်ထိုးသတ်ပြီးချန်ပီယံ ပြန်ဖြစ်လာသလို ၁၉၉၇ ခုနှစ် နိုဝင်ဘာလတွင် အိုင်ဘီအက်ဖ်နှင့် ဒဗလျူဘီအေ ချန်ပီယံ ပြန်ဖြစ်လာခဲ့သည်။

ကမ္ဘာ့လက်ဝှေ့ လောကမှ ၁၉၉၇ ခုနှစ်မှစတင်ကာ နှလုံးရောဂါကြောင့် အနားယူခဲ့ရသော ဟိုလီဖီးသည် ယခုအခါ လက်ဝှေ့လောကသို့ ငါးကြိမ်မြောက် ကမ္ဘာ့ဟဲဗီးဝိတ်ချန်ပီယံဆု ရယူရန် ပြန်လည် ကြိုးစားလေ့ကျင့်လျက်ရှိသည်။

စောင့်ကြည့်ရမည်

ကမ္ဘာပေါ်တွင် ဟဲဗီးဝိတ်ချန်ပီယံသရဖူကို ကမ္ဘာကျော်လက်ဝှေ့သမားကြီးအလီက သုံးကြိမ်ရယူခဲ့ဖူးသည်။ ယခု ဟိုလီဖီးက လေးကြိမ်မြောက်ရယူထားခဲ့ပြီး ငါးကြိမ်မြောက် ရယူရန် ကြိုးစားလေ့ကျင့်နေပြီဖြစ်ရာ တကယ်တမ်းလက်တွေ့၌ ဖြစ်နိုင်မဖြစ်နိုင်မှုမှာ ကမ္ဘာ့လက်ဝှေ့ ဟိုင်းဆင်ဖြစ်သော ဟိုလီဖီး၏ လက်ဝှေ့စွမ်းရည်ကိုသာ စောင့်ကြည့်ရမည်ဖြစ်ပါကြောင်း။ ။

(ကိုးကား-အင်တာနက်)

ကိုးကားတင်ပြသူ
မောင်မောင်မြင့်ဆွေ

အင်တာနက် အားကစားသတင်း အတိုအထွာ

✻ မီယာမီမြို့တွင် ကျင်းပလျက်ရှိသော ဆိုနီအီရစ်ဆင်တင်းနစ်ပြိုင်ပွဲ နောက်ဆုံးဗိုလ်လုပွဲအဖြစ် ကမ္ဘာ့နံပါတ်တစ်အမျိုးသမီးတင်းနစ်မယ် ဂျက်စတိန်းဟီနင်နှင့် ဆီရီနာဝီလျံတို့ မတ် ၃၁ ရက် (**ယနေ့**)၌ ယှဉ်ပြိုင်ကစားကြမည် ဖြစ်သည်။

✻ **အီတလီနိုင်ငံတွင် လာမည့်ဧပြီ ၇ရက်၌ ကျင်းပမည့် အမျိုးသမီး မီတာ ၁၀၀၀၀မာရသွန်အပြေးပြိုင်ပွဲ၌ ဗြိတိန်အပြေးမယ် မိုဖာရက် ဒဏ်ရာကြောင့် ပါဝင်ယှဉ်ပြိုင်နိုင်မည်မဟုတ်ကြောင်း သတင်းထုတ်ပြန်သည်။**

✻ စပိန်နိုင်ငံ မာလော့ကာမြို့တွင် မတ် ၂၉ ရက်က ကျင်းပသည့် နိုင်ငံတကာ ဖိတ်ခေါ်စက်ဘီးစီးပြိုင်ပွဲ၌ ဗြိတိန်အိုလံပစ်စက်ဘီးစီး ချန်ပီယံ ဘရက်လေဝီဂင်က ပထမရရှိသွားကြောင်း သိရသည်။

✻ **ယူအီးအက်ဖ်အေက ဥရောပရှိ ပြည်တွင်းလိဂ်ဖလားဆွတ်ခူးသည့် အသင်းများနှင့် ချန်ပီယံလိဂ်နေရာရ အသင်းတို့အကြား ယှဉ်ပြိုင်စေခြင်းဖြင့် ဖလားပေးရန် စီစဉ်လျက်ရှိကြောင်း သိရသည်။**

✻ ချာလ်တန်အသင်း ကွင်းလယ်ကစားသမား အင်ဒရီရိဒ်သည် ဒဏ်ရာရထား၍ ပါဝင်မကစားနိုင်သော်လည်း ၎င်းအသင်းကို လာမည့် ပွဲစဉ်များတွင် တန်းဆင်းဇုန်မှ လွတ်မြောက်ရေးအတွက် ကြိုးစားသွားမည်ဖြစ်ကြောင်း ချာလ်တန်အသင်းက ပြောကြားလိုက်သည်။

✻ **ရှက်ဖီးအသင်းသည် ၂၀၀၆ခုနှစ် ဒုတိယခြောက်လအတွင်း အမြတ်ငွေပေါင် ၂ဒသမ ၆သန်းရှိခဲ့ကြောင်း အသင်းက ကြေညာလိုက်သည်။**

✻ အာဆင်နယ်အသင်းသည် ယခုနှစ်ရာသီတွင် ဖလားတစ်လုံးမျှ ရရှိအောင် မစွမ်းဆောင်နိုင်ခဲ့ခြင်းမှာ မိမိ၏ မှားယွင်းသောဆုံးဖြတ်ချက်ကြောင့်သာဖြစ်ကြောင်း နည်းပြ ဝင်းဂါးက ဝန်ခံပြောကြားလိုက်သည်။

✻ **အမေရိကန်မှ ရေကူးချန်ပီယံ မိုက်ကယ်ဖီးလ်သည် မဲလ်ဘုန်း၌ ကျင်းပသော အမျိုးသား မီတာ ၂၀၀စွယ်စုံ ကူးပြိုင်ပွဲတွင် ၁၄ ဒသမ ၉၈စက္ကန့်ဖြင့် အနိုင်ရဗိုလ်စွဲခဲ့သဖြင့် ၎င်းသည် ယင်းကမ္ဘာ့ရေကူးချန်ပီယံ ပြိုင်ပွဲတွင် စတုတ္ထမြောက်ဆုအဖြစ် ဆွတ်ခူးလိုက်နိုင်သည်။**

(အင်တာနက်)

ရီးရဲမက်ဒရစ်တွင် အမြဲတမ်းကစားလို အာဆင်နယ်မှ အငှားလာကစားသည့် ရေးယက်စ်ပြောကြား

လန်ဒန် မတ် ၃၀

ရီးရဲမက်ဒရစ်ရောက် အာဆင်နယ်တိုက်စစ်မှူး ဂျို့စ်အင်တိုနီယိုရေးယက်စ်က ၎င်းအနေဖြင့် အာဆင်နယ်က ရီးရဲမက်ဒရစ်သို့ ကာလရှည် အငှားချထားရာမှ အမြဲတမ်း ရီးရဲမက်ဒရစ်ကစားသမားဖြစ်လိုကြောင်း ပြောကြားလိုက်သည်။

ရီးရဲမက်ဒရစ်ရောက် အာဆင်နယ် တိုက်စစ်မှူး ဂျို့စ်အင်တိုနီယိုရေးယက်စ်။

(ဓာတ်ပုံ-အင်တာနက်)

လဲလှယ်

အသက် ၂၃နှစ်ရှိ ရေးယက်စ်အား ပြီးခဲ့သော နွေရာသီက ဘာတစ္စတာနှင့် အတူ ရီးရဲမက်ဒရစ်က လဲလှယ်ခဲ့ခြင်း ဖြစ်သည်။

လေ့ကျင့်နေပြီ

မိမိသည် မိမိအသင်းကို သစ္စာရှိကြောင်း သို့သော်လည်း ရီးရဲမက်ဒရစ်၌သာ ကစားရန်ဆန္ဒရှိကြောင်း၊ ရီးရဲမက်ဒရစ်၌သာနေသွားရန် မျှော်လင့်ကြောင်း ရေးယက်စ်က ပြောကြားသည်။ သို့သော်လည်း ရေးယက်စ်သည် ယခုနှစ်ရာသီတွင် ရီးရဲမက်ဒရစ်၌ ဒဏ်ရာများရခဲ့သဖြင့် အစပွဲ ၁၄ပွဲသာ ပါဝင်ကစားခဲ့ကြောင်း၊ ရရှိထားသော ဒူးခေါင်းဒဏ်ရာမှာလည်း ပြန်ကောင်းလာပြီဖြစ်၍ ပါဝင်ကစားရန်လေ့ကျင့်နေပြီဖြစ်ကြောင်း သိရသည်။

(အင်တာနက်)

စုစည်းတင်ပြသူ
မြင့်မောင်စိုး

မက်ကလာရင်ကို အက်ဖ်အေထောက်ခံ

လန်ဒန် မတ် ၃၀

အင်္ဂလန်ဘောလုံးအသင်း နည်းပြ မက်ကလာရင်။

(ဓာတ်ပုံ-အင်တာနက်)

အင်္ဂလန်ဘောလုံးအသင်း နည်းပြ မက်ကလာရင်၏ ကြိုးပမ်းဆောင်ရွက်မှုများကို အင်္ဂလန်ဘောလုံးအဖွဲ့ချုပ် (အက်ဖ်အေ)က ထောက်ခံကြောင်း ပြောကြားလိုက်သည်။

ယူရို ၂၀၀၈ ခြေစစ်ပွဲအဖြစ် အစ္စရေးနှင့် ဂိုးမရှိ သရေပွဲဖြစ်ခဲ့ရပြီးနောက် အင်္ဂလန်အသင်းနည်းပြအဖြစ်မှ နုတ်ထွက်ရန် ပရိသတ်များက တောင်းဆိုခဲ့ကြသော်လည်း အင်ဒိုရာကို သုံးဂိုးပြတ်အနိုင်ရရှိခဲ့ပြီးနောက်ပိုင်း မက်ကလာရင်၏ ဆောင်ရွက်ချက်များကို အက်ဖ်အေက ထောက်ခံခဲ့ခြင်းဖြစ်သည်။ မက်ကလာရင်သည် အလုပ်ကို ကြိုးစားသူတစ်ဦး ဖြစ်ကြောင်း၊ အင်္ဂလန်အသင်း အောင်မြင်မှုရအောင် စွမ်းဆောင်နိုင်သူတစ်ဦးဖြစ်ကြောင်း အက်ဖ်အေအကြီးအကဲ ဘရင်းဘာဝစ်က ပြောကြားခဲ့သည်။ လာမည့်ဇွန်လတွင် ယူရို ၂၀၀၈ခြေစစ်ပွဲအောင်မြင်မည့် အသင်းအဖြစ် အင်္ဂလန်အသင်းကို မက်ကလာရင် စွမ်းဆောင်ပေးနိုင်မည်ဟု ယုံကြည်ကြောင်းလည်း ၎င်းကဆက်လက်ပြောကြားသည်။ **(အင်တာနက်)**

ဗလင်စီယာတိုက်စစ်မှူး မိုရီယံတေးစ် ချယ်လ်ဆီးနှင့်ကစားမည့် ချန်ပီယံ လိဂ်ပွဲများ လွဲမည်

မက်ဒရစ် မတ် ၃၀

ဗလင်စီယာတိုက်စစ်မှူး ဖာနန်ဒို မိုရီယံတေးစ်သည် ချယ်လ်ဆီးအသင်းနှင့် ချန်ပီယံလိဂ် ကွားတားဖိုင်နယ်ပွဲ ကစားမည့်နှစ်ပွဲစလုံးတွင် ညာဘက်ပခုံး ဒဏ်ရာရထားသဖြင့် ပြိုင်ပွဲနှင့်လွဲမည်ဖြစ်သည်။ လီဗာပူးကစားသမားဟောင်း မိုရီယံတေးစ်သည် စပိန်အသင်းက အိုင်စလန်အသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရလိုက်သည့် ယူရိုခြေစစ်ပွဲတွင် ၎င်းဒဏ်ရာ ရရှိခဲ့ခြင်းဖြစ်သည်။

တိုက်စစ်မှူး မိုရီယံတေးစ်သည် ယင်းဒဏ်ရာရထားမှုကြောင့် လေးပတ်အနားယူရမည်ဖြစ်ကြောင်း အသင်းဆရာဝန်က ပြောကြားသည်။ ဗလင်စီယာအသင်းသည် လာမည့်ဧပြီ၄ရက် (ဗုဒ္ဓဟူး)နေ့တွင် ချယ်လ်ဆီး၏ စတမ်းဖို့ဒ်ဘရစ်ကွင်းသို့ လာရောက်ကစားရမည်ဖြစ်သည်။ ယင်းပွဲကစားပြီး ခြောက်ရက်အကြာ စပိန်နိုင်ငံသို့ ချယ်လ်ဆီးက ဒုတိယအကျော့အဖြစ် သွားရောက်ကစားရမည်ဖြစ်သည်။

(အင်တာနက်)

စိန်ရတုမွေးနေ့မင်္ဂလာဆုတောင်း
(၃၁–၃–၂၀၀၇)

ချစ်ဖေဖေ **ဦးဖေသိန်း** (Chairman & M.D) "UPT" Electrical & Electronics Manufacturing Co.op Soceity Ltd. ၏ ၃၁–၃–၂၀၀၇ရက်တွင် ကျရောက်သော (၇၅)နှစ်ပြည့် မွေးနေ့မှသည် နှစ် ၁၂၀တိုင် ချစ်သောဇနီး၊ သားသမီး၊ မြေးများနှင့်အတူ ကျန်းမာပျော်ရွှင်ချမ်းမြေ့စွာဖြင့် လုပ်ငန်းဆောင်တာများ တိုးတက်အောင်မြင်ပြီး ဘဝခရီးမှာအောင်မြင်စွာ လျှောက်လှမ်းနိုင်ပါစေကြောင်း ဆုမွန်တောင်းလျက်–

ချစ်ဇနီး – **ဒေါ်စမ်းစမ်းမြင့် (လျှပ်စစ်စာပေ)**
ချစ်သမီး – **မအေးအေးစမ်း (General Manager UPT)–ကိုအောင်ဝင်း (အာကာလျှပ်စစ်ပစ္စည်းရောင်းဝယ်ရေး)**
ချစ်သား – **ကိုအောင်မော်သိန်း (General Manager UPT)–မကြူကြူသင်း**
ချစ်သမီး – **မကြည်ကြည်စမ်း–ကိုစံလင်း (ဒေါ်လှလှ ဆီစက်)**
ချစ်သမီး – **မအေးအေးမြင့်–ကိုဦးမြင့် (U M & A M လျှပ်စစ်ပစ္စည်းရောင်းဝယ်ရေး)**
ချစ်သမီး – **မချိုချိုစန်း–ကိုဆင်ရမ်**
ချစ်မြေးများ – **အဲမွန်၊ မွန်ထော၊ မေထော၊**
– **နိုနို၊ မိုမို**
– **ဘူးဘူး၊ ပြေမောင်၊ ပြေအောင်**
– **တေဇာ၊ ဘာဘူ၊ ဖိုးသား**
– **ဝမ်ဝမ်၊ ယမ်ယမ်**

စိန်ရတုမွေးနေ့မင်္ဂလာဆုတောင်း

ကျေးဇူးရှင်ဆရာ **ဦးဖေသိန်း**၏ ၃၁–၃–၂၀၀၇ရက်တွင်ကျရောက်သော မွေးနေ့မှသည် နှစ်၁၂၀တိုင် ကျန်းမာပျော်ရွှင်စွာဖြင့် လုပ်ငန်းများ တိုးတက်အောင်မြင်ပါစေကြောင်း ဆုမွန်ကောင်း တောင်းလိုက်ပါသည်။

ချစ်တပည့်ဝန်ထမ်းများ–(ဦးဖေသိန်း–လျှပ်စစ်)ရွှေပေါက်ကံစက်မှုဇုန် မြောက်ဥက္ကလာပ။



ကျေးဇူးဆပ်ပါမည်

ဦးသူရိယ၏ နိုင်ငံကူးလက်မှတ် အမှတ်–၅၆၄၈၁၀၀သည် အမှတ် ၅၆ ကားပေါ်တွင် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက ပြန်လည်ပေးပို့ပါရန်။ **ဖုန်း–၅၄၅၄၁၅။**

မိဘအမည်မှန်

အလက(၅)၊ မြောက်ဥက္ကလာ Grade-9 (C) မှ မောင်ရဲမြတ်ဇော် ကျောင်းဝင်အမှတ်(၁၃၃/၀၃)၏ မိဘအမည်မှန်မှာ ဦးဝင်းနိုင်–ဒေါ်သန်းဌေး ဖြစ်ပါသည်။

ခြံနှင့်အိမ်ရောင်းမည်

၉မိုင်၊ ဝိဇ္ဇာလမ်း၊ မြေ ပေ ၇၀ x ပေ ၁၂၀ အပေါ် အိမ် ပေ ၅၀ x ပေ ၅၀ တစ်ထပ်တိုက် (RC) ရေမီးစုံ၊ ဖုန်း၊ ညှိနှိုင်းဈေး **ဖုန်း–၀၉–၅၁၇၆၃၂၈။**





အောင်စကြာအရှင်စန္ဒသိရီ တရားဟောကြားမည်

ရန်ကုန် မတ် ၃၀

ရန်ကုန်တိုင်း သာကေတမြို့နယ် အောင်စကြာ မိုးကုတ်ရိပ်သာကြီး၏ ပြည်တွင်းပြည်ပ သာသနာပြုနယ်လှည့်ဓမ္မကထိက အောင်စကြာ အရှင်စန္ဒသိရီ(ဓမ္မာစရိယ)သည် ဧပြီ၈ရက်တွင် လှိုင်မြို့နယ်(၁၆)ရပ်ကွက် မလွန်ဆန် လှူအသင်းထောက် ဓမ္မသဘင်၊ ၉ရပ်ကွက်တွင် သုဝဏ္ဏမြို့ စစ်ကိုင်းစာသင်တိုက် ကိုမျိုးဝင်း–မစိုးဥမ္မာမိသားစု ရှင်ပြုရဟန်းခံ အလှူပွဲဓမ္မသဘင်၊ ၁၀ရက်တွင် တောင်ဒဂုံ(၁၉)ရပ်ကွက် ရှင်ပြုရဟန်းခံ အလှူပွဲ ဓမ္မသဘင်၊ ၁၃ရက်မွန်းလွဲတွင် သာကေတမြို့နယ် (၇)ရပ်ကွက် ဝီရိယာဓိက ဓမ္မာရုံဓမ္မသဘင်၊ ညပိုင်းတွင် သာကေတမြို့နယ် (၅)ရပ်ကွက် သီဟိ ၃လမ်း ဓမ္မသဘင်၊ ၁၄ရက် မွန်းလွဲတွင် သာကေတမြို့နယ် (၇)ရပ်ကွက် ဝီရိယာဓိကဓမ္မာရုံ ဓမ္မသဘင်၊ ၁၅ရက်မွန်းလွဲတွင် သာကေတမြို့နယ် ဇိနမာရ်အောင်ဘုရား ဝိမုတ္တိရသ ဓမ္မဗိမာန်ဓမ္မသဘင်၊ ညပိုင်းတွင် ကမာရွတ် ဘူတာရုံလမ်း ဧယျဝတီစာသင်တိုက် ဓမ္မသဘင်၊ ၁၆ရက်တွင် ဧယျဝတီ စာသင်တိုက် ဓမ္မသဘင်၊ ၁၇ရက် မွန်းလွဲတွင် သာကေတမြို့နယ် ဇိနမာရ်အောင်ဘုရား ဝိမုတ္တိရသဓမ္မဗိမာန် ဓမ္မသဘင်တို့၌ သစ္စာလေးပါးတရားတော်များ ဟောကြားမည်ဟု သိရသည်။ **(က–ပ)**

ယနေ့ မီးဘေးကြိုတင်ကာကွယ်ရေးသည် မနက်ဖြန် မီးဘေးလုံခြုံရေး ဖြစ်သည်

ရေယာဉ်များဖြတ်သန်းသွားလာခြင်းမပြုရန်သတိပေး

ရန်ကုန် မတ် ၃၀

မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့်ရေနံရှာဖွေတူးဖော်ရေးလုပ်ငန်းများတွင် အကျိုးတူပူးပေါင်း ဆောင်ရွက်လျက်ရှိသော ပက်ထရိုနာ(စ်)ချာတီကာရီ မြန်မာ့ရေနံကုမ္ပဏီသည် တနင်္သာရီ ကမ်းလွန်လုပ်ကွက် အမှတ် M (12), M (13) နှင့် M (15)တို့တွင် 2D Seismic Survey တိုင်းတာရေးလုပ်ငန်းများကို တိုင်းတာရေး ရေယာဉ် MV Pacific Sword ဖြင့် ဧပြီ၄ရက်မှ မေ၂၀ရက်ခန့်အထိ ဆောင်ရွက်သွားမည်ဖြစ်သည်။

လုပ်ကွက်

2D Seismic Survey တိုင်းတာရေးလုပ်ငန်းများ ဆောင်ရွက်မည့် ဧရိယာတည်နေရာများတွင် လုပ်ကွက်အမှတ် M (13)၌ Point A မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၀၀မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၅၂မိနစ်၊ Point B မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၀၀မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၇ ဒီဂရီ ၂၈မိနစ်၊ Point C မြောက်လတ္တီတွဒ် ၁၃ဒီဂရီ ၀၀မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၇ဒီဂရီ၂၈မိနစ်၊ Point D မြောက်လတ္တီတွဒ် ၁၃ ဒီဂရီ ၀၀မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၆ဒီဂရီ ၅၂မိနစ်၊ လုပ်ကွက်အမှတ် M (12) တွင် Point E မြောက်လတ္တီတွဒ် ၁၃ဒီဂရီ ၃၀မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၆ဒီဂရီ၁၅မိနစ်၊ Point F မြောက်လတ္တီတွဒ် ၁၃ ဒီဂရီ၃၀မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၆ဒီဂရီ ၅၂မိနစ်၊ Point G မြောက်လတ္တီတွဒ် ၁၃ဒီဂရီ၀၀မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၆ဒီဂရီ၅၂ မိနစ်၊ Point H မြောက်လတ္တီတွဒ် ၁၃ဒီဂရီ ၀၀မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၁၅မိနစ်၊ လုပ်ကွက်အမှတ် M (15) တွင် Point I မြောက်လတ္တီတွဒ် ၁၂ဒီဂရီ၁၉မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ၁၉မိနစ်၊ Point J မြောက်လတ္တီတွဒ် ၁၂ဒီဂရီ ၁၉မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၈ဒီဂရီ၀၀မိနစ်၊ PointK မြောက်လတ္တီတွဒ် ၁၁ဒီဂရီ၄၀မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၈ဒီဂရီ ၀၀မိနစ်၊ PointL မြောက်လတ္တီတွဒ် ၁၁ ဒီဂရီ ၄၀မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၁၉မိနစ်အတွင်းတွင် ဖြစ်သည်။

အသိပေး

တနင်္သာရီကမ်းလွန် လုပ်ကွက်အမှတ် M(12), M (13) နှင့် M (15) တို့တွင် တိုင်းတာရေးရေယာဉ် MV Pacific Sword ဖြင့် 2D Seismic Survey တိုင်းတာရေးလုပ်ငန်းများ ဆောင်ရွက်နေစဉ်ကာလအတွင်း လုပ်ငန်းများနှောင့်နှေးကြန့်ကြာမှု မဖြစ်ပေါ်စေရေးအတွက် ဖော်ပြပါလုပ်ငန်းခွင်ဧရိယာမှ လေးကီလိုမီတာပတ်လည်အတွင်းကို ရေကြောင်းသတိပေးချက် (Notice to Mariner's) ထုတ်ပြန်ကြေညာထားရာ သင်္ဘောကြီး/ငယ်များ၊ ကုန်တင်စက်လှေများ၊ စက်တပ်သမ္ဗန်များနှင့် ငါးဖမ်းသင်္ဘောများ ဖြတ်သန်းသွားလာခြင်း၊ ကျောက်ချရပ်နားထားခြင်း၊ ငါးဖမ်းဆီးခြင်း၊ ငါးဖမ်းကိရိယာများချထားခြင်းများ မပြုလုပ်ကြရန် ငါးလုပ်ငန်းဦးစီးဌာနက ကြေညာထားသည်။ **(သတင်းစဉ်)**

နေပြည်တော်...

ဓနုဖြူမြို့နယ် ပိုင်စွန်နန်–သဘောသပြု ကျောက်ချောလမ်းသစ်ဖွင့်

ဓနုဖြူ မတ် ၁၀

(၆၂)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် မအူပင်ခရိုင် ဓနုဖြူမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၆–၂၀၀၇ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်ပြီးစီးခဲ့သော ပိုင်စွန်နန်–သဘောသပြု ကျောက်ချောလမ်းသစ်ဖွင့်ပွဲကို ဖေဖော်ဝါရီ ၂၃ ရက်က အဆိုပါ လမ်းဖွင့်ပွဲမှခ်ဦးရှေ့၌ ကျင်းပသည်။

ပေးအပ်

အခမ်းအနားတွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးအောင်မြင့်ဌေးက ကျောက်ချောလမ်းသစ်နှင့် ပတ်သက်သည့် အချက်အလက်များကို ရှင်းလင်းတင်ပြပြီး လမ်းဖွင့်ပွဲအထိမ်းအမှတ် အလံများကို တာဝန်ရှိသူများထံသို့ ပေးအပ်သည်။

ထို့နောက် ကျောက်ချောလမ်းသစ်ကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတင့်လွင်၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိဦးအောင်မြင့်ဌေးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး **(ဝဲပုံ)** ကျောက်ချောလမ်းသစ်ကို ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်တောင်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်နှင့် အဖွဲ့က လှည့်လည်ကြည့်ရှုကြသည်။

ထည့်ဝင်လှူဒါန်း

ထိုအဆိုပါလမ်းမှာ အကျယ် ၁၀ ပေ၊ အရှည်ပေ ၂၇၀၀ ရှိပြီး ဓနုဖြူမြို့နယ်စည်ပင်သာယာရေးအဖွဲ့က ၂၀၀၆–၂၀၀၇ ဘဏ္ဍာရေးနှစ်အတွင်း အဖွဲ့ရန်ပုံ ငွေလုံးငွေရင်းကျပ် ၈၈ ဒသမ ၃သိန်း၊ ပြည်သူများ ထည့်ဝင်လှူဒါန်းငွေကျပ် ၂၂သိန်းတို့ဖြင့် ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။ **(ဝ၈၅)**

မြို့နယ် သတင်းများ

ကျေးလက်မြေသားလမ်း

ရခိုင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူးဦးအုန်းသွင် ဖေဖော်ဝါရီ ၂၂ရက်က ရသေ့တောင်မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဖောက်လုပ်လျက်ရှိသည့် ကျေးလက်မြေသားလမ်းကို စစ်ဆေးရာ အမှုဆောင်အရာရှိ ဦးသန်းထွန်းနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးသီဟစိုးတို့က ရှင်းလင်းတင်ပြစဉ်။
(မြို့နယ်စည်ပင်)

နန်းသီတာ–ကံကောင်း ကျောက်ချောလမ်းခင်း

ညောင်ရွှေ မတ် ၁၅

ညောင်ရွှေမြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဖြစ်သည့် မြို့နှင့် ကျေးလက်ဆက်သွယ်သည့်လမ်းများခင်းခြင်း၊ တံတားများ တည်ဆောက်ခြင်း လုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ မတ် ၅ ရက်က နန်းသီတာ–ကံကောင်း ကျေးလက် ကျောက်ချောလမ်းအရှည် ပေ၂၈၅၀၊ အကျယ် ၁၀ ပေ ခင်းကျင်းနေမှုကိုအမှုဆောင်အရာရှိလက်ထောက်ညွှန်ကြားရေးမှူး ဦးမောင်တိုးနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးခင်မောင်တိုးတို့ ကွင်းဆင်းစစ်ဆေး ကြပ်မတ်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။
(နယ်စပ်/စည်ပင်)

(၆၂)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် ပျော်ဘွယ်မြို့ ရေလယ်ကွေ့(မြောက်)–ထရံကာမြေသားလမ်းသစ်ကို မတ် ၂၀ ရက်က ခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး ဦးမြင့်ထူး၊ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးသက်ထွန်းနှင့် ကျေးရွာအုပ်စုဥက္ကဋ္ဌ ဦးဝင်းအောင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ်စည်ပင်)

ကျေးရွာချင်းဆက်လမ်း ပြုပြင်ဆောင်ရွက်

စစ်ကိုင်း မတ် ၁၅

စစ်ကိုင်းတိုင်း မြို့နယ်စည်ပင်သာယာရေးအဖွဲ့က စာရေးကျေးရွာနှင့် ပဒုရွာသစ် ကျေးရွာသို့ ဆက်သွယ်သော ကျေးရွာချင်းဆက် ကျေးလက်လမ်း ပြုပြင်ဆောင်ရွက်နေမှုကို မတ် ၇ရက်က အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးဝင်းဆွေ ကြီးကြပ်ဆောင်ရွက်ပေးကြောင်း သိရသည်။
(မြို့နယ် စည်ပင်)

ကော့သောင်းခရိုင်နှင့် မြို့နယ်မိခင်/ကလေးအသင်းကြီးမှူး အရန်သားဖွား သင်တန်းဆင်းပွဲကျင်းပ

ရန်ကုန် မတ် ၃၀

တနင်္သာရီတိုင်း ကော့သောင်းခရိုင်နှင့် မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းက ကြီးမှူးဖွင့်လှစ်သည့် အရန်သားဖွားသင်တန်းဆင်းပွဲကို မတ် ၁၇ ရက်က ကော့သောင်းမြို့နယ် မိခင်နှင့်ကလေးအသင်းရုံးခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ ခရိုင်မိခင်နှင့် ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌဒေါ်တင်တင်မြ၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်လှလှဝင်း၊ ကလေးအထူးကုဆရာဝန်ဒေါက်တာမြင့်မြင့်ရီ၊ အထွေထွေရောဂါအထူးကုဆရာဝန်ဒေါက်တာမိမိချို၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ ဒေါက်တာဝင်းအောင်နှင့် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဝင်များ၊ သင်တန်းသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ခရိုင်မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက သင်တန်းဆင်း အမှာစကားပြောကြားကြပြီး သင်တန်းဆင်းလက်မှတ်များကို ပေးအပ်သည်။ **(အပေါ်ပုံ)**

သင်တန်းသို့ သင်တန်းသူ ၁၆ ဦးတက်ရောက်ခဲ့ပြီး သင်တန်းကာလမှာ စာတွေ့၊ လက်တွေ့ ခြောက်လကြာမြင့်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဆယ်အိမ်စုမှူးသင်တန်း မိတ္ထီလာမြို့၌ ဖွင့်

မိတ္ထီလာ မတ် ၁၆

မန္တလေးတိုင်း မိတ္ထီလာခရိုင် မိတ္ထီလာမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဆယ်အိမ်စုမှူးသင်တန်းဖွင့်ပွဲ အခမ်းအနားကို မတ် ၁ဝရက် နံနက် ၉နာရီခွဲက ပေါက်ချောင်းရပ်ကွက် အမှတ် (၈) အမကကျောင်းတွင် ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌဒေါ်ချိုချိုသိန်းက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်အသင်းဝင် ဒေါ်ညိုညိုသန်းက သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ဖွင့်လှစ်ပို့ချ

အဆိုပါသင်တန်းသို့ နန်းတော်ကုန်းရပ်ကွက်နှင့် အောင်ဆန်းရပ်ကွက်တို့မှ အသင်းဝင် သင်တန်းသူ ၆၀ တက်ရောက်ကြပြီး မိတ္ထီလာအထွေထွေ ရောဂါကုဆေးရုံကြီးမှ အထူးကုဆရာဝန်ကြီးများက ကျန်းမာရေးဆိုင်ရာများကို သင်ကြားပေးကြသည်။ အလားတူသင်တန်းများကို ရပ်ကွက်နှင့်ကျေးရွာများရှိ ၃၆နေရာတို့တွင် အသီးသီး ဖွင့်လှစ်ပို့ချကြကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

ဟင်္သာတမြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ ၂၀၀၆–၂၀၀၇ ဘဏ္ဍာရေးနှစ် ကျေးလက်လမ်း မိုင်တိုင် အမှတ်(၂/၆)မှ (၆/၁) အတွင်း ကျောက်ချောဖြင့် ပြုပြင်လျက်ရှိသော နိဗ္ဗာန်–အိုင်တုံ–အိုင်သပြုလမ်းကို အမှုဆောင်အရာရှိ ဦးခင်မောင်မြင့်နှင့် တာဝန်ခံအင်ဂျင်နီယာမှူး ဦးဌေးဝင်းတို့ ကြီးကြပ်ဆောင်ရွက်စဉ်။
(မြို့နယ်စည်ပင်)

အေးသာယာစက်မှုဇုန် အခြေခံမီးသတ်သင်တန်းဆင်း

တောင်ကြီး မတ် ၁၃

တောင်ကြီးမြို့နယ် အေးသာယာမြို့သစ် စက်မှုဇုန်နှင့်(၁၂)ရပ်ကွက်ရှိအရန်မီးသတ်များ၏ အခြေခံမီးသတ်သင်တန်း အမှတ်စဉ်(၁/၂၀၀၇)(လက်နက်ပါ) သင်တန်းဆင်းပွဲကို ဇန်နဝါရီ ၁၈ရက်က အေးသာယာစက်မှုဇုန်၌ ကျင်းပသည်။

အခမ်းအနားတွင် နယ်မြေခံတပ်နယ်မှ ဗိုလ်မှူး တင်မြင့်သိန်း၊ တောင်ကြီးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်စွာ၊ မြို့နယ်မီးသတ်ဦးစီးဌာနမှူး ဦးသန့်ဆွေတို့က သင်တန်းဆင်းအမှာစကား ပြောကြားကြသည်။

အဆိုပါ သင်တန်းကာလမှာ ရက်သတ္တနှစ်ပတ် ကြာမြင့်ခဲ့ပြီး သင်တန်းသား၊ သင်တန်းသူ ၁၃၀ တက်ရောက်ခဲ့ကြောင်းသိရသည်။ **(က–ပ)**

ကျောက်တန်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေးရှိ ရေမြောင်းများ အမိုက်သရိုက် ကင်းရှင်းရေးနှင့် ရေစီးရေလာကောင်းမွန်ရေးအတွက် မတ် ၂၀ရက်က ဒုတိယဦးစီးမှူးနှင့် ဈေးအဖွဲ့ဝန်ထမ်းများ၊ ဈေးအကျိုးဆောင်အဖွဲ့များနှင့် ဈေးသူဈေးသားများ စုပေါင်း၍ သန့်ရှင်းရေးဆောင်ရွက်ရာ အမှုဆောင်အရာရှိဦးဖြူညွန့် ကွင်းဆင်းကြီးကြပ် ဆောင်ရွက်ပေးစဉ်။ (မြို့နယ်စည်ပင်)

ရန်ကုန်တိုင်း တာမွေမြို့နယ် ၁၅၅လမ်း အမှတ် ၄၇နေ ဖခင်ဦးသိန်း-မိခင်ဒေါ်ရင်နု(ခ) ဒေါ်ညိုတို့အား ရည်စူး၍ ကျန်ရစ်သူသားသမီး များဖြစ်သော ကိုမြင့်လွင်၊ မမြင့်မြင့်သန်း၊ ကိုမျိုးအောင်စိုး-မညွန့်ညွန့်သိန်း၊ မညွန့်ညွန့်သန်း၊ မြေးများ မအလိမ္မာထွန်း၊ မယဉ်ယဉ်ဌေး၊ မအင်ကြင်ညို မိသားစုတို့က ဧရာဝတီတိုင်း မြန်အောင်မြို့ ပရဟိတ မြို့ရွှေကျောင်းတိုက် မြန်အောင်သမ္မုဒ္ဒေ စေတီရံတစ်ဆူအတွက် ငွေကျပ်တစ်သိန်းနှင့် စေတီရံများ ရာသက်ပန် ရွှေသင်္ကန်း ထာဝရပဒေသာပင် တစ်ပင်အတွက် အလှူငွေကျပ် တစ်သိန်း လှူဒါန်းရာ သာသနာပြုဆရာတော်က ဂုဏ်ပြုလွှာပြန်လည်ချီးမြှင့်တော်မူစဉ်။ (က-ပ)

ရာစုမှူးများ တာဝန်ပေးအပ်

လယ်ဝေး မတ် ၂၀

ပျဉ်းမနားခရိုင် လယ်ဝေးမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ရာစုမှူးများ တာဝန်ပေးအပ်ပွဲနှင့် အသင်းဝင်များတွေ့ဆုံပွဲကို မတ် ၁၃ရက် ညနေ ၃ နာရီက ဝက္ကမူကျေးရွာ ဘုန်းတော်ကြီးကျောင်းတွင် ကျင်းပသည်။

အခမ်းအနားသို့ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးတင်ရွှေနှင့် ခရိုင်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးခင်မောင်ဌေးတို့က အမှာစကားပြောကြားကြပြီး ခရိုင်အလုပ်အမှုဆောင် ဦးဇော်အောင်က ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းကိစ္စရပ်များကိုလည်းကောင်း၊ ခရိုင်အလုပ်အမှုဆောင် ဦးရဲဝင်းအောင်က ရာစုမှူးများ တာဝန်ပေးအပ်ခြင်းကိုလည်းကောင်း ရှင်းလင်းပြောကြားကြပြီး ရာစုမှူးများ တာဝန်ပေးအပ်လွှာများကို မြို့နယ်အသင်းအတွင်းရေးမှူး နယ်မြေတာဝန်ခံ ဦးသိန်းတိုးက ကျေးရွာအုပ်စု စည်းရုံးရေးမှူး ဦးကိုကိုအား ပေးအပ်သည်။ (၃၃၃)

မန္တလေးဒေသ ဗုဒ္ဓဂယာ မြေမြတ်မဟာတွင် ဆောက်လုပ်နေဆဲဖြစ်သည့် အိန္ဒိယနိုင်ငံဆိုင်ရာ ပညာသင် မြန်မာရဟန်းတော်များ၏ အဖွဲ့ပိုင်သုံးထပ်ကျောင်းတော်ကြီး (ဗုဒ္ဓဘာသာပညာရေး ဗိမာန်တော်ကြီး) အတွက် ရန်ကုန်မြို့ တောင်ဥက္ကလာပ မြို့နယ် ဓီဇဝါကွန်ဒိုတိုက်(၁) သံသုမာလမ်း အခန်း ၂၀၁နေ ကျောင်းအလှူရှင် ဦးကိုကို (၄၄)နှစ်ပြည့်မွေးနေ့အဖြစ် အမေရိကန်ဒေါ်လာ ၁၀၀ ကို အကျိုးတော်ဆောင် ဆရာတော် အထွေထွေအတွင်းရေးမှူး အရှင်ဥက္ကဋ္ဌ(မြစ်ကျိုး)၏ ရှေ့မှောက်တွင် ကျောင်းတော်ကြီးဖြစ်မြောက်ရေး အကျိုးတော်ဆောင် ပြန်ကြားရေးမှူး ဒေါက်တာယဉ်မင်းဦး(ခ) ဒေါက်တာနိုက်တင်ဂေးလ်သို့ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

အမျိုးသားပတ်ဝန်းကျင် သန့်ရှင်းရေးရက်သတ္တပတ်လှုပ်ရှား သန့်လေးသန့်ဟောပြော၊ လက်တွေ့သရုပ်ပြသ

တောင်ကြီး မတ် ၂၀

ရှမ်းပြည်နယ်(တောင်ပိုင်း)တွင် အမျိုးသားပတ်ဝန်းကျင်သန့်ရှင်းရေး ရက်သတ္တပတ်လှုပ်ရှားမှု လုပ်ငန်းများကို မတ် ၁ ရက်က စတင်လှုပ်ရှား ဆောင်ရွက်လျက်ရှိရာ တောင်ကြီးမြို့ပေါ်ရှိ ရပ်ကွက်ပေါင်း ၂၀တွင် လူမှုရေးအသင်းအဖွဲ့များ၊ ရပ်ကွက်ပြည်သူများနှင့် ကျေးရွာပြည်သူများက စုပေါင်းပါဝင် လှုပ်ရှားကြသည်။

တောင်ကြီးမြို့နယ် ထိသိမ်ရွှေး အခြေခံပညာ အလယ်တန်း မူလွန်ကျောင်းခန်းမ၌ မတ် ၁၁ရက်နံနက် ၉နာရီခွဲက ပတ်ဝန်းကျင်သန့်ရှင်းရေး အသိပညာပေး ဟောပြောပွဲကို ကျင်းပရာ တောင်ကြီးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်စွာက အမှာစကားပြောကြားပြီး ပြည်နယ်ကျန်းမာရေးဦးစီးဌာန ကျန်းမာရေးပညာဌာန လက်ထောက်ကျန်းမာပညာအရာရှိ ဒေါ်အေးအေးမြင့်က ပတ်ဝန်းကျင်သန့်ရှင်းရေး သန့်လေးသန့်နှင့် ပတ်သက်၍ ပညာပေးဟောပြောသည်။

ဖြန့်ဝေ

အခမ်းအနားတွင် ခရိုင်မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်နန်းရှန်ခမ်းနှင့် မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ကေသီမော်တို့က ယင်လုံအိမ်သာခွက်များကို ပန်းတင်ကျေးရွာအုပ်စု ဥက္ကဋ္ဌ ဦးခွန်ညွန့်ဝေထံသို့ ပေးအပ်ပြီး ကျန်းမာရေးဦးစီးဌာနက လက်ကမ်း စာစောင်များနှင့် ပညာပေးပိုစတာများ ဖြန့်ဝေပေးကြသည်။

သရုပ်ပြ

ထို့နောက် ယင်လုံအိမ်သာ ဆောက်လုပ်အသုံးပြုခြင်းနှင့် ပတ်သက်၍ ကျန်းမာရေးဦးစီးဌာန ဝန်ထမ်းများနှင့် မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ကေသီမော်နှင့်အဖွဲ့ဝင်များက သရုပ်ပြသ ရှင်းလင်းကြပြီး လက်ဆေးခြင်း အဆင့်ခုနစ်မျိုးနှင့်ပတ်သက်၍ ဆက်လက်သရုပ်ပြ ရှင်းလင်းကြသည်။ (မြို့နယ် ပြန်/ဆက်)

အမျိုးသမီးငယ်များ လွဲမှားအယူမရှိရေး ပညာပေး အသေးစား မတည်ရင်းနှီးငွေ ပေးအပ်

ပြင်ဦးလွင် မတ် ၂၀

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၏ အသေးစားမတည်ရင်းနှီးငွေ ပေးအပ်ပွဲကို မတ် ၁၀ရက်က ပြင်ဦးလွင်မြို့နယ် ပြင်စာကျေးရွာ အခြေခံပညာ အလယ်တန်းကျောင်း၌ ကျင်းပသည်။

ပေးအပ်ပွဲသို့ ပြင်ဦးလွင်မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ရီရီဝင်းနှင့်အဖွဲ့ဝင်များ၊ ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ပြင်စာ၊ ညောင်ဘော၊ ပေပင်၊ ၂၁မိုင်ကျေးရွာများမှ အမျိုးသမီးရေးရာ အဖွဲ့ဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းဝင်များ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် ကြက်ခြေနီတပ်ဖွဲ့ဝင်များ တက်ရောက်ကြသည်။

ရည်ရွယ်ချက်

ပေးအပ်ပွဲတွင် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ရီရီဝင်းက အမျိုးသမီးရေးရာအဖွဲ့၏ ဆောင်ရွက်ရမည့် လုပ်ငန်းရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး အဖွဲ့ဝင်ဒေါ်တင်တင်အုန်းက အမျိုးသမီးငယ်များ လွဲမှားသော အယူအဆမရှိစေရန် အသိပညာပေး ဟောပြောသည်။

ထုတ်ပေး

ထို့နောက် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌက စီးပွားရေးလုပ်ငန်း၌ အသုံးပြုရန် အသေးစားမတည်ရင်းနှီးငွေများကို အဖွဲ့ဝင်များအား ထုတ်ပေးခဲ့ကြောင်း သိရသည်။ (၂၈၀)

အမျိုးသမီးရေးရာအဖွဲ့ နှစ်ပတ်လည်နေ့အခမ်းအနားကျင်းပ

မင်းကင်း မတ် ၁၀

စစ်ကိုင်းတိုင်း မင်းကင်းမြို့နယ် အမျိုးသမီးရေးရာအဖွဲ့၏ ၂၀၀၆ ခုနှစ် နှစ်ပတ်လည်နေ့အခမ်းအနားကို ဖေဖော်ဝါရီ ၂၅ရက်က အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ညှိရိပ်သာ၌ ကျင်းပသည်။

အခမ်းအနားတွင် မင်းကင်းမြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်နန်းမာလာဆွေက အမျိုးသမီးရေးရာအဖွဲ့၏ ရှေ့လုပ်ငန်းစဉ်နှင့် ဦးတည်ချက်များကို ရှင်းလင်းဆွေးနွေးပြီး အမျိုးသမီးရေးရာအဖွဲ့ စီမံရေးရာနှင့် စည်းကမ်းထိန်းသိမ်းရေးတာဝန်ခံ မြို့နယ်တရားသူကြီး ဒေါ်နန်းမေယဉ်က ဥပဒေရေးရာကိစ္စရပ်များကို ဆွေးနွေးတင်ပြသည်။ **(မြို့နယ် ပြန်/ဆက်)**

သံဖြူဇရပ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဆောင်ရွက်သော ဝဲရက်ကျေးရွာ လေးလက်မ စက်ရေတွင်း တူးဖော်ခြင်းနှင့် ရေလှောင်ကန်၊ ရေသန့်ရုံ တည်ဆောက်ပြီးစီးမှုကို မတ် ၁၇ ရက်က မွန်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ဒုတိယ အင်ဂျင်နီယာမှူးကြီး ဦးတင်မောင်လွင်နှင့်အဖွဲ့ ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးတင်မောင်သန်းက ရှင်းလင်းတင်ပြစဉ်။

(မြို့နယ်စည်ပင်)

မန္တလေးတိုင်း စည်ပင်သာယာရေးအဖွဲ့ ဒုတိယ အင်ဂျင်နီယာမှူးကြီး ဦးတင်မောင်မြင့် ဖေဖော်ဝါရီ ၂၇ ရက်က မိတ္ထီလာမြို့ တည်ပင်ကုန်း-ညောင်ကုန်း-ကန်နီ ကျောက်ချောလမ်းခင်းထားမှု၊ သီတဂူကန်-ကြာကန် ကျောက်ချောလမ်းခင်းထားမှုနှင့် မြိုင်သာ-သီတဂူကန်မြေသားလမ်း ဖောက်လုပ်ထားခြင်းလုပ်ငန်းခွင်သို့ အမှုဆောင်အရာရှိ ဦးခင်မောင်ချိုနှင့်အတူ ကွင်းဆင်းစစ်ဆေးရာ အင်ဂျင်နီယာမှူး ဦးမြင့်အောင်က လုပ်ငန်းဆောင်ရွက်မှုများကို ရှင်းလင်းတင်ပြစဉ်။

(မြို့နယ်စည်ပင်)

လမ်းပန်းဆက်သွယ်မှု ကောင်းမွန်ရေး ဆောင်ရွက်

ကာမိုင်း မတ် ၁၂

ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းစဉ်(၅)ရပ်နှင့်အညီ ကချင်ပြည်နယ် ကာမိုင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့က လမ်းပန်းဆက်သွယ်မှု ကောင်းမွန်ရေးနှင့် ပြည်သူများ စိတ်ချမ်းမြေ့စွာ သွားလာနိုင်ရေးအတွက် နန့်ယားကျေးရွာအုပ်စုတွင် အုတ်စီမြောင်းကာနံရံ၊ ကွန်ကရစ်ခင်းတံတားနှစ်စင်း တည်ဆောက်ဆောင်ရွက်နေမှုကို မတ် ၆ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူး ဦးလှမျိုးထွန်းနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့တာဝန်ခံ ဦးဆန်းအောင်တို့ ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။ (၄၁၆)



ကျောက်မဲမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဗဟိုဈေးကြီးတွင် အဖွဲ့ရုံးဝန်ထမ်းများ၊ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ၊ ခရိုင်ရဲတပ်ဖွဲ့ဝင်များနှင့် ဈေးကော်မတီဝင်များဖြင့် မတ် ၁၈ ရက်က မီးဘေးလုံခြုံရေး ဇာတ်တိုက်လေ့ကျင့်နေမှုကို အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးတင်ဝင်း ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ် ပြန်/ဆက်)

မြို့နယ်သတင်းများ

ရက်ကန်းကျောင်းများ ဖွံ့ဖြိုးတိုးတက်ရေး စာတမ်းဖတ်

မန္တလေး မတ် ၁၇

သမဝါယမဝန်ကြီးဌာန အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန အမရပူရ ဆောင်းဒါးရက်ကန်းကျောင်းတွင် ရက်ကန်းကျောင်းများ ဖွံ့ဖြိုးတိုးတက်ရေး စာတမ်းဖတ်ပွဲနှင့် ဆွေးနွေးပွဲ၊ အထည်ပြပွဲကို မတ် ၈ရက် နံနက် ၉နာရီက အဆိုပါကျောင်း အစည်းအဝေးခန်းမတွင်ကျင်းပရာ အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစိန်သန်း တက်ရောက် အမှာစကား ပြောကြားသည်။

အမှာစကားပြော

ထို့နောက် ညွှန်ကြားရေးမှူးချုပ်က စာတမ်းဖတ်ပွဲ၊ ဆွေးနွေးပွဲ ဖွင့်ပွဲတွင် အမှာစကားပြောကြားပြီး မြန်မာ့ရိုးရာ ဒီဇိုင်းပညာရှင် ဦးအေးမြင့်က မြန်မာ့ရိုးရာ ဒီဇိုင်းပညာနှင့်ပတ်သက်၍ အမှာစကားပြောကြားသည်။

ဆက်လက်၍ အထည်ပြပွဲကို ညွှန်ကြားရေးမှူးချုပ်က ဖဲကြိုးဖြတ်ဖွင့်ပေးပြီး တက်ရောက်လာသူများက ကြည့်ရှု အားပေးသည်။ ပြပွဲတွင် ချည်ထည်၊ သဘာဝဆိုးဆေးအထည်၊ ပိုးထည်များ၊ ပိုးချည်မျှင်နှင့်ပြုလုပ်ထားသော အိမ်တွင်း အလှဆင် ပစ္စည်းအရောင်းပြခန်း ၁၂ဆိုင်နှင့် စာတမ်း ၁၃စောင်ကို ပြသဖတ်ကြားသည်။ (၁၆၂)

တိုင်းမှူး ဗိုလ်ချုပ်သာအေး ဖောင်းပြင်မြို့နယ် သရောင်းစံပြကျေးရွာဖွင့်ပွဲ တက်ရောက် ဟုမ္မလင်းမြို့နယ်ထမံသီ(တဒုံး)ရေအားလျှပ်စစ်စီမံကိန်း လှည့်လည်စစ်ဆေး

နေပြည်တော် မတ် ၃၀

စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်သာအေးသည် ကလေးတပ်နယ်မှ ဗိုလ်မှူးချုပ်ကျော်ဦးလွင်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ မော်လိုက်ခရိုင် ဖောင်းပြင်မြို့နယ် သရောင်းစံပြကျေးရွာဖွင့်ပွဲသို့ တက်ရောက်ရာ အစီအစဉ်အရ တိုင်းစည်ပင်သာယာရေးညွှန်ကြားရေးမှူး တိုင်းပို့ဆောင်ရေး မန်နေဂျာနှင့်ခရိုင်ဥက္ကဋ္ဌတို့က စံပြကျေးရွာဖွင့်ပွဲ အခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

စက်ခလုတ်နှိပ်

ထို့နောက် တိုင်းမှူးဗိုလ်ချုပ်သာအေးက သရောင်းစံပြကျေးရွာအဝင် မုခ်ဦးနှင့် စံပြကျေးရွာဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးသည်။

စာမျက်နှာ ၃ ကော်လံ ၃ ●

အပူချိန်

၃၀-၃-၂၀၀၇

နေပြည်တော်	၄၀	ဒီဂရီစင်တီဂရိတ်
သီပေါ၊ကသာ	၃၇	ဒီဂရီစင်တီဂရိတ်
မြစ်ကြီးနား	၃၈	ဒီဂရီစင်တီဂရိတ်
ရန်ကုန်(ကမ္ဘာအေး)	၃၈	ဒီဂရီစင်တီဂရိတ်
ကျောက်တော်	၃၉	ဒီဂရီစင်တီဂရိတ်
မုံရွာ၊ မန္တလေး၊ ပုသိမ်	၄၀	ဒီဂရီစင်တီဂရိတ်
ညောင်ဦး၊ မင်းဘူး	၄၁	ဒီဂရီစင်တီဂရိတ်

နိုင်ငံခြားရေးဝန်ကြီး ဦးညဏ်ဝင်းထံ ယူနီဒိုကိုယ်စားလှယ် ခန့်အပ်လွှာပေးအပ်

နေပြည်တော် မတ် ၃၁

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးညဏ်ဝင်းထံ ဗန်ကောက်မြို့ အခြေစိုက် မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂ စက်မှုဖွံ့ဖြိုးမှုအဖွဲ့(ယူနီဒို) ကိုယ်စားလှယ်နှင့် ဒေသဆိုင်ရာ ညွှန်ကြားရေးမှူး Mrs. Ayumi Fujino က မတ် ၃၀ ရက် မွန်းလွဲ ၂ နာရီခွဲတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး၏ ဧည့်ခန်းမသို့လာရောက်၍ ၎င်း၏ခန့်အပ်လွှာကို ပေးအပ်သည်။

အဆိုပါ ကိုယ်စားလှယ်ခန့်အပ်လွှာပေးအပ်ပွဲအခမ်းအနားသို့ နိုင်ငံခြားရေးဝန်ကြီးဌာန အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများနှင့် စီးပွားရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးလှမြင့်နှင့် စီးပွားရေးဌာန ညွှန်ကြားရေးမှူး ဦးကျော်ဝင်းတို့ တက်ရောက်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

တပ်မတော်နေ့ဂုဏ်ပြု တောင်ကြီးမြို့တွင်း ကတ္တရာလမ်းသစ်ဖွင့် တိုင်းမှူးဗိုလ်မှူးချုပ်သောင်းအေး တက်ရောက်အားပေး

နေပြည်တော် မတ် ၃၀

(၆၂)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် တောင်ကြီးမြို့တွင်း ကတ္တရာလမ်းသစ်ဖွင့်ပွဲကို မတ် ၂၁ရက် နံနက် ၈နာရီက တောင်ကြီးမြို့ ညောင်ရွှေဟော်ကုန်းရပ်ကွက် ဥဩလမ်းနှင့် ခြသေ့်လမ်းထောင့်၌ကျင်းပသည်။ အခမ်းအနားသို့ ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်သောင်းအေး၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ညောင်ရွှေဟော်ကုန်းရပ်ကွက်မှ ဒေသခံပြည်သူများ တက်ရောက်ကြသည်။

အစီအစဉ်အရ စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမောင်စိုးက ဥဩလမ်း ကတ္တရာခင်း ဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြပြီး ရပ်ကွက်ဥက္ကဋ္ဌ ညီညီနိုင်က ကျေးဇူးတင်စကား ပြောကြားသည်။

ထို့နောက် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးသောင်းစိန်က ဖွင့်ပွဲအထိမ်းအမှတ် အလံများကို တိုင်းမှူးနှင့် တက်ရောက်လာကြသူများထံ ပေးအပ်သည်။

ကြည့်ရှု

ယင်းနောက် ပြည်နယ်အတွင်းရေးမှူး ဦးခင်မောင်ကြီးနှင့် ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးသောင်းစိန်တို့က လမ်းသစ်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြပြီးနောက် တိုင်းမှူးသည် တက်ရောက်လာကြသူများနှင့်အတူ မုခ်ဦးရှေ့တွင် မှတ်တမ်းတင်ဓာတ်ပုံများရိုက်ကြပြီး လမ်းတစ်လျှောက် လှည့်လည်ကြည့်ရှုကြသည်။

အဆိုပါ ဥဩကတ္တရာလမ်းသစ်သည် အရှည်ပေ ၆၉၀၊ အကျယ် ၁၂ပေ၊ ငွေကျပ် ၃၁၃၀၀၀၀ အကုန်အကျခံကာ တောင်ကြီးမြို့ ညောင်ရွှေဟော်ကုန်းရပ်ကွက် ပြည်သူများနှင့် တောင်ကြီးမြို့နယ် စည်ပင်သာယာ

စာမျက်နှာ ၃ ကော်လံ ၆ ○

၂၀၀၇ခုနှစ် (၆၂)နှစ်မြောက် တပ်မတော်နေ့ အခမ်းအနားများ မြစ်ကြီးနား၊ လားရှိုး၊ ကျိုင်းတုံ၊ တောင်ကြီး၊ မန္တလေး၊ မော်လမြိုင်၊ တောင်ငူတို့၌ ကျင်းပ

နေပြည်တော် မတ် ၃၀

မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်၏ ၂၀၀၇ခုနှစ် (၆၂)နှစ်မြောက် တပ်မတော်နေ့စစ်ရေးပြအခမ်းအနားကို မတ် ၂၇ရက် နံနက်ပိုင်းက မြစ်ကြီးနားမြို့ တိုင်းစစ်ဌာနချုပ် တပ်နယ်စစ်ရေးပြကွင်း၌ ကျင်းပသည်။

အလေးပြု

ရှေးဦးစွာ စစ်ရေးပြတပ်ခွဲများက စစ်ရေးပြကွင်းအတွင်း သတ်မှတ်နေရာများ၌ နေရာယူကြပြီး ကချင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့်နှင့် တက်ရောက်လာကြသူများသည် နိုင်ငံတော်အလံကို အလေးပြုခြင်း၊ ကျဆုံးလေပြီးသော တပ်မတော်သားများအား အလေးပြုခြင်း၊ သစ္စာ(၄)ချက် ရွတ်ဆိုခြင်းများကို စစ်ရေးပြအစီအစဉ်များအတိုင်း ဆောင်ရွက်ကြသည်။

စာမျက်နှာ ၅ ကော်လံ ၁ ☆

မြန်မာ့အလင်း

သတင်း၊ ဆောင်းပါး အညွှန်း

ကမ္ဘာ့အရပ်အရှည်ဆုံးလူသား လက်ထပ်ပြီ

နိုင်ငံတကာသတင်း (စာ - ၄)

စာဖတ်ခြင်းအလေ့အထ တိုးပွားမြင့်တင်ကြပါစို့

စာပေဖတ်ရှုခြင်းက အသိတရားနှင့် အတွေးအခေါ်ကို ရင့်ကျက်စေနိုင်ပြီး လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်လာစေရန် အထောက်အကူပြုရာ ရောက်ပေသည်။

မြဖူး (ပြန်/ဆက်)၏ ဆောင်းပါး (စာ - ၁၀)

ကမ္ဘာ့လက်ဝှေ့ ဟိုင်းဆင်ဟိုလီဖီး၏ တစ်ကျော့ပြန်ခရီး



ကမ္ဘာတစ်လွှား အားကစား (စာ - ၁၂)

တပ်မတော်နေ့ အထိမ်းအမှတ်ပြပွဲ တပ်မတော်စစ်သမိုင်းပြတိုက်၌ ဆက်လက်ပြသ

ရန်ကုန် မတ် ၃၀

၂၀၀၇ခုနှစ် (၆၂)နှစ်မြောက် တပ်မတော်နေ့ အထိမ်းအမှတ်ပြပွဲကို ယနေ့နံနက် ၉နာရီမှ ညနေ ၅နာရီအထိ ရန်ကုန်မြို့ ရွှေတိဂုံဘုရားလမ်းရှိ တပ်မတော် စစ်သမိုင်းပြတိုက်၌ ပဉ္စမမြောက်နေ့အဖြစ် ဆက်လက်ပြသလျက်ရှိရာ ရဟန်းရှင်လူ ပြည်သူ ကျောင်းသား ကျောင်းသူများ စုစုပေါင်း ၇၂၇ ဦးလာရောက်ကြည့်ရှုလေ့လာကြသည်။ **(အပေါ်ပုံ)**

စာမျက်နှာ ၃ ကော်လံ ၅ ✻